www.burmeseclassic.com

[illegible]

# မိုးတိမ်ကြိုးနှင့် သစ်ရွက်တံတား



BURMESE CLASSIC

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

မိုးတိမ်ကြိုးနှင့် သစ်ရွက်တံတား/ ဒီနိုင်းခ၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၅။

၂၄၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မိုးတိမ်ကြိုးနှင့် သစ်ရွက်တံတား




သတိထား ...

ခြေတော်ဖဝါးကြွလာ ...

သစ်ရွက်ပါး ...


တွယ်ဆက်လို့ သီကာ ...

အိပ်မက်များ ...

နင်းဖြတ်ဖို့ခင်းထား

မိုးတိမ်ကြိုးနှင့် သစ်ရွက်တံတား ...၊

www.burmeseclassic.com





ငါ့နှလုံးသားက ကံကြမ္မာတွေကို
ရေးဖွက်ထားတဲ့ ဖဲချပ်တွေ မဟုတ်သလို
ကိုယ့်အပြီး ကိုယ်ပြန်မျိုနေမိတဲ့
မြွေတစ်ကောင်လည်း မဟုတ်ပါဘူး ...၊

အသေချာဆုံးကတော့ ...
ချစ်ခြင်းမေတ္တာရှိရာကို ညွှန်ပြနေတဲ့
သံလိုက်အိမ်မြှောင်တစ်ခုလို
ငါဟာ မင်းသွားလိုရာကို
ညွှန်ပြနေမယ့် တောင်ပါ ...၊





www.burmeseclassic.com

www.burmeseclassic.com









"ဖြန်း ..."

လက်ရဲ့အရှိန်က အားကုန်သလောက်နီးပါးပါပဲ ..၊ ကြယ်တွေ လတွေ မြင်တယ်ဆိုတာ ဒါမျိုးပြောတာ ဖြစ်မယ်။

ပထမတော့ ထူပူသွားတယ် ..၊ ပြီးတော့ မျက်လုံးတွေ ပြာဝေသွားသလို ခံစားရပါသည်။

သတိပြန်ဝင်လာချိန်မှာ လူတွေ ဝိုင်းအုံကြည့်နေကြတာရယ်..၊ ကျွန်တော့်သူငယ်ချင်းတွေရဲ့ပါးစပ်ဟောင်းလောင်းနဲ့ အံ့အားသင့်တဲ့ ပုံတွေ ..၊ အဆိုးဆုံးကတော့ နာကြည်းမုန်းတီးမှုတွေနဲ့ စိမ်းစိမ်းတောက် တောက်ကြည့်နေတဲ့ .. သူ့ရှေ့က အမျိုးသမီး .. အဲ .. သူ့ကို ပါးရိုက် လိုက်တဲ့ မိန်းမလှလေးတစ်ဦးပေါ့။ သူမနာမည်က .. မလှ ..ဖို့လို့ မိန်းမလှလို့ ပြောတာ မဟုတ်ဘူး နော် ..၊ နာနာကျင်ကျင် အရိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့ကြားထဲက ထိုအမျိုးသမီးရဲ့အလှအပကို သူ ခံစားလိုက်ရပါသည်။

"အဲဒါ မိုက်ရိုင်းလို့ .."

"ဖြန်း .."

"အဲဒါက ကိုယ်ချင်းစာစိတ် မရှိလို့ .."

နှစ်ထပ်ရိုမှ မှတ်မိအောင် နှစ်ခါပြန်များ ရိုက်နေတာလား မသိ ပါဘူး။ နောက်တစ်ခါ သုံးကြိမ်မြောက်လည်း မဖြစ်အောင် ...

"ဒါက ..."

ကျွန်တော် အဲဒီမိန်းကလေးရဲ့လက်ကောက်ဝတ်ကို လှမ်းတားဆုပ်ကိုင်လိုက်ကာ ...

"ခင်ဗျား လွန်နေပြီနော် .. ခင်ဗျား ဘယ်သူလဲ ..၊ ဘယ်ကလဲ."

"မိုးထက် .. ဟဲ့ .. လွန်ကုန်မယ် .."

"နေ .. သူနဲ့ မင်းက ဘာဖြစ်ခဲ့လို့လဲ .."

ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ ...

"ဟိုဘဝက လင်မယားပေါ့ကွာ .."

"ရှင်!... ရှင်.."



အစိမ်းစော်နံတဲ့ မျက်လုံးတွေထဲမှာ မျက်ရည်အဝဲသား ..၊ ဒါတောင် သူက အရင်ဆော်တာနော် ..။

"နေကြပါဦးဟာ .. ဘာတွေဖြစ်ကြတာလဲ .."

မြင့်သူ က သူ့ခမိန့်ပညာရှိစတိုင်နဲ့ တရားခွင်မှာ တရားစီရင်မယ့်ပုံနဲ့ပေါ့ ..၊ ခုန အစိမ်းစော်နံတဲ့မျက်လုံးနဲ့ မိန်းကလေးက ပန်းရောင်စာအိတ်ကို ထုတ်ကာ ...

"ဒီကိစ္စလေ .."

အေးမင်းဇော် က အူကြောင်ကြောင်နဲ့ ကျွန်တော့်ကို လက်ညှိုးထိုးကာ ...

"သူ့ကို ပေးမလို့လား .."

အဲဒီတော့ မိန်းကလေးက လက်ဝါးထောင်ပြကာ ...

"ရှင်ပါ ပါးကျိုးသွားချင်လား .."

အေးမင်းဇော် တွန့်ခနဲ ဖြစ်သွားကာ ...

"သိမှ သိပဲနဲ့ဟာ .."

မိန်းမဆိုးလေးက ကျွန်တော့်ရှေ့မှာ စာအိတ်ကိုထောင်ပြ ...

"ရှင် ဒီထဲမှာ ဘာတွေရေးထားလဲ .. ရှင် သိမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြောင်တောင်တောင်နဲ့ ...

"ဟာ .. မသိဝါဘူး .."

"ဘာပြောတယ် .. ရှင် ပြောင်မလိမ်နဲ့ .."

"ဆော ခက်ပြီ .. ခင်ဗျားကိုလည်း ကျွန်တော် သိလည်း မသိဘူး.. မြင်လည်း မမြင်ဖူးဘူး .. မယုံရင် ဒီကောင်တွေကို မေးကြည့်.."

မြင့်သူ က နားထင်ထောက် စဉ်းစားနေရာက စာအိတ်ကို ယူကာ ...

"ကြည့် .. ကြည့်မယ် နော် .."

မိန်းမဆိုးလေးနဲ့အဖွဲ့က ဘာမှတော့ မပြော ..၊ ရုပ်တွေကိုက ဟောင်ကောင်လူဆိုးဂိုဏ်းကရုပ်မျိုးတွေနဲ့ မှုန်တေတေ ..။

မြင့်သူ က စာအိတ်ကိုဖွင့်ကာ အထဲကစာကို ထုတ်ယူဖြန့်ပြီး အသံထွက်ကာ ဖတ်ပြပါသည်။

မိုးထက်မော် ...

မတော်တဆနဲ့ ဒေါ်မြကိုမေးတော့ မင်းက အတော်လှဆိုပဲ..

မတောင်းစဖူး အကြောင်းထူးရင် ရောင်းဖူးတဲ့အသည်း ပြန်ပေးပါ ..။

လေညှာကဝေဒနာများနှင့် ..





စာဆုံးတော့ မြင့်သူ က အူလည်လည်နဲ့ မိန်းမဆိုးလေးကို မေးပါသည်။

"အဲဒီစာက ဘယ်သူပေးတာလဲ .."

"ရှင့်သူငယ်ချင်း ပေးတာလေ .."

မိန်းမဆိုးလေးရဲ့ စကားကြောင့် အသံတွေ ကပြောက်ကသောက် ထွက်ကျလာကြပါသည်။

"ဟာ .. မဖြစ်နိုင်တာ .."

"အေးလေ .. ဒီကောင် ပေးတာ မဖြစ်နိုင်ဘူး .."

ကျွန်တော့်အပေါင်းအသင်းတွေရဲ့အသံကြောင့် မိန်းမဆိုးလေး ဘက်ကလည်း အခုလို တုံ့ပြန်ကြပါသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .."

"အေးလေ .. ပြောင်လိမ် ပြောင်စားနေ့ဟယ်.."

"ဒီမှာ ..."

အမိက ကာယကံရှင်မိန်းကလေးက မြင့်သူ လက်ထဲကစာကို ယူကာ အောက်ဆုံးကစာကြောင်းကို ပြပါသည်။

"ဒီမှာ ရှင့်နာမည် ရေးထားတယ်၊ နေ .. ရှင် ဘာငြင်းချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြစမ်း .. ပြစမ်း .."

ကျွန်တော် စာရဲ့အောက်ဆုံးကနာမည်ကို ကြည့်ပြီး ...

"ဟာ!.. နေ .. မဟုတ်ပါဘူး .. ခနလို့ ရေးထားတာ .."

သူမ မျက်မှောင်တွန့်သွားပြီး ပြန်ကြည့်ကာ ...

"နေ .. လို့ ရေးထားတာပါ .. သဝေထိုးက ဆက်သလိုဖြစ်နေလို့ .. ရှင် မလိမ်နဲ့နော် .."

"ကဲ .. ခက်တော့ခက်နေပြီ .. ကျွန်တော် ကျောင်းဖွင့်ဖွင့်ချင်း ကိစ္စတစ်ခုနဲ့ နယ်ရောက်နေလို့ ကျောင်း ဒီနေ့မှစတက်တာ .. မယုံရင် မော်ကွန်းထိန်းကို သွားမေးကြည့် .. ခင်ဗျားကို ပေးဖို့ စာမပြောနဲ့ စာကလေးခွေတောင် မစားမိပါဘူးဗျာ .."

မိန်းမဆိုးလေးက ပါးစပ်အဝိုင်းသား ..၊ သူတို့ထဲက တစ်ယောက်က ...

"သူပြောတာ ဖြစ်နိုင်တယ်နော် မိုးထက် .."

ကျွန်တော် ကိုယ့်ပါးကိုယ်ပြန်ပွတ်ပြီး လှည့်ထွက်လာတော့ ဟို ကောင်တွေလည်း စားထားသမျှပိုက်ဆံကို စားပွဲပေါ်တင်ကာ နောက် က လိုက်ပါလာကြပါတယ်။





"တောက် .. နေရင်းထိုင်ရင်း ပါးအရိုက်ခံရတာလောက် နာတာ မရှိဘူး .. ဒီနေ့ ပြဿဒါးနေ့ ထင်ပါရဲ့ .."

မိုးထက် တို့လည်း အခုမှ ပြုံးတုံးပြုံးတဲ့ကြည့်ကာ ...

"ဟုတ်တယ်ဟ .. ခနလို့ ရေးထားတာ .."

"တော်ပါ .. နင်ပဲ နေ လို့ပြောပြီး .. ပြီးတော့ သူ့သူငယ်ချင်းက သူ့ကို နေ လို့ ခေါ်တယ်ဆို .."

"ကဲ .. ကဲ .. တော်ကြပါတော့ဟယ် .. မိုးထက် .. နင့်ကို စာ ဘယ်လိုပေးသွားလဲ သိလား .."

နိုင်နိုင် ရဲ့အမေးကြောင့် သူမ သက်ပြင်းချရင်း ဖြေမိပါသည်။

"ဟိုဆိုင်ကစားပွဲထိုးလေး လာပေးတာ .. အစ်မကို ပေးလိုက်ပါ ဆိုလို့ .."

မိုးထက် စကားကြောင့် မိုးထက် ညွှန်ပြတဲ့ စားပွဲထိုးချာတိတ် ကို သူ့ဇာဝေ က လက်ခုပ်တီးကာ လှမ်းခေါ်ပါသည်။

"ဟေ့ .. ချာတိတ် .. ရှတ် .. ရှတ် .. ခဏ .."

ကောင်လေးက သူ့ကိုယ်သူ ညွှန်ပြကာ ခေါင်းညိတ်ပြတော့ .. သူ့ဇာ က ...



www.burmeseclassic.com

www.burmeseclassic.com



"ဆော်တယ် .. နင့်ကို .. လာဦး .."

ဆောင်လေးက တွန့်ဆုတ်တွန့်ဆုတ်နဲ့ လာတော့ ခိုင်ခိုင် က အမြင်ကတ်ကတ်နဲ့ မေးသည်။

"ဟဲ့ .. ဘာဖြစ်နေတာလဲ .."

"မသိဘူးလေ .. ဒီအစ်မက ဟိုအစ်ကိုကြီးကို ပါလိုင်းကြီး ပါးရိုက်တော့ ကျွန်တော်လည်း ကြောက်တာပေါ့ .."

ချာတိတ် စကားကြောင့် ခိုင်ခိုင် က ရယ်ချင်သွားပါသည်။

"ဟဲ့ .. စာပေးတာ ခုန ပါးအရိုက်ခံရတဲ့သူလား .."

အားလုံးက ချာတိတ်ရဲ့အဖြေကို အလောတကြီး စောင့်မျှော်နေကြပါသည်။

"ဟင့်အင်း .. ဟိုလူက ဒီလူ မဟုတ်ဘူး .."

"ဟာ .. ရှုပ်နေတာပဲ .."

သူဇာ က ချာတိတ်စကားကြောင့် အခုလို တုံ့ပြန်တော့ ကောင်လေးက ခေါင်းကုတ်ပြီး ...

"ဟိုလူက ဒီအစ်ကိုကြီးမဟုတ်ဘူးလို့ ပြောတာ .. ခုန ဆိုတဲ့ အစ်ကိုကြီးက ကျွန်တော့်ကို မုန့်ဖိုးပေးပြီး အကျႌပန်းရောင်နဲ့အစ်မ





ဘာလိမ့်မယ် .. လာရင် မမိုးထက်မော် လားလို့ မေးကြည့် .. ပေးလိုက်ခိုင်းခဲ့တဲ့ .."

မိုးထက်မော် မျက်ခုံးကို တွန့်ချိုးမိပါသည်။

ဒီလူက ဘယ်သူလဲ ..၊

မိုးထက်မော် ဆိုတာ မာနကို အောင်နိုင်ရေးအလံတစ်လက်လို အမြဲ လွှင့်ထူထားတဲ့လူလေ ..၊ ဒါ သူမကို သက်သက်စော်ကားတာပေါ့ ..။

"ပြီးတော့ ကျွန်တော့်ကို မုန့်ဖိုးပေးပြီး ကားအကောင်းစားကြီးနဲ့ ပြန်သွားတာဗျ .."

"တောက်!..."

မိုးထက် မကျေမနပ်နဲ့ တောက်ခေါက်တော့ ခိုင်ခိုင် ခပ်တိုးတိုး ပြောသည်။

"ခုနလူကတော့ နင် မဆင်မခြင်လုပ်တာနဲ့ ပါးလည်းအရိုက်ခံရသေးတယ် .. အရှက်လည်း ကွဲသေးတယ်ဟယ် .."

ခိုင်ခိုင် ပြောမှ သူမ နေ ဆိုတဲ့သူကို အခုမှ အားနာရကောင်းမှန်း သိလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“နောက်တစ်ခါ တွေ့ရင် တောင်းပန်လိုက်ပါဟယ် ..”

“အေးပါဟယ် ..”လို့ သူမ မပြောမိ။

သူမတို့မေဂျာမှာ သူမက အလုဘုရင်မ ..၊ မာနနဲ့ ထက်မြက်တဲ့ အလုကြောင့် သူမရဲ့ဂုဏ်သတင်းက အခြားမေဂျာက ကွင်းတွေထက် ပိုနာမည်ကြီးတာလည်း ဖြစ်နိုင်ပါသည်။

ချစ်ခြင်းမေတ္တာဆိုတာ သူမ မနက်စာ ဘားနေတဲ့ ပေါင်မုန့်နဲ့ တွဲစားတဲ့ ယိုတစ်မျိုးလို့ သူမ သဘောပေါက်ပါသည်။

သူမ တွဲနေကျလူတွေဟာ သူမ ရည်းစားတွေတော့ မဟုတ်.. ဒါဟာ အပျင်းပြေကစားနည်းတစ်မျိုးလို့ပဲ သူမ ခံယူထားပါသည်။





“မင်းကွာ .. ပြန်ထိုးလိုက်ရင်ပြီးရော .. အခုတော့ အသလွှတ်..”

မြင့်သူ က အခုမှ လက်သီးလက်မောင်းတန်းနေတော့ ..၊

သူ အခုထိ နာတဲ့အရှိန် မပြေသေးတဲ့ပါးကို ခပ်ဖွဖွ ပွတ်နေတော့ စိုးဇော်အောင် က မကျေမနပ်နဲ့ ...

“ငါသာဆို ပြန်မထိုးဘူး .. အဲကောင်မလေးရဲ့ပါးကို သုံးလေးခါလောက် ဖက်ပြီး နမ်းပစ်လိုက်မှာ ..”

“အရေးထဲ နှာသမားက တစ်မျိုး”

အေးမင်းဇော် စကားကြောင့် စိုးဇော်အောင် က အခုလို ရေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲကွာ .. တရားရုံးရောက်လည်း အဲဒီကောင်မလေး က ကျွန်တော့်ပါးကို သူ့လက်ဝါးကြီးနဲ့ အားကုန်ရိုက်လို့ ကျွန်တော်က ကျွန်တော့်နှာခေါင်းချွန်ချွန်လေးနဲ့ ခပ်ဖွဖွလေး နမ်းလိုက်တာပါလို့ ထွက်ဆိုမှာပေါ့ ..၊ သူက ဒေါသနဲ့ရိုက်တာ .. ငါက မေတ္တာအရင်းခံပြီး နမ်းတာ .. ဘယ်သူဆိုးသလဲ တရားသူကြီး စဉ်းစားကြည့် .. လူတွေ စဉ်းစားကြည့် .. မင့်ဟာ သမိုင်းကြောင်းကောင်းဖို့ .."

"တော်ပါတော့ကွာ .. နာရတာက တစ်မျိုး .. မင်းအသံက ငှက်ဆိုး .."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ပြောတော့ အေးမင်းဇော် က တစ်ခုခု စဉ်းစားမိဟန်နဲ့ ...

"ပြောသာ ပြောရတာ .. နေ ဆိုတဲ့ ငနဲက ငါတို့ကျောင်းရဲ့ထိပ် ထားလေးနဲ့ ရေစက်ပါတယ် ပြောရမှာပဲ .."

"အရေးထဲကွာ ..."

ကျွန်တော် မကျေမနပ်နဲ့ပြောတော့ ဒီကောင်က ...

"ဟ .. သူများတွေများ ဒီဟာမလေးနဲ့ ပတ်သက်ချင်နေတာ တချို့ဆို သူမကသာ စကားလေးတစ်ခွန်းပဲပြောပြော .. လက်ညှိုးလေး





နဲ့ တစ်ခါပဲတို့တို့ .. သေပျော်ပါပြီဆိုတဲ့ ကောင်တွေမှ အများကြီး..၊ မင်း ကြည့်စမ်း .. ကုသိုလ်ကံ ဘယ်လောက်ကောင်းလဲ ..၊ လက်ညှိုး လေးနဲ့တင် မဟုတ်ဘူး .. လက်ဝါးကြီးတစ်ခုလုံး အသုံးခံရတာ ..၊ မင်းပါးကို အမှတ်တရအနေနဲ့ ရေမထိစေနဲ့ ဟ့ကောင် .. ပြောလိုက် တဲ့စကား တိုးတိုးညင်းညင်းလေးတောင် မဟုတ်ဘူး ..၊ ဗလွတ်ဗလွတ် နဲ့ အရှည်ကြီး ပြောသွားတာ .. မင်းလောက် ကံကောင်းတဲ့ကောင် ဘယ်သူများ ရှိသေးလို့လဲ နေ .. ရယ် ..."

အေးမင်းဇော် စကားကြောင့် ဟိုကောင်တွေက တဟားဟား..၊ မြင့်သူ က ရယ်ရင်း ...

"အေး .. ဒီကောင်ပြောတဲ့ ရှုထောင့်က ကြည့်ရင်လည်း ဟုတ်နေ တာပဲ .. ဒီကောင် ဒီနေ့မှ ကျောင်းစတက်တယ် .. ကျောင်း စတက် တက်ချင်းပဲ မိုးထက်မော် နဲ့ စပတ်သက်နေပြီ .."

"မိုးထက်မော် ဟုတ်လား .."

ကျွန်တော့် သံယောင်စကားကြောင့် စိုးဇော်အောင် က အထင် သေးဟန်နဲ့ ကျွန်တော့်ကို ကြည့်ကာ ...

"သွားမလုပ်နဲ့ .. အဲဒီဟာမလေးက ဟဲဗီးဝိတ်တန်းနော် .. မာန



www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ် .. ဂုဏ်သတင်းကြီးတယ် .. ငါတို့မေဂျာက ကွင်း ..”

“ဘာကွင်းလဲ .. သရေကွင်းလား ..”

ကျွန်တော် ရုပ်တည်တည်နဲ့ စတော့ မြင့်သူ က စိုးရိမ်ဟန်နဲ့...

“ဟော့ကောင် သွားမလုပ်နဲ့ ဟော့ကောင် .. မင်းတို့ ငါတို့လို သမ္မန်ခတ်တဲ့သူ မပြောနဲ့ ..”

“သာမန်လူ ..”

“အေးပါကွာ .. စကားလောသွားလို့ .. ပိုက်ဆံရှိ ဘာညာကြီး တွေရဲ့ သား ..”

“ဘာလချောင် ကုလား ..”

“ဟော့ကောင် မနှောက်နဲ့ နော် .. နေ .. ငါ စကားအကောင်း ပြောနေတာ ..”

ကျွန်တော် စိုးဇော်အောင် က စိတ်ကောက်ဟတ်တဲ့မိန်းကလေး ရဲ့ မျက်နှာနဲ့ ရူတူတူလုပ်ကာ ပြောပါသည်။ ပြီးတော့ ဒီကောင်က သူ့စကားကို သူ ပြန်ဆက်ပြောပါသည်။

“သူ့အဖေက ဘာတွင်းတွေလဲ မသိဘူး ပိုင်တယ်တဲ့ ..”

“အိမ်သာတွင်းလား ..”





“သူ့အမေကဆို အကောင်ကြီးကြီးရဲ့ သမီး တဲ့ ...”

“ဂေါ်ဇီလာရဲ့ သမီးပေါ့ ..”

“သူ့အမေကကွာ .. နယ်မှာ ဆန်စက် ဆီစက် ..”

“ခဲတံချွန်စက် ..”

“တွေ ပိုင်တယ်တဲ့ .. ပြီးတော့ ကုမ္ပဏီထောင်ပြီး ..”

“ဖဲရိုက်တယ်ပေါ့ ..”

“ဆန်တွေ ပဲတွေ အိပ်စပို့ လုပ်တယ်တဲ့ ..”

“အိပ်နဲ့စပို့တော့ .. ဘာအိတ်လဲ .. ကြွပ်ကြွပ်အိတ်နဲ့လား ..”

မြင့်သူ နဲ့ အေးမင်းဇော် က ဒိုင်ခံ အရွှမ်းဖောက်နေတဲ့ ကျွန်တော့် စကားကို နားထောင်ပြီး တခွီးခွီးနဲ့ ရယ်ပါတော့သည်။ စိုးဇော်အောင်က မှတ်ခမ်းကြီးထော်ပြီး မျက်စောင်းကို ဆေးလိပ်လိုခဲကာ ပြောနေကာ...

“အေပေး .. မင်းက ငါ့စကားကို ဟာသလုပ်တယ်ပေါ့လေ .. တွေ့ကြသေးတာပေါ့ ..”

စိုးဇော်အောင် သူထိုင်နေတဲ့ခုံက ကျွန်တော့်ကို ထုဖို့ထောင်းဖို့ ထလာတော့ ကျွန်တော်က အဝင်ဝကို လက်ညှိုးထိုးပြပြီး လက်အုပ်ချီ ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ဆရာ"

စိုးဇော်အောင် အထိတ်တိထိတ် အလန့်လန့်နဲ့ လှမ်းကြည့်တော့

အဝင်ဝမှာက ဆရာမဟုတ် ..၊

ခင်စန္ဒာသက်ချိုပြုး ခန္ဓာကိုယ်နဲ့ ကျောင်းသူတစ်ဦး ..။

"ငပုတင်း .. အဲလေ .. ပုပြင်းကောင် .."

စိုးဇော်အောင် ကို ကြည့်ပြီး အခန်းထဲက အခြားသူငယ်ချင်းတွေ

ကပါ တဟားဟား ..။





✍ ချောက်ကိုဖုံးဝှက်ထားတဲ့ မြူတွေကလည်း
လိပ်လေးတစ်ကောင် အိပ်မက်မက်ပြီး
လမ်းလျှောက်သလိုပဲပေါ့ ..။

✍ တကယ်နက်ပါတယ် ဘယ်သူပြောပြော
နက်တဲ့အဓိပ္ပာယ်ကို ငါမသိတော့ ခက်ပြီလေ ...

✍ မိုးတိမ်ကြိုးကိုကျစ်
သစ်ရွက်ကိုတံတားခင်း
ဝှက်ဖဲတစ်ချပ်နဲ့ ဒီပွဲဖျက်ဖို့ပြင်ဆင်
ကဲ .. ဘယ်သူ အရင်သွားမလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမည်က နေကိုကို ..၊ အဖေနာမည်ကတော့ ဦးကိုကို .. အဖေက ဝန်ထမ်းတစ်ဦးမို့ အဖေ ဟိုပြောင်းဒီပြောင်းရင် ကျွန်တော်လည်း လိုက်ပြောင်းရပါသည်။ နယ်လှည့်ဈေးသည်လိုပေါ့။ အမေကတော့ မိနိုဆိုတော့ ဒီလိုပါပဲ။ ကျွန်တော့်အစ်ကိုကတော့ နိုင်ငံကြီးတစ်နိုင်ငံသွားပြီး ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်တစ်ခုမှာ သွားလုပ်နေသည်ဆိုပါတော့ ..။

အစ်ကို့နာမည်ကတော့ မျိုးကိုကို ..၊ ရန်ကုန်မှာ သူတို့အိမ် ရှိပေမယ့် လူငှားထားပါသည်။ အခုတော့ အဖေက ရန်ကုန်မှာ တာဝန်ကျသည်ဆိုတော့ ရန်ကုန်ကို သူတို့တစ်မိသားစုလုံး ပြောင်းလာခဲ့ပါသည်။





မိုးဇော်အောင် .. မြင့်သူ နဲ့ အေးမင်းဇော် ဆိုတာက ငယ်ပေါင်းသူငယ်ချင်းတွေလေ ..၊ ရှစ်တန်းအထိ တတွဲတွဲ တွဲလာခဲ့တဲ့သူ .. ကျွန်တော် ရန်ကုန်ကိုပြောင်းလာတော့ အဲဒီမေဂျာ ဒုတိယနှစ်နဲ့ ပြောင်းလာရသူပေါ့။

ဒီကောင်တွေနဲ့က အဆက်အသွယ်မပြတ်တာလည်း ပါတယ်။ ရန်ကုန်ကို တစ်နှစ်တစ်ခေါက် ရောက်ရောက်လာတတ်တာကြောင့် အဆက်အသွယ်က မပြတ်ခဲ့ ..၊ အခုလည်း စာသင်ချိန် ရက်တော်တော်များများကျော်မှ ဒီကို မနည်းအဆင်ပြေအောင် ကျောင်းတက်ဖို့ အတော်လုပ်ယူခဲ့ရပါသည်။

ကျွန်တော့်အကြောင်းတွေ ပြီးပြီမို့ ထားပါ ..၊ ဒီနေ့ ကျွန်တော် ကျောင်းကို စောစော တစ်ယောက်တည်း ရောက်လာခဲ့သည်။ ဟိုကောင်တွေက ကိစ္စရှိသည်ဆိုလို့ မြို့ထဲကအပြန် ကျောင်းလာရမှာမို့လို့ နောက်ကျမယ်လို့ ပြောပါသည်။

ကျွန်တော် ကဲန်တင်းရှိရာကိုလျှောက်လာတော့ တံစက်မြိတ်အစွန်းမှာ တစ်ယောက်တည်း ထိုင်နေရာဝိုင်းက ကျောင်းသားတစ်ယောက်က ရေးကြီးသုတ်ပျာနဲ့ ဖိုင်တစ်ခုကို အိတ်ထဲထည့်ပြီး ခပ်မြန်



www.burmeseclassic.com

www.burmeseclassic.com



မြန်ထသွားတာကို မြင်လိုက်ပါတယ်။ ကျွန်တော်လည်း နီးနီးနားနား အဲဒီဝိုင်းမှာပဲ ဝင်ထိုင်လိုက်ပါသည်။

စားပွဲထိုးလေးက လက်ဖက်ရည်ခွက်ကို လာသိမ်းရင်း စားပွဲကို အသင့်ပါလာတဲ့ အဝတ်နဲ့သုတ်ရင်း ...

"အစ်ကို ဘာသောက်မလဲ .."

"ကျဆီမှိတစ်ခွက်ကွာ .. ပြော်.. ဆေးလိပ်ပါ တစ်ပွဲ .."

"ဟုတ် အစ်ကို .."

"ဟော့ကောင် .. မြန်မြန် နော် .."

"စိတ်ချ အစ်ကို .. စကိတ်စီးပြီး လာပို့မယ် .."

စားပွဲထိုးလေးက ပြန်နောက်သွားပါသေးသည်။ ကျွန်တော် လည်း အခုမှ ဟိုကြည့်ဒီကြည့် ဟိုငေးဒီငေးပေါ့။ ပြီးတော့ ကောင်မလေးနှစ်ယောက်လာရင် ဘယ်သူကဖြင့် လှတယ် .. ဘယ်သူက မလှဘူး ..၊ ဘယ်သူက ဘာကြောင့်မလှတာလဲ၊ .. ဘယ်သူက ဘာဖြစ်လို့ လှတာ ခွဲခြမ်းစိတ်ဖြာနေပါသည်။

ကျွန်တော် အမှတ်တမဲ့နဲ့ အောက်ကိုငုံ့ကြည့်တော့ လျှောက်လွှာ စာရွက်ဆိုဒ်လောက်ရှိမယ့် စာရွက်တစ်ရွက် ..၊





ကေအွ ခုနကျောင်းသား ခပ်လောလောနဲ့ ထထွက်သွားရင်း ကျသွားတာ ဖြစ်နိုင်ပါသည်။ ကျွန်တော် ကောက်ယူကြည့်မိတော့ CV From တစ်စောင် ဖြစ်နေပါသည်။ ကျောင်းသားနဲ့ CV နဲ့ ဘာမှတော့မဆိုင် ..၊ ဒါပေမယ့် သူ့ကိစ္စတွေ သူ ရှိနေမှာပေါ့လေ။

ဒီကျောင်းသား ချမ်းသာတဲ့အသိုင်းအဝိုင်းကတော့ ဖြစ်မယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းတက်နေတဲ့ကာလမှာ အလုပ်လျှောက်ဖို့ဆိုတာ မပြည့်စုံတဲ့သူတွေထဲက ဖြစ်မှာပေါ့လေ ..။ ဒါပေမယ့် သူ့သူငယ်ချင်း ဆွေမျိုးသားချင်း တစ်ယောက်ယောက် အတွက် သူ လာပေးတာလည်း ဖြစ်နိုင်ပါတယ်။ ကိုယ့်ကိစ္စမဟုတ်။ ဟိုတွေးဒီတွေးရင်း ကြာလာတော့ လက်ဖက်ရည်သောက်ရင်း ဟိုကောင်တွေကိုစောင့်ရတာ ပျင်းလာသလို ဖြစ်လာမိပါသည်။

နောက် ဒီဖောင်ကို ခုနကျောင်းသား လာယူမယ့်ပုံ မပေါက်တော့ သူ့အိတ်ကပ်ထဲကဘောပင်ကိုထုတ်ကာ ပေါက်တတ်ကရတွေ လျှောက်ရေးမိပါသည်။

အမည် ... အမည်နေရာမှာ ဘာရေးရင်ကောင်းမလဲ ..၊ အမည် ဆန်းဆန်းလေးပေါ့။ ရွှမ်းဝတီစိုး .. ဟာ .. ဒီနာမည်တွေက နှစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်သုံးမတိုင်မီကနာမည်တွေ ..၊ စဉ်းစားစမ်း .. ဟုတ်ပြီ .. သူ ချက်ချင်းပင် ကောက်ရေးလိုက်ပါသည်။

အမည် ... မတင်ဆုံ

အသက် ... ၈–တန်း နှစ်နှစ်၊ ၉–တန်း သုံးနှစ်၊ ၁၀တန်း လေးနှစ်။

အဖအမည် ... ဦးပုန်းရည်ကြီး (ခ) တိုနီမဲလုံး။

လူမျိုး/ဘာသာ ... ငပူတင်းမျိုးစိတ် .. ဝိပ္ပံဘာသာတွဲ။

နေရပ်လိပ်စာ ... အမှတ် ၁၉၉ ၊ အဓာတသတ်လမ်း ၊ ပြည်တဆာ ရပ်ကွက် ၊ ဒေဝဒတ်မြို့နယ် ၊ ရေဝေးတိုင်း။

ရရှိခဲ့ဖူးသည့်ဘွဲ့များ ... Oslo University မှရေကို ပါနီအဖြစ် အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ (W.N.T)။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် ... (500005)

ကိုယ်အလေးချိန် ... ၅ ပိဿာ

အရပ် ... ဓေယျဝတီ

လုပ်ငန်းအတွေ့အကြုံ ... မြို့ပတ်ရထားပေါ်တွင် နှစ်နှစ်၊ ဘတ်စ်ကားပေါ်တွင် တစ်နှစ်ခန့်။





လုပ်ငန်းအပေါ်ထားသည့် သဘောထား ... အိပ်စား .. အချောင်ခို .. လူကြီးပြော ခေါင်းညိတ် .. ဖားပြီးစား .. ဗကားကလန်ဖန်ထိုး OK။

ကျွန်တော် ရေးလည်းပြီးရော စာရွက်ကို တစ်ယောက်ယောက်က လုယူသွားတာ သိလိုက်ရပါသည်။

ကြည့်လိုက်တော့ စာရွက်ကိုဖတ်ပြီး ခုံမှာ ဝင်ထိုင်လိုက်တဲ့ စိုးဇော် ..၊ ပြီးတော့ ဟိုနှစ်ကောင် .. မြင့်သူ က ဆေးလိပ်တစ်လိပ်ကို လှမ်းယူရင်း ...

"ဘာတွေ ရေးနေတာလဲကွ .."

"ဒီလိုပါပဲ .. CV တစ်စောင် ဘယ်သူကျန်ခဲ့မှန်း မသိတာနဲ့ ပေါက်ကရ လျှောက်ရေးနေတာ .."

တစ်အောင့်ကြာတော့ စိုးဇော်ဆေးခြောင် ဆီက တခွိုးခွိုးအသံတွေ ထွက်လာတော့ ကျွန်တော်ပါ ပြုံးမိပါသည်။

မြင့်သူ က စိတ်ဝင်တစားနဲ့ ...

"ဘာတွေ ရေးထားလို့လဲ .."

စိုးဇော်အောင် က သူဖတ်တာမို့ မြင့်သူ နဲ့ အေးမင်းအေး တို့ထံ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို လွှဲပေးလိုက်ပါသည်။ ဟိုနှစ်ကောင်လည်း ဖတ်ပြီးရော တခွီးခွီးနဲ့ ရယ်လို့မဆုံးတော့ ..၊ မြင့်သူ က ...

"ဟေ့ကောင် .. 500005 က ဘယ်သူ့ဖုန်းလဲ .."

"အရေးပေါ် ဖုန်းနံပါတ်လေ .."

"ဟာ .. ပြဿနာတက်နေဦးမယ် .."

"ဩော် .. ဘယ်သူက ဆက်မှာမို့လို့လဲကွာ .."

အေးမင်းဖော် က CV ကို ပြုံးစေ့စေ့နဲ့ ကြည့်နေရင်း ...

"မြင့်သူ မင်းအစ်မ ပတ်စပို့ပုံတစ်ပုံလောက် မပါဘူးလား .."

"ဘာလုပ်ဖို့လဲ .."

"ဒီ CV မှာ လှမ်းကပ်ပြီး နို့တစ်ဘုတ်မှာ ကပ်လိုက်ရင် အိုကေပဲ .."

မြင့်သူ က ပျစ်ပျစ်နှစ်နှစ် ဆဲပါတော့သည်။

"ကဲ .. ကဲ .. သောက်စရာရှိတာသောက် .. အတန်းဝင်ရမယ်"

ဒီလိုနဲ့ သူတို့ လက်ဖက်ရည်သောက် စကားတွေပြောကြရင်း ခု CV ကို သတိမရတော့ ..၊ အဲဒီလိုနဲ့ အတန်းတက်ကြပါတယ်။ ပထမချိန်ပြီးတဲ့အချိန်မှာ အတန်းထဲက ကျောင်းသားတစ်ယောက်က...





"နေကို .. မင်းကို မော်ကွန်းထိန်း ခေါ်နေတယ်တဲ့ .."

"ကျောင်းတက်နောက်ကျတဲ့ကိစ္စလား မသိဘူး နေ .."

"ဟာ .. မဖြစ်နိုင်ပါဘူး .. အဲဒီကိစ္စက ပြီးသွားပါပြီ .."

"ဘာဖြစ်ဖြစ် သွားတွေ့လိုက်ပါကွာ .. ကိုယ်က အငယ်ပဲဟာ.."

"အေး ဟုတ်တယ် .. ကလေးပိပိ .."

အဲဒီလို ပေါက်တတ်ကရပြောပြီး မော်ကွန်းထိန်း ရုံးခန်းထဲ ရောက်တော့ ဟို မိုးပေါ်ကိုမော့ကြည့်ရတဲ့နာမည်နဲ့ ကလေးမလေးပါ ရောက်နေပါတယ်။ ထုံးစံအတိုင်း မျက်လုံးက အစိမ်းစော်နံနေပါတယ်။ ပိုက်ဆံမပေးရတဲ့မာနကို အလွှယ်လို လွှယ်လို့ပေါ့ ..။

"ထိုင်ကွာ .. မောင်နေကိုကို .."

"ဟုတ်ကဲ့ ဆရာ .."

ကျွန်တော်တို့သုံးယောက် ဝင်ထိုင်တော့ ဆရာက စာရွက်တစ်ရွက်ကို သူ့ရှေ့မှာ ချကာ ...

"ဒီစာရွက်ထဲက စာသားတွေက မင်းရေးတာ ဆို .."

သူတို့စာရွက်ကို ငုံ့ကြည့်မိတော့ ...

"ဗုဒ္ဓေါ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား .. ရေ .."

"ဘာတွေဖြစ်ကုန်တာလဲဟ .."

ဟုတ်ပါတယ် ..၊ ကျွန်တော်တို့ အတန်းမတက်ခင်က ရေးသားထားတဲ့ CV ဖောင်၊ ဒါပေမယ့် CV ရဲ့ထောင့်မှာ ကပ်ထားတဲ့ဓာတ်ပုံက မိုးထက်မော် ရဲ့ဓာတ်ပုံနဲ့ပါ ..၊

ကျွန်တော် ကယောင်ကတမ်းနဲ့ မိုးထက်မော် ကို ကြည့်မိတော့ စိမ်းသောမျက်လုံး စိမ်းသောမာန စိမ်းသောဒေါသတွေအပြည့်နဲ့ မိုးထက်စိမ်း အဲလေ .. မိုးထက်မော် သူမက အခုလို တုံ့ပြန်သည်။

"တောက်!..."

ဆရာ့ဘက် ပြန်လှည့်တော့ ဆရာက မင်းသားကြီးဦးမြတ်လေး စတိုင်နဲ့ ...

"ဒီ CV ကို မင်းရေးပြီး နို့တစ်ဘုတ်မှာ မင်း ကပ်တယ်ဆို .."

"ဗျာ!... ဟာ .. မဟုတ်ဘူး .."

"ဟဲ့ .. နင် မငြင်းနဲ့ ..၊ နင် ရေးတာကို တွေ့တဲ့လူက တွေ့တယ်တဲ့ .."

မိုးထက်ဇော် စကားကြောင့် မိုးထက် ဘေးက ပုပြတ်ပြတ်





ကောင်မလေးက ပုရစ်ကဲ့သို့ စူးရှသောအသံကို ဂုဏ်ယူဝမ်းမြောက်စွာ မိုင်ဆိုင်ထားသောအသံနဲ့ ...

"ဟဲ့ .. ငါတစ်ယောက်တည်း အဲဒီဆိုင်မှာ ရှမ်းခေါက်ဆွဲသွားစားတုန်း နင် ရေးနေတာ ငါ ဘေးခုံကနေ မြင်လိုက်တယ်ဟဲ့ .."

"ဘယ်လို!..."

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် မတိုင်ပင်ဘဲ ကြည့်လိုက်မိပါသည်။ ပြီးတော့ ကျွန်တော် ဗျာဗျာသလဲလဲနဲ့ ဆရာဘက်လှည့်ကာ ...

"ဆရာ .. အနော် .. အဲ .. ကျွန်တော် ရှင်းပြပါရစေ .."

ဆရာက ရုပ်တည်ကြီးနဲ့ မေးဆတ်ပြသည်။ ပြော .. ဆိုတဲ့ သဘော .. ကျွန်တော် အခုလို ပြောပြမိပါသည်။

"ဒီလိုပါ ဆရာ .. ကျွန်တော် တစ်ယောက်တည်း လက်ဖက်ရည်သောက်နေတုန်း ရှေ့ကျောင်းသားတစ်ယောက်က ရေးကြီးသုတ်ပျာနဲ့ ဒီ CV အလွတ်ကို ကျွန်ခဲ့တယ် ဆရာ .."

ဆရာက ခေါင်းညိတ်ပြသည်။ ဟိုအဖွဲ့ကတော့ မဲ့ရွဲ့လို့ကောင်းနေတုန်းပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဖျင်းဖျင်းနဲ့ ဒီထဲကတိုင်း ပေါက်တတ်ကရတွေ ကောက်ရေးမိပါတယ် ဆရာ၊ ကျွန်တော့်သူငယ်ချင်းတွေ မယုံရင် မေးကြည့်ပါ .."

"ဟုတ်တယ် ဆရာ .."

"ပြီးတော့ ဘာဓာတ်ပုံမှ မကပ်ဘဲ အဲဒီ CV ကို အဲဒီစားပွဲမှာပဲ ထားခဲ့ပြီး အတန်းတက်နေတာပါ၊ သူ့ဓာတ်ပုံလည်း ကျွန်တော့်မှာ မရှိပါဘူး ဆရာ .. ဘာဖြစ်လို့လဲဆိုတော့ သူ့ကို သတိရရင် ကြည့်ဖို့ ပေးရအောင် သူနဲ့ ကျွန်တော်နဲ့ကလည်း ရည်းစားမှမဟုတ်တာ .."

"ဒါပေါ့ .. မင်း ပြောတော့လည်း ဟုတ်နေတာပဲ .."

ဆရာက စဉ်းစားရင်း ထောက်ခံစကား ဆိုပါသည်။ ဟိုဟာမလေးက ပိုပြီး ပေါက်ကွဲတာပေါ့..။

"မယုံရင် အဲဒီဆိုင်က စားပွဲထိုးလေးကို မေးကြည့်ပါ ဆရာ.. ကျွန်တော် အဲဒီစားပွဲမှာ ဒီအတိုင်းထားခဲ့တာပါ ဆရာ .."

ဆရာက ခေါင်းတညိတ်ညိတ်။ မိုးထက်မော် ဘက်လှည့်ကာ...

"ဒါဆိုရင် သမီးရဲ့ဓာတ်ပုံက ဘယ်ကနေဘယ်လို ဒီ CV ပေါ်မှာ ရောက်နေတာလဲ ..၊ ဟို .. ဟို .. သမီးရည်း ..."





ဆရာက စကားအပြောရခက်နေတော့ မိုးထက်မော် ကပဲ ကမန်းကတန်း ဝင်ရှင်းပြရပါသည်။

"သမီးမှာ ရည်းစားမရှိဘူး ဆရာ .."

"တကယ် နော် .."

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက်သွားတော့ သူမက မျက်စောင်းထိုးသည်။

ဆရာက ...

"မင်းကလည်း အရေးထဲမှာကွာ .."

"ဟိုလေ .. ဟိုတစ်နေ့က ကျောင်းသားရေးရာမှာ ကျောင်းသားကဒ်လုပ်ရင်း ဓာတ်ပုံတစ်ပုံတော့ ကျပျောက်ဖူးတယ် ဆရာ .."

မိုးထက်မော် စကားကြောင့် ဆရာက ဦးစံရှားအပြုံးနဲ့ အမှုတစ်ခုကို ဖော်လိုက်ပြီးတဲ့မျက်နှာနဲ့ ...

"ဩော် .. ဒီလိုကိုး ...၊ ဓာတ်ပုံကို ကောက်ရတဲ့ ကျောင်းသားကန်တင်းရောက်တော့ ဒီ CV ကိုတွေ့ပြီး ဓာတ်ပုံကိုကပ် .. နို့တစ်ဘုတ်ပေါ် တင်လိုက်တာဖြစ်မယ် ..၊ ကဲ .. မင်းလည်း နောင်အခါဘာစာရွက်တွေ့တွေ့ ပေါက်တတ်ကရ မရေးမိစေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကျောင်းမဂ္ဂဇင်းအတွက် ဟာသဝတ္ထုရေးဖို့အတွက်ကျတော့ရော .."

"ဒါတော့ ရေးပေါ့ကွာ .. ကျန်တဲ့အချိန် မရေးနဲ့ .."

ဟိုသုံးကောင်က ခေါင်းငုံ့ကာ ကျိတ်ပြုံးကြပါသည်။

"ကဲ .. သမီးတို့ကလည်း ပြဿနာမဖြစ်ကြနဲ့တော့ .. တစ်ကျောင်းတည်းနေတဲ့ ကျောင်းသားအချင်းချင်းတွေပဲဟာ .. နော် .. သမီး .. ကဲ ပြန်ကြ .. ပြန်ကြတော့ .."

တစ်ကျောင်းတည်းနေတဲ့သူအချင်းချင်းဆိုတော့ အခြားကျောင်းကဆိုရင် ပြဿနာဖြစ်လို့ရတဲ့သဘောလား မေးကြည့်ချင်ပေမယ့် ပမေးရဲ ..၊ အာစရိယ ဂုဏ္ဏော အနန္တော လေ ..။

တော်သေးတာပေါ့ ..၊ ဆရာ့ဆီမှာတင် ကိစ္စက ပြီးပြတ်လို့သာပေါ့။ ဒါပေမယ့် သူမတို့ကတော့ ကျွန်တော့်ကို ခဲယယ ကျေနပ်ကြမယ့်ပုံတော့ မပေါ်။ ဆရာ့ရှေ့မှာမို့လို့သာပေါ့၊ ကမ္ဘာဦးခေတ်ကဆိုရင်တော့ ကျွန်တော့်ကို သူတို့ ... ... ... ... .."





"မင်းကတော့ မိုးထက်မော် နဲ့ ကံပါလာပြီ ထင်တယ် နေ..ရေ .."

သုံးယောက်သား မော်ကွန်းထိန်းရုံးခန်းက ထွက်လာရင်း အပြင်ကိုရောက်တော့ မတိုင်ပင်ဘဲ တဟားဟား ..၊

ခုန မြင့်သူ့ စကားကြောင့် ကျွန်တော်က ...

"တော်ပါကွာ .. ငါ့အနေအထားနဲ့ အဲဒီကောင်မလေး အနေအထားက မှန်းလို့ကောင်းတဲ့ကိစ္စ မဟုတ်ဘူး ..၊ တော်တော် .."

ကျွန်တော့်စကားကြောင့် အေးမင်းဇော် က ...

"ဘာလဲ .. မင်းက ခေတ်ပြားအဆိုတော်လိုလို .. ကက်ဆက်ခွေအသံလွှင့်ခေတ်လမ်းထဲကလို .. မအဝါက ခုနစ်ဆောင်ဘုံနန်းကတော်ဝင်အဝါပန်း .. ကျုပ်လိုမြေပေါ်မှာနေ .. မြေပေါ်မှာမှောက် ..



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ရထားလို ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ သိမ်ငယ်ပြနေတာလား ..၊ တော်စမ်းပါ ကျော်သန်း ရာ .."

အေးမင်းဇော် ရဲ့ လေယူလေသိမ်းနဲ့ ဟန်ပါပါစကားကြောင့် မြင့်သူ နဲ့ စိုးဇော်အောင်တို့က ရယ်သည်။ မြင့်သူ က ပြုံးစေ့စေ့နဲ့ ...

"သူ့ဘာသာ တော်ဝင်တွေ မြို့မတွေ ရှေ့ဆောင်တွေပဲဖြစ်ဖြစ် ထားလိုက် .. ဒါပေမယ့် ကံကြမ္မာဆိုတဲ့ ဟိုလူနဲ့ဒီလူကို ချိတ်ပေးတဲ့ ပုဂ္ဂိုလ်ကြီးကတော့ မင်းတို့နှစ်ယောက်ကို ပေးတွေ့နေတာတော့ ကျိမ်းသေတယ်ဟေ့ .."

စိုးဇော်အောင် ကလည်း မြင့်သူ စကားကို ထောက်ခံဟန်ရှိပုံနဲ့ ပြောပါတယ်။

"ဟုတ်တာတော့ ဟုတ်နေပြီ နေ .. ရေ ..၊ လူဆိုတဲ့အမျိုးက မဝင်ရ .. မသွားရ .. မလုပ်ရဆို အကုန်လုပ်ချင်တဲ့ အမျိုး ..."

"ဒါဆို အမျိုးသမီးအိမ်သာထဲ မင်း ဝင်ရဲလို့လား .."

"ဟေ့ကောင် .. ကပ်မပြောနဲ့ .. ငါပြောတာက လူ့စိတ်ကို ပြောတာ"

"အခုကိစ္စနဲ့ ဘာဆိုင်လို့လဲ .."





"ဟ .. ဆိုင်တာမှ သိပ်ဆိုင်ပေါ့ .. အပျင်းထူတဲ့ မြင့်သူ ရယ်.."

"ဒါဆိုလဲ ဆက်ပြောစေ .. အမျိုးမတော်တဲ့ စိုးဇော် ရယ် .."

ဇာတ်ဟန်ဇာတ်သံကြောင့် ကျွန်တော် ပြုံးမိပါသည်။

"အပေါ်ယံသဘောကို ကြည့်ရင်တော့ နေကိုကို အနေအထားနဲ့ နီထက်မော် ရဲ့ အနေအထားက သူ့လမ်းနဲ့သူ လျှောက်နေကြတာပဲ..၊ နီထက်မော် က ချမ်းသာတယ် .. ပြီးတော့ မာနနဲ့အလှကြောင့် မြောက်ကြွမြောက်ကြွဖြစ်နေတဲ့ မိန်းမ .."

"လူများသားသမီးကို အဲလို ချိုချိုသာသာလေး ပြောရတယ်.."

စိုးဇော် မြင့်သူ စကားကြောင့် ရယ်ပြီး ...

"ကွင်းကွင်းကွက်ကွက်ဖြစ်အောင် ပြောပြတာပါကွာ .. အဲဒီကောင်ကျတော့ သာမန် အမှုထမ်းအရာထမ်းမိဘတွေက ဆင်းသက်လာတာ .. ပိုက်ဆံဆိုရင်လည်း အမြဲ ဘိုင်ပြတ်နေတာ ..၊ စားဖို့သောက်ဖို့ဆိုရင်လည်း တောင်းမစားရုံတမယ် အငတ်ငတ်အပြတ်ပြတ် ခွေးလေခွေးလွင့် .."

နေကို .. သူ့ကို မှီချီးမှုစ်ချီး သစ်ကိုင်းချိုး ပြောနေတဲ့ စိုးဇော်အောင် ကို အမြင်ကတ်ကတ်နဲ့ နားပန်ကျင်းတော့ စိုးဇော် က ရှုံ့မဲ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ...

"ငါက ပွင့်လင်းမြင်သာအောင် ပြောပြနေတာပါကွာ .."

"ဟေ့ကောင် အဲဒီလောက်ကြီးချီးမွမ်းမနေနဲ့.. ငါ မနေတတ်ဘူး"

အေးမင်းဇော် က ကျွန်တော့်စကားကြောင့် တဟားဟား ..။

စိုးဇော် က စကားကို ဆက်ပြောသည်။

"တကယ်တမ်းဆိုရင် မင်းက မင်း .. သူက သူပဲ .."

"ရှင်းလိုက်တာ စိုးဇော် ရယ် .."

ကျွန်တော့်စကားကြောင့် စိုးဇော် က ခေါင်းခါကာ ...

"ငါပြောတဲ့စကားက သူ့အသိုင်းအဝိုင်းနဲ့သူ ကိုယ့်အသိုင်းအဝိုင်းနဲ့ကိုယ် ပတ်သက်စရာ မရှိဘူး ပြောတာ .. ဒါပေမယ့် ..."

စိုးဇော်အောင် က စကားကိုရပ်တော့ အေးမင်းဇော် က လက်ဖျောက်တီးကာ ...

"အဲဒီ ဒါပေမယ့်မှာ အဓိပ္ပာယ်တွေ အများကြီးပါတယ် .. မိုးပေါ်က အပ်တစ်စင်းနဲ့မြေပေါ်က အပ်တစ်စင်း ထိပ်တိုက်တွေ့ကြတာ.. မဖြစ်နိုင်တဲ့အနေအထားက ဖြစ်နိုင်တဲ့အနေအထားကို ပြောင်းသွားတာ.. အဲဒါကံကြမ္မာလို့ ခေါ်နေတယ်၊ မင်း.. အဲဒီမိန်းမကို လိုက်ကွာ.."





သူတို့စကားဆုံးတော့ ကျွန်တော် တဟားဟား အော်ရယ်သည်။ ဒီကောင်သုံးကောင်က ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် လျှောက်နေရာမှ လမ်းဘေးအပင်အောက်က ခုံတန်းမှာ ဝင်ထိုင်လိုက်ပါတယ်။ ဒဂုံတက္ကသိုလ်ဝင်းမြေပြင်က အဝါရောင်ဝတ်ဆံတွေနဲ့ အဝါရောင်မြေပြင်အဖြစ် ပြောင်းလဲနေပါတယ်။ နွေကြောင့် တံလျှပ်တွေက တလိပ်လိပ် တလှုပ်လှုပ်။ ကျွန်တော် ဖြည်းဖြည်းချင်း ပြုံးလိုက်မိပါသည်။ ကျွန်တော့်အပြုံးကို ဒီကောင်တွေ သဘောမပေါက် ..။

"အဲဒါ ကံကြမ္မာ မဟုတ်ဘူး .."

မြင့်သူ က မျက်ခုံးတွန့်ရင်း ...

"ဘာပြောတယ် .. အဲဒါ ကံကြမ္မာ မဟုတ်ဘူး .."

ကျွန်တော် ခေါင်းညိတ်ပြုံးပြီး မြင့်သူ ကို ကြည့်သည်။

"ဟုတ်တယ်၊ အဲဒါ ငါ ..."

သုံးယောက်လုံး မျက်ခုံးတွေ မြင့်တက်သွားပါသည်။

"စတွေ့တွေ့ချင်းနေ့မှာ ပါးအရိုက်ခံရအောင် တမင်အကွက်ဆင်လိုက်တာလဲ ငါပဲ ..၊ CV ကို မင်းကိုရှေ့မှာထားပြီး မနှစ်က ငါ



www.burmeseclassic.com

www.burmeseclassic.com



ဒီကို အလည်လာရင်း ကျောင်းသားရေးရာရှေ့မှာ ကောက်ရထားတဲ့ ဓာတ်ပုံကို မင်းတို့မသိအောင် အသာကပ်၊ နို့တစ်ဘုတ်မှာ စားပွဲထိုး လေးကို ဘယ်သူမှ မသိအောင် သွားကပ်ခိုင်းတာလဲ ငါပဲ ..၊ ကဲ .. ဘာသိချင်သေးလဲ .."

စိုးဇော်အောင် က မျက်လုံးကြီးပြူးပြီး ကြောင်တောင်တောင်နဲ့...

"အဲ .. အဲဒါ .. ဘာလို့လုပ်တာလဲ နေ .."

ကျွန်တော် စကားတစ်ခွန်း ပြောလိုက်ပါသည်။

"အချစ်လေ .. ချစ်လို့ပေါ့ .. မိုးထက်မော် ဆိုတဲ့ အမျိုးသမီးကို ငါက ကြိုက်ပါတယ်လို့ သွားပြောရင် ငါ့အနေအထားနဲ့ ငါ့ကို ဟားလွှတ်မှာပေါ့ဟ .. ဒါကြောင့် အမှတ်တမဲ့တွေ များစွာကို တမင် အကွက်ကျကျ စီစဉ်ခဲ့တာပေါ့ကွာ .."

မြင့်သူ တို့ တဖြည်းဖြည်း သဘောပေါက်လာကာ အားရပါးရ ရယ်ရင်း ...

"ကောင်းလိုက်တဲ့ အကြံကွာ .."

"အေးကွာ .. ငါတို့ကတော့ ဒီကောင့်ဘက်ကနေ တင်းပြီး အဲဒီ အမျိုးသမီးကို ဒေါသတွေ ဖြစ်နေတာ .."





ကျွန်တော်က ရယ်နေပါသည်။

"ဒါဆို မင်း သူ့ကို ကြိုသိနေတာပေါ့ .."

အေးမင်းဇော် က သူ သိချင်နေတဲ့ မေးခွန်းကို အငမ်းမရ မေးတော့ ...

"မနှစ်က ငါတို့ ပြောင်းမလာသေးဘူး .. ဒါပေမယ့် ဒီကို အလည် တစ်ခေါက်ရောက်တုန်း .. ရောက်တုန်းရောက်ခိုက် လာမယ့်နှစ် ဒဂုံ တက္ကသိုလ်မှာဆိုတော့ နည်းနည်းလေ့လာတဲ့သဘောနဲ့ လာရင်း .."

"ဟုတ်ထိသွားတယ် ဆိုပါတော့ .."

ကျွန်တော်က ရယ်ပြီး ခေါင်းညိတ်သည်။

"ကဲ .. ရှေ့ဆက်ပြီး ဘာပလန်တွေ ဆွဲထားလဲ .. ငနေ .."

"အေး .. ဟုတ်တယ် ..၊ ငါတို့လည်း ဝိုင်းပြီး ဒီစစ်ဆင်ရေးကို ကူညီပေးမယ်ကွာ .."

ကျွန်တော် ကျေကျေနပ်နပ်နဲ့ ခေါင်းညိတ်ပြမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“နှင် နှစ်ခါရှိပြီနော် မိုးထက် ..”

“နှစ်ထပ်ရှိတော့ မှတ်မိတာပေါ့ဟာ ..”

မိုးထက် က ခိုင်ခိုင့် စကားကို အပျော်အပြက်သဘောနဲ့ပြောတော့ သက်သူဇာဝေ ဆိုတဲ့ မိသက် က ...

“နှစ်ထပ်ရှိ မှတ်မိတယ်တဲ့ဟာ .. ဒါဆိုရင် အိပ်မက်ထဲထိအောင် မှတ်မိတဲ့သဘောပေါ့ နော် ..”

မိသက် စကားကြောင့် မိုးထက် က မျက်စောင်းထိုးကာ ခွဲဆိတ်ရင်း ...

“သွားစမ်းပါဟာ .. မိုးထက် ရဲ့စာရင်းဇယားထဲမှာ ဒီလိုအခြေအနေမျိုးနဲ့လူတစ်ယောက်ကို အိပ်မက်တောင်ထည့်မက်မှာ မဟုတ်ဘူး”

သူမစကားကြောင့် ခိုင်ခိုင် က ...





“ဟဲ့ .. ထည့်မက်ခိုင်းတာ မဟုတ်ဘူး .. နှင်က အသလွတ်ကြီး.. အဲဒီလူကို ပြဿနာသွားရှာတာ ပထမတစ်ခေါက်တုန်းကလည်း အသလွတ်ကြီး ပါးရိုက်ပြီးပြီ .. အခုတစ်ခေါက်လည်း ဘူမသိ ကိုးမသိ ဆဲ မော်ကွန်းထိန်းနဲ့သွားတိုင်လိုက်တိုင် ဆိုတော့ ဘယ်သူဘက်က အလွန်သည်း နှင်ပဲ စဉ်းစားကြည့်လေ .. ကြာရင် ဟိုက တစ်ခုခုလုပ်မှဖြင့်...”

“ဟဲ့ .. ဘာလုပ်မှာလဲ ဟင် ..”

မိသက် က မျက်လုံးအပြူးသားနဲ့ ကမန်းကတန်း ဝင်ပြောတော့ ခိုင်ခိုင် က အမြင်ကတ်ကတ်နဲ့ ...

“ဘာလုပ်မလဲ .. နှင့်ဘာသာ သွားမေးကြည့်ပေါ့ဟာ ..”

“ထားလိုက်စမ်းပါဟာ .. သွားတောင်းပန်နေရင် ဒီလိုကောင်တွေက အခွင့်ရေးယူလာလိမ့်မယ် .. နေပါဦး .. အဲဒီကောင်ရဲ့နာမည်က ဘယ်သူ ..”

“ဘယ်သူ မဟုတ်ပါဘူး .. နေကိုကို တဲ့ ..”

ခိုင်ခိုင့် စကားကြောင့် မိုးထက် က မဲ့ရွဲ့ရင်း ...

“နှင်က အဲဒီကောင်ကို တော်တော်စိတ်ဝင်စားနေပုံ ရတယ်နော်”

ခိုင်ခိုင် က မိုးထက် လက်မောင်းကို လှမ်းရိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကန်တင်းမှာ သူ့သူငယ်ချင်းတွေ ပြောနေတာကို ကြားသို့ဟဲ့"

မိုးထက် နှုတ်ခမ်းကို တင်းတင်းစေ့မိသည်။ ခိုင်ခိုင် က မိုးထက် မျက်နှာလေးကို ငေးကြည့်မိပါသည်။ မိုးထက်မော် ဆိုတဲ့ သူတို့ သူငယ်ချင်းမလေးက အပြစ်ပြောစရာကို မလိုအောင် လှမှန်း သူမတို့ လည်း သိပါသည်။ မိုးထက်မော် ကျောင်းအလာ ကားပေါ်ကဆင်းပြီး အခန်းထဲရောက်တဲ့အထိ ရည်းစားမဖြစ်ရင်နေ .. ခဏလောက် ငေးခွင့် လေးရရုံ .. တကူးတကလာကြည့်တဲ့ အခြားမေဂျာတွေက ကျောင်း သားတွေ တစ်နေ့ထက်တစ်နေ့ ပိုများရုံပဲရှိတယ်လို့ဆိုရင် လွန်ရာကျ မယ်လို့ ထင်ချင်ထင်နေမယ်။ ဒါပေမယ့် အဲဒါက တကယ့်အမှန် စကားပါ၊ သူမတို့နဲ့ရင်းနှီးတဲ့ နာမည်ကြီးဓာတ်ပုံဆရာတစ်ယောက်က မိုးထက်မော် အလှကို အနုလို ချီးမွမ်းဖူးပါသည်။

"စိမ်းစိုနေသော တောအုပ်နဲ့တူသော အလှတရား"တဲ့။ တရား လား .. မတရားလားတော့ ခိုင်ခိုင် မသိ။ သူမတို့သူငယ်ချင်း လှတာ တော့ သိသည်။ ပြီးတော့ လှသလောက် ခေါင်းကြောမာတာလည်း သိပါသည်။





အစွယ်ပြလို့ လန့်တာမဟုတ်တူး
အစွဲအလမ်းလေးပါ...။
အစွဲအလမ်း..အစွဲအလမ်းနဲ့..
တကယ်လည်းလွှမ်းရပြီ...
စတွေ့ကတည်းက
အဲဒီအစွဲအလမ်းကြောင့်
နှလုံးသားနဲ့ မျက်လုံးများလည်း
ကန်းခဲ့ရပါပြီ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စုထဲမှာ ရှားရှားပါးပါးဆိုလို့ အေးမင်းဇော်ဆီမှာသာ ဖုန်းတစ်လုံး ရှိပါသည်။ အေးမင်းဇော် မိဘတွေက ပိုက်ဆံရှိသည်လို့တော့ ပြောလို့ရတာပေါ့လေ။

ကျန်တဲ့သုံးယောက် အခြေအနေတွေကတော့ မရှိဘူးလည်း မဟုတ် ..၊ ရှိသည့်အမျိုးအစားလည်း မဟုတ် ..။ နေနိုင် စားနိုင် သူလိုကိုယ်လို ဝတ်နိုင်တဲ့ လူလတ်တန်းစားအခြေအနေပေါ့။

အခုလည်း ကန်တင်းမှာ စားရင်းသောက်ရင်း မြင့်သူ က နာရီ တကြည့်ကြည့်နဲ့ ...

"ဒီကောင် ဒီနေ့ ကျောင်းမတက်ဘူး ထင်တယ်နော် .."





"တက်မှာပါကွာ .. သူ့အမေ ခိုင်းလိုက်လို့ မြို့ထဲ ခဏသွားမယ် .. ပြီးရင် ကျောင်းတန်းလာခဲ့မယ်လို့ ငါ့ကို ပြောသွားတယ်ကွ.."

အေးမင်းဇော် စကားကြောင့် စိုးဇော် လက်ဖက်ရည်ကုန်အောင် မော့သောက်ချလိုက်ရင်း ...

"ဒီကောင် ဘာတွေခွင်ဆင်ထားလဲ မသိဘူးကွ .. ဒီရက်ပိုင်းထဲ ဒီကောင် ငနေ တစ်ခုခုကို ကျိတ်ကြံနေပုံ ရတယ် .."

စိုးဇော် စကားကြောင့် အေးမင်းဇော် ပြန်ပြောမယ် ပြင်ရုံရှိပါသေးတယ် ..၊ ဒီကောင့်ဖုန်းဆီက အသံမြည်လာတာကြောင့် အေးမင်းဇော်က ဖုန်းကိုဖွင့်ပြီး နံပါတ်ကြည့်လိုက်ပါတယ်။

"ဘယ်သူ့ဆီကလဲ .."

မြင့်သူ မေးတော့ အေးမင်းဇော် က ခေါင်းခါရင်း ...

"မသိဘူး .. ဖုန်းစိမ်းတော့ ဖုန်းစိမ်းပဲ .."

"အစိမ်းရောင်ဖုန်းဆိုတော့ အရောင်ကြီးက မလှပါဘူးကွာ .."

"ဟာ .. အမြဲဆက်နေကျဖုန်းနံပါတ် မဟုတ်ဘူးလို့ ပြောနေတာ နေ့ာရ .."

"သိဘူးလေကွာ .."



www.burmeseclassic.com

www.burmeseclassic.com



အေးမင်းဇော် က ဖုန်းကို ဖွင့်ပြီး …

"ဟလို"

"ဟုတ်ပါတယ် .. ဗျာ!…"

အေးမင်းဇော် ရဲ့ အလန့်တကြားဟန်ပန်ကြောင့် သူတို့ပါ

ဖျပ်သွားပါသည်။

"ဘာဖြစ်တာလဲ .."

အေးမင်းဇော် က လက်ကာပြရင်း ဖုန်းဆက်နေပါသည်

"ခဏလေး .."

အေးမင်းဇော် က ဘောပင်နဲ့စာရွက်ပြောတော့ မြင့်သူ က

ပိုးအိတ်ထဲက ဘောပင်နဲ့စာရွက်ကို ထုတ်ပေးတော့ အေးမင်း

က ဖုန်းကို နားမှာကပ်ကာ တစ်ဖက်ပြောတဲ့စကားကို စာရွက်

ချရေးပြီး လိုက်မှတ်ပါသည်။

"ဟုတ်ကဲ့ .. ဟုတ် .. ဟုတ်ကဲ့ .. ကျေးဇူးပါပဲဗျာ .. အခုရှ

ထွက်လာခဲ့ပါ့မယ် .."

အေးမင်းဇော် က ဖုန်းကိုပိတ်ပြီး ထရပ်ကာ …

"ရှင်းမယ်ဟေ့ .. မြန်မြန် .."





"ဟ .. နေပါဦး .. ဘာဖြစ်တာလဲ .."

ဇိုးဇော်အောင် အမေးကြောင့် အေးမင်းဇော် က အခုလို ဖြေပါ

သည်။

"ငနေ .. အရိုက်ခံရလို့ ဆေးရုံရောက်နေတယ် တဲ့ .."

"ဟေ!…"

"တကယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူ တို့ အခန်းထဲဝင်တော့ ငနေ က သိပ်ဆိုးဆိုးဝါးဝါး မဖြစ်လို့ တော်ပါသေးရဲ့ ..၊ ခေါင်းမှာ ဖဲတီးမင်းသားတစ်ယောက်လို ခေါင် ပေါင်းထားပါတယ် .. ဘေးမှာ သူနာပြုဆရာမတစ်ယောက်နဲ့ ရုပ်ရည် ခပ်သန့်သန့် လူကြီးတစ်ယောက် ..၊ နေကို့ အဖေ ဦးကိုကို တော မဟုတ်ပါ ..။

"လာ .. မြင့်သူ တို့ .."

မြင့်သူ နာမည် ဦးတည်ခေါ်ပြီး ပြောတော့ မြင့်သူ က ...

"တော်သေးတာပေါ့ကွာ .. အလတ်ကြီး တွေ့ရလို့ ..၊ မင် အရိုက်ခံရတာ ဆို .."

မြင့်သူ စကားကြောင့် နေကို က ရယ်သည်။





"မဟုတ်ပါဘူးကွာ .. ဒီက အန်ကယ်လ် .."

နေကို ပြောနေရခက်နေတာကြောင့် အန်ကယ်လ်ကြီးကပဲ ...

"အန်ကယ်လ့်နာမည်က ဦးမိုးကျော်အောင် တဲ့၊ အန်ကယ်လ် မြို့ထဲရောက်တော့ တိုက်ခန်းတစ်ခုရဲ့ရှေ့မှာ ကားရပ်ပြီး ကားဝဲခါး တ်ပြီး လှည့်အထွက် ဘယ်အထပ်ကပန်းအိုးက ပြုတ်ကျလာလဲ သိပါဘူးကွာ .. ဒီကမောင်ရင် ကယ်လို့သာပေါ့ ..၊ တော်သေးတာ ပေါ့ .. ပန်းအိုးက စီးတီးမတ်တို့ ဘာတို့မှာ ရောင်းတဲ့ အလှထား န်းအိုး သေးသေးမို့လို့ပေါ့ကွာ .."

အန်ကယ်လ်ကြီး ပြောပြတော့မှ သူတို့အဖြစ်မှန်ကို သိရပါသည်။ နေကို က ဆက်ရှင်းပြပါတယ်။

"ကျွန်တော် လှမ်းတော့တွေ့လိုက်တယ် အန်ကယ်လ် .. မြေညီ ထပ် .. ပြီးတော့ နောက်တစ်ထပ်က ကလေးမလေးက လုံချည်လှမ်း ရှပ်လိုက်တာ လုံချည်နဲ့ပတ်ပြီး ပန်းအိုးကို တွန်းချသလိုဖြစ်သွားတာ..၊ အဲဒါကြောင့်မို့ အန်ကယ်လ့်ကို တွန်းလိုက်တာ .. သုံးလေးထပ်က န်းအိုးဆိုရင်တော့ သေပြီ အန်ကယ်လ် .."

ငနေ ပြောပြတော့ အေးမင်းဇော် က သက်ပြင်းချရှုင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကွာ .. မြို့ထဲမှာလမ်းလျှောက်ရင်း အပေါ်ကဘာကျလာမလဲ သတိထားနေရတယ် .. ဟိုတစ်ခါလည်း .. ကန်တော့ နော် အန်ကယ်လ် .. အမျိုးသမီးသုံးအတွင်းခံကြီး ပြုတ်ကျလာလို့ မနည်း ရှောင်ရသေးတယ် .."

အေးမင်းဇော် စကားကြောင့် အန်ကယ်လ်ဦးမိုးကျော်အောင် က ရယ်ပါသည်။ ရုတ်တရက် တံခါးဖွင့်သံကြောင့် ကြည့်လိုက်တော့ အပြင်ကဝင်လာတဲ့ မိုးထက်မော် နဲ့ နိုင်နိုင် ရော အထဲက သူတို့ တစ်အုပ်စုလုံးပါ အံ့သြကုန်ကြပါသည်။

"သမီး ဝင်ခဲ့လေ .."

"သူ .. သူက အန်ကယ်လ်နဲ့ .."

ဦးမိုးကျော်အောင် က မြင့်သူ စကားကြောင့် ...

"ဘာဖြစ်လို့လဲ .. ဒါ အန်ကယ်လ်သမီးလေ .. မိုးထက်မော် တဲ့ .."

မိုးထက်မော် ကိုယ်တိုင်လည်း မျက်ခုံးလေး ယောင်ယောင်တွန့် ရင်း ...

"ဒယ်ဒီ .. ဒယ်ဒီပြောတဲ့ ဒယ်ဒီ့ကို တွန်းချလိုက်တာ .."





"ကယ်လိုက်တာပါ သမီးရယ် .."

"သူလား .."

မိုးထက်မော် က ခုတင်ပေါ်က နေကို ကို မေးဆတ်ပြတော့ န်ကယ်လ်က ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် သမီး .. မောင်နေကိုကို တဲ့၊ ဒီကလေး ကယ်ပေလို့ ပေါ့ ..၊ ဒါနဲ့ ..."

အန်ကယ်လ် စကားမဆက်ခင် အခန်းထဲ ဝင်လာသူတွေက တို့ မိခင် ဒေါ်နေရီရီဦး ...၊

"သား .."

ဒေါ်နေရီရီဦး ရဲ့မျက်နှာပေါ်မှာ စိုးရိမ်စိတ်တွေ ပူပန်သောကတွေ တွေ့ရသည်။

"စိုးရိမ်လိုက်ရတာ သားရယ် .. ဘယ်လိုဖြစ်ရတာလဲကွယ်.."

"ဒီက မောင်နေကို ရဲ့မိခင် ထင်တယ်နော် .."

အန်ကယ်လ် က အလိုက်သင့် ဝင်ပြောပါသည်။ ဒေါ်နေရီရီဦး ဦးမိုးကျော်အောင် ကို ခေါင်းညိတ်ပြတော့ အန်ကယ်လ် က ရားအရ အပြုံးနဲ့နှုတ်ဆက်ရင်း ဖြစ်ကြောင်းကုန်စင် ရှင်းပြပါ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ အေးမင်းဇော် က လူကြီးတွေ မကြားအောင် ကပ်ပြီး ခပ်တိုးတိုး မေးပါသည်။

"ဒါလဲ မဟာ့ဗျူဟာအရပဲလား နေကို .."

မြင့်သူ နဲ့ စိုးဇော်အောင် ကလည်း ဒီကိစ္စကို အဖြစ်မှန် သိချင်နေတာကြောင့် စိတ်ဝင်တစားနဲ့ နေကို ဖြေမယ့်အဖြေကို နားစွင့်မိနေကြပါသည်။ နေကို က ပျာပျာသလဲနဲ့ ...

"ဟာ .. မဟုတ်ပါဘူးကွာ .. အခုလို သေမလား ဂန့်မလား ကိစ္စကြီးနဲ့တော့ ငါက အရှုးထပြီး လုပ်မလားကွ .."

နေကို့ စကားကြောင့် သုံးယောက်သား ကျိတ်ရယ်ကြပါသည်။ မိုးထက်မော် က လူကြီးတွေစကားဝိုင်းကနေ ဖျတ်ခနဲ လှမ်းကြည့်တော့ ချက်ချင်း ရုပ်တွေတည်သွားကြပါသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ .. ကံကြမ္မာကတော့ မင်းဘက်ကနေ အပေါ်ကြေး ဖွင့်နေပြီ နေကို .."

"တော်စမ်းပါကွာ .."

ကျွန်တော့်ရဲ့ ရှုံ့မဲ့မဲ့စကားကြောင့် မြင့်သူ က သဘောကျစွာ တဟိဟိ ..။





"အင်း .. သူ့အဖေက စိတ်ပူနေတာ .. ပြီးရင် သိပ်ပြီး ဆိုးဆိုးဝါးဝါးမဖြစ်တဲ့အကြောင်း သူ့ရုံးကို ဖုန်းပြန်ဆက်မှ ဖြစ်မှာ .."

"ဟုတ်တာပေါ့ အစ်မကြီးရယ် .. မိဘဆိုတော့ စိတ်ပူနေမှဖြင့် ..ဲ .. သမီး အဖေ မှာလိုက်တာ .."

အန်ကယ်လ့်စကားကြောင့် မိုးယဉ် က အကင်းပါးစွာ သူမပခုံးသိုင်းအိတ်ထဲက ငွေစက္ကူတစ်အုပ်ကိုထုတ်ကာ အန်ကယ်လ့်ကို ပေးပါတယ်။

အန်ကယ်လ် က အားနာဟန်နဲ့ ဒေါ်နေရီရီဦး ကို ပေးကာ ...

"ဟစ်မျိုးတော့မထင်ပါနဲ့ အစ်မကြီးရယ် .. ဒီငွေလေးကို လက်ခံပေးပါ နော် .."

"အို!... မဟုတ်တာ .."

ဒေါ်လေး နေရီဦး က မျက်နှာပျက်ပျက်နဲ့ငြင်းတော့ မိုးထက် က ဝင်ပြောရပါသည်။

"ယူလိုက်ပါ အန်တီရယ် .. ဟိုလေ .. လက်ရှိအထိတော့ ဆေးကုသစရိတ်တွေ သမီး အကုန်ဝင်ရှင်းခဲ့ပြီးပြီ အန်တီ.. ဒါက .. ဟိုအပ်ကာလေးတွေအတွက်ပေါ့ .."



www.burmeseclassic.com

ဒေါ်လေး အနေရခက်နေမှန်း မြင့်သူ တို့ သိပါသည်။

အန်ကယ်လ် ကလည်း ဝင်ပြောပါတယ်။

"ယူထားလိုက်ပါ အစ်မကြီးရယ် .. ကျွန်တော်တို့ စိတ်မကောင်းဖြစ်အောင်တော့ မလုပ်ပါနဲ့နော် .. ကျွန်တော်တို့လဲ နေ့တိုင်း လာကြည့်မှာပါ ..၊ ကဲ .. အခုတော့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

"ဟုတ် .. ဟုတ်ကဲ့ရှင့် .."

"ကဲ .. မောင်နေကို အန်ကယ်လ် ပြန်ဦးမယ် .. မနက်ဖြန်မှ တစ်ခေါက် လာခဲ့မယ် .."

"ဟုတ်ကဲ့ပါ အန်ကယ်လ် .."

မိုးထက်မော် ကတော့ ကြည့်ရုံတင် ကြည့်သွားပါသည်။ ပြုံးပြခြင်းတော့ မရှိ ..။





"ဟာ .. ဒါဆို နင် ပွတာပဲ မိုးထက် .."

"ဘာပွတာလဲ .. မာလကာသီးလား .."

အရေးထဲ သက်သူဇာဝေ စကားကို ခိုင်ခိုင် က အရွှန်းဖောက်နေတော့ သက်သူဇာဝေ က ခိုင်ခိုင့် ကို မျက်စောင်းထိုးပြီး ...

"အေး .. ပွချင်ရင် နင့်ဟာနင် ပွ .."

ခိုင်ခိုင် က မျက်လုံးအပြူးသားနဲ့ ရင်ဘတ်ဖိရင်း ...

"ဟဲ့ .. ဘာပွရမှာလဲ .."

"နင့်နှာခေါင်းလေ .."

ခိုင်ခိုင် က နှာခေါင်းခပ်ပွပွဆိုတော့ သူ့နှာခေါင်း သူကိုင်ရင်း...

www.burmeseclassic.com



"တော်သေးတာပေါ့ ဟယ် .."

"ပြောပါဦး .. ငါကရော ဘာပွဲရမှာလဲ .."

သက်သူဇာဝေ က မိုးထက် စကားကြောင့် ပြုံးစေ့စေ့နဲ့ ပခုံးတွန့်ရင်း ...

"ဩော် .. နင့်ဒယ်ဒီက သူ့ရဲ့ အသက်သခင်ကျေးဇူးရှင်လေးဆိုပြီး နင်နဲ့ သဘောတူကြည်ဖြူနေရင် ဘယ်လိုလုပ်မလဲ .."

သက်သူဇာဝေ စကားကြောင့် မိုးထက် က ဟက်ဟက်ပက်ပက်ရယ်သည်။

အခန်းထဲမှာ ဆရာမဝင်သေးတာကြောင့် သူ့အဖွဲ့နဲ့သူ စုပြီး စကာပြောနေကြပါသည်။

မိုးထက် က ရယ်စရာဟာသတစ်ပုဒ် ကြားရလို့ ရယ်လိုက်ပုံကြောင့် သက်သူဇာဝေ မကျေမနပ်ဖြစ်သွားပါသည်။

"ငါပြောတဲ့အထဲမှာ ရယ်စရာပါလို့လား မိုးထက် ရယ် .."

သူမက ပြုံးစေ့စေ့နဲ့ ...

"ဩော် .. တိုက်ဆိုင်လို့ပါ .. မနက်က ဒယ်ဒီ ကုမ္ပဏီမသွားခင်ငါ့ကို ခေါ်ပြောလို့ပါ .."





"ဘာလဲ .. ငါပြောတဲ့ အတိုင်းပဲလား .."

သူမက နှာခေါင်းရှုံ့ရင်း ပြုံးစေ့စေ့နဲ့ ...

"သမီး တဲ့ .. နေကိုကို ဆိုတဲ့ကောင်လေးက ဒယ်ဒီရဲ့ အသက်သခင်ကျေးဇူးရှင် တဲ့ .."

"တွေ့လား .. ငါ မပြောဘူးလား .."

သက်သူဇာဝေ က အားရဝမ်းသာနဲ့ ပြောသည်။ ခိုင်ခိုင် က သက်သူဇာဝေ လက်မောင်းကို လှမ်းရိုက်ပြီး ...

"နေပါဦး မိသက်ရယ် .. ဟိုက ပြောပါစေဦး .."

"ဒါပေမယ့် အသက်သခင်ကျေးဇူးရှင်ဆိုပြီး ဒယ်ဒီ့သမီးလေးကိုတော့ ကောင်လေးလက်ထဲ ထိုးမအပ်ရစေနဲ့ကွယ်တဲ့ .. သမီးလည်း ဒယ်ဒီ့ကိုငဲ့ပြီး သနားစိတ်လေးနဲ့ ခေါင်းမညိတ်လိုက်ပါနဲ့ကွယ်တဲ့ .. တဲ .."

မိုးထက် စကားကြောင့် ခိုင်ခိုင် က ရယ်သည်။ သက်သူဇာဝေ က သူမ အထင်လွဲမှားသွားတာကြောင့် မျက်နှာကြီးရှုံ့မဲ့သွားပါသည်။

မိုးထက် တစ်ခုခုကို စဉ်းစားမိပုံနဲ့ မျက်ခုံးနှစ်ဖက်တွန့်ကျွေးနေတော့ ခိုင်ခိုင် က သတိပြုမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဘာတွေစဉ်းစားနေတာလဲ .. ဘာလဲ .. မောင်နေ
ကို ကျေးဇူးဆပ်မလို့လား .."

"မဟုတ်ပါဘူး ခိုင်ခိုင် ရယ် .. ငါ စဉ်းစားမိလို့ပါဟ .."

"ဘာတွေလဲဟဲ့ .. ခေါင်းဖြူအောင်တော့ ငါတို့ကို ပွစ္စာလာ
နဲ့ နော် .."

"မဟုတ်သေးဘူးဟ .. ပထမတစ်ခါ ပါးရိုက်မိတဲ့ကိစ္စရ
ဒုတိယတစ်ခါ (CV)ဖောင်ကိစ္စရယ်က တိုက်ဆိုင်မှုဆိုတာ ငါ
တယ် .. ဒီတစ်ခေါက်ကတော့ သက်သက်လုပ်ကြံမှုကြီးများလား
ဘူး .."

"ဗုဒ္ဓေါ!..."

"တကယ်!..."

သူမစကားကြောင့် ခိုင်ခိုင် နဲ့ မိသက် လန့်ဖျန့်သွားပါသ

"ဒီတစ်ခါကိစ္စကတော့ ငါ သိပ်ပြီး မသင်္ကာချင်ဘူးဟ .."

"ဘာဖြစ်လို့လဲ .. ဟုတ်ရောဟုတ်ရဲ့လား မိုးထက် ရယ်"

ခိုင်ခိုင် က စိုးရိမ်ဟန်လေးနဲ့ပြောတော့ မိုးထက် က မျက်
မှေးစင်းကာ သေသေချာချာ စဉ်းစားရင်း ...





"ဖြစ်မယ့်ဖြစ်တော့ ငါ့ဒယ်ဒီနဲ့ အရမ်းကြီးကို တိုက်ဆိုင်ပြီး ဖြစ်တာလေ .. တကယ်ရော ဖြစ်နိုင်ပါ့မလား ..၊ ငါ့ဒယ်ဒီဆိုတာ မြေမနင်းမင်းသား ဟ .. လမ်းမှာဆိုရင် ကားပေါ်မှာချည်းပဲ အချိန်ကုန်တာ..၊ အခုကြည့်.. ကားတံခါးဖွင့်ပြီး အပြင်ခဏလေးထွက်တဲ့အချိန်ကျမှ ဖြစ်ရတယ်ဆိုတော့ သိပ်တော့မဟုတ်ဘူး ထင်တယ် နော် .."

မိုးထက် စကားကြောင့် ခိုင်ခိုင် နဲ့ သက်သူဇာဝေ ပါ သံသယတွေ ငြိချင်ချင် ဖြစ်သွားပြီ ..။

"အေးနော် .."

"ဒါဆိုရင် .."

မိုးထက် အေးစက်စက်ပြုံးပြီး ...

"စောင့်ကြည့်ရသေးတာပေါ့ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"အစီအစဉ် ဆက်ဆွဲပြီးပြီးလား ငနေ .."

ကန်တင်းထဲဝင်ဝင်ချင်း အေးမင်းဇော် က မေးရင်း ခုံမှာ ဝင် ထိုင်တော့ ကျွန်တော်က ...

"အင်း .."

"ဟာ .. ဟုတ်လား .. ပြောပါဦး .."

"လက်ဖက်ရည် ကျဆိမ့်တစ်ခွက်နဲ့ ဆေးလိပ်တစ်လိပ် သောက် မယ် .. နေ ကတော့ ပြင်းတယ်နော် .."

"ဟာ .. ခွေးကောင်"

ကျွန်တော့်ခွင်ထဲ ဝင်လာတာကြောင့် ကျွန်တော် အကြောင်းရိုက် တော့ အေးမင်းဇော် က ပျစ်ပျစ်နှစ်နှစ် ဆဲပါသည်။





မြင့်သို့ က စားပွဲထိုးလေးကို ထုံးစံအတိုင်းလို့ လှမ်းအော်မှာပြီး သူ့ဘက်လှည့်ကာ ...

"အကြောင်းမေးနေတာကွ .. အစီအစဉ်အသစ် မဆွဲတာ ကြာပြီ နော် .. သွေးအေးသွားဦးမယ် ..၊ ဟော .. ပြောရင်းဆိုရင်း ..."

မြင့်သူ ရဲ့ ပြောရင်းဆိုရင်းစကားကြောင့် ကျွန်တော် နောက် ကျောဘက်လှည့်ကြည့်တော့ မိုးထက်မော် နဲ့ သူမရဲ့ ဘယ်လက်ရုံးနဲ့ ညာလက်ရုံးတို့ဟာ သူတို့ထိုင်နေတဲ့ကန်တင်းဘက်ကို ဦးတည်လာ နေပါသည်။

"ကဲ .. နင့်ရဲ့ အဖေမတူတဲ့ သဘောလေး .."

ခိုင်ခိုင် က အရင်ဦးဆုံး လှမ်းမြင်ကာ တိုးတိုးကျိတ်ကျိတ်ပြော တော့ မိုးထက်မော် လှမ်းကြည့်ကာ ...

"အခြေအနေ သိရအောင် သူတို့ဝိုင်း ဝင်ထိုင်ရအောင်ဟာ .."

"ကောင်းပါ့မလား .. ဟဲ့ .."

"ဘာလို့ မကောင်းရမှာလဲ .."

မိုးထက် က ဦးဆောင်ပြီး သူတို့ဝိုင်းဆီ ဦးတည်လျှောက်လာ နေတာကြောင့် စိုးဇော်အောင် က သူ့ကို ခပ်တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာတော့ ငါတို့ဝိုင်းဆီ ဦးတည်လာနေတဲ့ပုံပဲ ငနေ

ရေ .."

မြင့်သူ ကလည်း စိုးရိမ်တဲ့မျက်နှာနဲ့ ...

"ခုကန့်တော့ မင်းလိမ်ထားတာတွေ သိသွားပုံပဲ ငနေ ..၊ ဘယ်လို

လုပ်ကြမလဲ .."

"မသိပါဘူး မြင့်သူ ရာ .. မင်း လူခြွေမပျက်စမ်းနဲ့ .."

"အေးပါကွာ .. သိများ သိသွားလားလို့ပါ .."

မိုးထက်မော် တို့အုပ်စု သူတို့ဝိုင်းနား ရောက်တော့ ...

"ကျွန်မတို့ ဝင်ထိုင်လို့ ရမလား .."

အေးမင်းဇော် ကလည်း စပ်ဖြဲဖြဲနဲ့ ပဋိသန္ဓေစကား ဆိုရသည်။

"ထိုင်တာတော့ ထိုင်လို့ရပါတယ် .. ကျွန်တော့်ခေါင်းပေါ် မထိုင်

ရင် ပြီးရော .."

"အောင်မယ် .. ဘာစကားလဲ .."

ခိုင်ခိုင် ကလည်း ပက်ခနဲ ပြန်ချေပတော့ မြင့်သူ က တဟီဟီနဲ့–

"ဘာစကား ကြားချင်လို့လဲ ဟင် .."

သက်သူဇာဝေ က နှုတ်ခမ်းကိုက်ရင်း ...





"ရှင်တို့ နော် .. ကိုယ့်ဘာသာ အေးအေးဆေးဆေးနေ .. ကျွန်မ

တို့ကို လာမပတ်သက်နဲ့ .."

"ဟဲ့ .. ငါတို့က သူတို့ဆီ လာတာလေ .."

"ဟမ်း .. ဟိုလေ .."

ခိုင်ခိုင့် စကားကြောင့် မိသက် အူကြောင်ကြောင် ဖြစ်သွားပါ

သည်။ မြင့်သူ က တခွီးခွီး ..၊ နေကို က အခြေအနေကို သဘော

ပေါက်ကာ ...

"လာ .. ထိုင်ကြပါ .. မတ်တတ်ရပ်ကြီးဆိုတော့ ကြည့်မကောင်း

ပါဘူး .."

"ထိုင်နေရင်တော့ ကြည့်ကောင်းတယ်ပေါ့ .."

ခိုင်ခိုင် က အပျော်သဘောနဲ့ စတော့ အေးမင်းဇော် ကလည်း

ဘယ်ခေမလဲ ..။

"ထိုင်နေတော့ ပိုရုပ်ဆိုးတာပေါ့ .."

ခိုင်ခိုင် က အေးမင်းဇော် ကို မျက်စောင်းထိုးသည်။ တချို့က

တဟားဟား ..၊ ပတ်ဝန်းကျင်က ကျောင်းသားကျောင်းသူအချို့က

တော့ ထူးထူးဆန်းဆန်း နေကို တို့ဝိုင်းမှာ ဝင်ထိုင်တဲ့ မိုးထက်မော်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ လုပ်ရပ်ကြောင့် တီးတိုးတီးတိုးတွေ ဖြစ်ကုန်ကြပါတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ မိုးထက်မော် က တခြားကျောင်းသားတွေ ဝိုင်းမှာ တကူးတကဝင်ထိုင်သည်ဆိုတာ အစဉ်အလာမှမရှိတာ ..။

နေကို ဒါကို ရိပ်မိတာကြောင့် မိုးထက်မော် ကို ပြောမိပါသည်။

"ခင်ဗျား ဝင်ထိုင်တာ အရေးမကြီးဘူး မိုးထက် .. တီးတိုးတီးတိုးတွေ ပြောကုန်ကြပြီဗျ .."

မိုးထက် က နေကို့ ကို အလှဆုံး ပြုံးပြကာ ...

"အခုအချိန်မှာ ရှင်လုပ်သင့်တာက မိုးထက် ခင်ဗျား ဘာသောက်မလဲ ပြောသင့်တယ်လို့ ထင်တယ် နော် .."

မိုးထက် စကားကြောင့် သူ သဘောကျစွာ ရယ်ပြီး ...

"ဟုတ်ပါတယ်.. ကျွန်တော် မှားသွားပါတယ် ..၊ ခင်ဗျား ဘာသောက်မလဲ .. အဆိပ်လား .. အင်ဒလင်းလား .."

"ရှင်နော် ရှင် ..."

သူမက မျက်စောင်းထိုးပြီး တုံ့ပြန်တော့ သူ သဘောကျစွာရယ်ရင်း ...

"အလကားစတာပါဗျာ .. ကဲ ဘာသောက်မလဲ၊ ကော်ဖီလား..





အအေးလား .."

မိုးထက် က စားပွဲပေါ်ကို သူတို့သောက်နေတဲ့ လက်လက်ရည် ခွက်ကို ကြည့်ကာ ...

"ရှင်တို့သောက်တာ ဘာလဲ .."

"လက်ဖက်ရည် .."

"အင်း .. အဲဒါမျိုး သောက်ကြည့်ချင်တယ် .."

နေကို မျက်ခုံးမြင့်တက်သွားပါသည်။

"ဖြစ်ပါ့မလား .."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .. ရှင်တို့တောင် သောက်နိုင်သေးတာပဲ ဟာ .."

"ကျွန်တော်တို့က အကျင့်ဖြစ်နေပြီဗျ .."

"ကဲ .. မှာမယ့်အရေး မှာပါ .."

ခိုင်ခိုင် ကတော့ ရှင်းသည်။

"ငါတို့ကတော့ မသောက်နိုင်ဘူးဟေ့ .. မောင်လေးရေ .. လိမ္မော်ရည် နော် .."

ကောင်လေးက လိမ္မော်ရည်လို့ ကောင်တာကို လှမ်းအော်ပါ

www.burmeseclassic.com

သည်။

"ဒါဆိုရင် ခင်ဗျား ချိုဆိမ့်လောက် သောက်ကြည့်ပေါ့"

သူမက ဘာမှမပြော .. ပြုံးနေလိုက်ပါသည်။ ကျွန်တော် မိုးထက်အတွက် ချိုဆိမ့်တစ်ခွက် လှမ်းမှာပေးမိပါသည်။

"ရှင် သက်သာသွားပြီလား .."

"ဟင် .. ခင်ဗျား ဘယ်လိုသိလဲ .."

နေကို့ စကားကြောင့် မိုးထက် ကြောင်သွားကာ ...

"ရှင် .. ဘာကို ပြောတာလဲ .."

"ဟိုလေ .. ကျွန်တော် ညက အစားမှားပြီး ဝမ်းတွေသွားနေတာ .."

"ဟာ .. ရှင်နော် .. မယုတ်ပတ်နဲ့ .."

သူ့ရဲ့အပြောင်အနောက်ကြောင့် တဟားဟား ရယ်ကြသည်။ ပွင့်လင်းရင်းနှီးမှုလည်း မြန်လာသလိုပါပဲ ..။

"ကောင်းသွားပါပြီ .. တော်သေးတာပေါ့ဗျာ တိုက်ခန်းခပ်နိမ့်နိမ့်က ကျလို့ပေါ့ .. ပန်းအိုးကလည်း အခန်းထဲမှာ အလှပြသက်သက်ထားတဲ့ပန်းအိုးမို့လို့ပေါ့ ..၊ ဆရာဝန်ကတော့ ပြောပါတယ် .. ခေါင်း





ကိုက်စရာကိစ္စတွေ သိပ်မစဉ်းစားနဲ့တဲ့ ..၊ အဓိကကတော့ ခင်ဗျားအနားမှာ မနေနဲ့တဲ့ .."

"ရှင်!... ဘယ်လို .. ဘယ်လို .."

ကျွန်တော်ကလည်း ရုပ်တည်တည်ပါပဲ။

"ဩော် .. ခင်ဗျားအနားမှာ နေရင် ခေါင်းကိုက်စရာတွေနဲ့ ကြုံလိမ့်မယ်တဲ့ .. ခပ်ဝေးဝေး နေတဲ့ .."

အခုမှ ရယ်စရာပြောမှန်းသိကာ သူမက ရယ်ပြီး သူ့ကို နှုတ်ခမ်းကိုက် မျက်စောင်းထိုးတော့ သူ့ခေါင်းကိုကိုင်ကာ ရုတ်တရက် ...

"အား .. ကျွတ်.. ကျွတ် .."

သူငယ်ချင်းတွေက တဟားဟားနဲ့ ပွဲကျနေပြန်ပါသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ

သူ့ဆီက ချေးငှားလိုက်ရတဲ့ မျက်ရည်တစ်စက်ပေါ့ ..

ကောင်းမယ်ထင်လို့ ဖွင့်ချလိုက်ပြီးမှ ..

မှန်တယ်ထင်လို့ သူပေးလိုက်တဲ့ အမှန်းတရားတွေထဲ

အတုံးအရုံး လဲကျရတော့မယ် ..

ပုံပြင်ဖန်တီးသူ ဆိုရင် ..

ကိုယ့်နေရာကို မှန်မှန်ကန်ကန် ရွေးပေးပါ ...။







ငါ့နှလုံးသားဆိုတာ သံချေးတက် မှိုတက် ပင့်ကူမျှင်တွေနဲ့ နေပိတ်ထားတဲ့ တံခါးဟောင်းတစ်ခုပါ။ မင်းနဲ့မတွေ့ခင်အထိတော့ ဒီတံခါးကို ဒီတစ်သက် ဘယ်သူမှ ဝင်မလာတော့ဘူးလို့ ထင်ထားတာ..၊ အခုတော့ ဖွင့်မရတဲ့တံခါးကို ဘယ်လိုသော့မျိုးနဲ့ မင်း တွန်းဖွင့်ဝင်လာတာလဲ မိုးထက်မော် ..၊

ငါ့ဘဝက မိုးမျှင်မြူမှုန်ကြားက ချောက်ကမ်းပါးရဲ့အစပ်မှာ အချစ်ဆိုတဲ့ မျှော်လင့်ချက်ပျားရည်တစ်စက်ကို ရှေ့တစ်လှမ်းတိုးရင် ရလိမ့်မယ်လို့ ထင်နေတဲ့သူပေါ့ ..။

ယောက်ျားဆန်ဆန် ဖွင့်ပြောချင်ပေမယ့် မြေမတူတဲ့အနေအထား က ပွင့်တဲ့ပန်းကို ဘယ်လိုစကားမျိုးနဲ့ ခူးခွေလို့ရမှာလဲ မိုးထက်မော်..



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကတော့ အမြဲပြာနေရမယ်လို့ မဆိုလိုပါဘူး။ ငါ့အတွက်တော့ နှင့်နှလုံးသားထဲက ကောင်းကင်ကို အပြာရောင်သမ်းဖို့ 'တစ်နေ့ ..'ဆိုတဲ့ စကားနဲ့အတူ ငါ မျှော်နေရမှာပေါ့ ..၊

ယာယီဖျောက်ဖျက်ထားရတဲ့ ချစ်ခြင်းမေတ္တာတရားကို ပွင့်ပွင့်လင်းလင်း မဖော်ကျူးနိုင်သေးသရွေ့တော့ နှင်နဲ့ ငါဟာ ဝေးနေဦးမှာပါ..၊ တကယ်လို့ ဖွင့်ပြောပြန်ရင်လည်း အမှန်တရားက ရှုံးနိမ့်မှုကို ငါ့အတွက် ရွေးချယ်ပေးမှာပဲလေ ...။





သူနဲ့ ကျွန်တော်ဟာ ရင်းနှီးခွင့် ထပ်မပိုကြပေမယ့် မေးထူးခေါ်ပြောခွင့်ထက် သာတဲ့ ခင်မင်မှုမျိုးကို ရရှိပါတယ်။

လုပ်ကြံဖန်တီးမှု တိုက်ဆိုင်မှုမျိုးကို ပေးဖို့ အခက်တွေ့စေတဲ့ ခင်မင်မှုမျိုးလို့ ခေါင်းစဉ်တပ်ရမလို ဖြစ်နေခဲ့ရတဲ့အချိန်ကာလပေါ့။

တစ်နေ့ ကျွန်တော်တစ်ယောက်တည်း အခြားမဂ္ဂါဘက်သွားပြီး ကိုယ့်အခန်း ကိုယ်ပြန်လာရာလမ်းမှာပေါ့ ..။

ကားလှလှတစ်စီးနဲ့ လူတစ်ယောက် .. အချိန်ကာလ နေ့ခင်းနေ့လည် ကဗျာဆန်ဆန် သစ်ရွက်ခြောက်တွေ ကြွေနေတဲ့လမ်းမှာပေါ့ ..၊ ကဗျာမဆန်ချင်ဘူးလို့ ငြင်းချင်လည်း ငြင်းနိုင်ရတဲ့အကြောင်းရင်းကတော့ ကျွန်တော့်ရဲ့ကောင်းကင်ကိုမော့ကြည့်ရတဲ့ နာမည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟာ အဲဒီကားဘေးနားက ခါတ်ရှင်မင်းသားလိုလူနဲ့ စကားတွေ ပြောနေကြပါတယ်။

ဗီဒီယိုတွေထဲမှာဆိုရင်တော့ နောက်ခံသီချင်းတစ်ပုဒ်ဖွင့်ပြီး ဆွေးကောင်း ဆွေးနိုင်ပါတယ်။ မျိုးကြီး လေးဖြူ အငဲ ရဲ့ "ဘယ်မှာနားခိုမလဲ"၊ ဇော်ဝင်းထွဋ် ရဲ့ "ဘယ်သူရှိမလဲ"၊ ကျားပေါက်တို့ သားပေါက်တို့ ဖော်ကာတို့ ယမကာတို့ ဘာညာနဲ့ ရွေးစမ်း ..။

ဘယ်လောက် ကြည့်ကောင်းလိုက်မလဲ ..၊ ဒါပေမယ့် လက်ရှိအချိန်မှာတော့ သူတို့ဘေးက ဖြတ်လျှောက်ရမယ့်အချိန်မှာ သတိနဲ့ အသိကို မြဲစွာစောင့်ရှောက်ရင်း ခြေလှမ်းမမှားအောင် သတိထားပြီး လျှောက်ရပါတယ်။

တော်ကြာ အသည်းကွဲပြီး လမ်းလျှောက်တာ ခြေမကွဲတယ်၊ မှောက်ထိုးလဲကျတယ်ဆိုရင် လူကြားလို့ မကောင်းပြန်ဘူး မဟုတ်လား ..။

ဒီလိုနဲ့ သူတို့ဘေးက ကျော်ပြီးစ အချိန်မှာ ...

"ဒီမှာ ကိုနေ .. ဟာ .. ကိုနေကိုကို .. မဟုတ်ပါဘူး .. ကိုနေ.."

မိုးထက်မော် ရဲ့ တစာစာအော်မြည်သံကြောင့် ကျွန်တော် ခြေ





လှမ်းကိုရပ်ပြီး လှည့်ကြည့်လိုက်ပါတယ်။ သူမ မျက်နှာပေါ်မှာ အလိုမကျဟန်တွေ တွေ့ရပါတယ်။ ပြီးတော့ စူပုပ်ပုပ်အမူအရာတချို့တလေနဲ့ပေါ့ ..။

ကျွန်တော် ကြောင်တောင်နဲ့ ကြည့်လိုက်တော့ ကားဘေးက ဝှက်ဂိုလ်က သူမနဲ့ ကျွန်တော်ရှိရာဆီ လျှောက်လာပါတယ်။ သူမက ပြန်းဆို ကျွန်တော့်လက်ကောက်ဝတ်ကို ဆုပ်ကိုင်တော့ ကျွန်တော် အလန့်တကြားနဲ့ ရုန်းရင်း ...

"ဟာ .. ဘာလုပ်တာလဲ .. လူမြင်မကောင်းဘူး .."

ကျွန်တော် ယောင်ယောင်အအနဲ့ပြောတော့ သူမက မျက်လုံးကြီးပြူး .. အံကြိတ်ကာ ခပ်တိုးတိုး ပြောပါသည်။

"ရှင် ဘာဖြစ်နေတာလဲ .. ငြိမ်ငြိမ်နေစမ်း .."

သူမရဲ့စကားက မိခင်တစ်ယောက်က သားကို မာန်လိုက်တဲ့ပုံစံမျိုး ..၊ ကျွန်တော်လည်း အဆူခံထိတဲ့ ကလေးတစ်ယောက်လို ငြိမ်ကုတ်သွားပါသည်။

"ကဲ .. ကိုသက်နိုင် .. ဒါ ကျွန်မ ပြောတဲ့ ကျွန်မရည်းစား ကိုနေကိုကို တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ကလူရဲ့မျက်နှာက လငပုပ်ဖမ်းသလို ပျက်သွားပါသည်။

ကျွန်တော်က ပျာပျာသလဲလဲနဲ့ ...

"ဟာ .. မဟုတ်ဘူး .. သူ မဟုတ်တာတွေ ပြောနေတာ .. တစ်မျိုးမထင်ပါနဲ့ဗျာ .. တကယ် ဘုရားစူး .. သူနဲ့ ကျွန်တော်က ရည်းစားတွေ မဟုတ်ရပါဘူးဗျာ .."

"ကိုနေကို .. ရှင် ဘယ်လိုဖြစ်နေတာလဲ .."

"တော်ကြာ သူက ကျွန်တော့်ကို တစ်မျိုးထင်နေမှဖြင့်ဗျာ .."

"ကိုနေကို .."

ကိုသက်နိုင် ဆိုတဲ့သူက တစ်ခုခုကို သဘောပေါက်ဟန်နဲ့ ပြုံးလာကာ ...

"ခင်ဗျား အတော်နောက်တတ်တဲ့သူပဲ ကိုနေကို .. ကဲပါဗျာ.. မိုးထက် အခုလို ရုပ်ရောအသံရော ခင်ဗျားမှာ ရည်းစားရှိမှန်းသိအောင် ပြောပြတဲ့အတွက် ကျွန်တော် ထပ်မနှောင့်ယှက်တော့ပါဘူး.. ကဲ .. သွားပြီ ..၊ သွားပြီနော် ကိုနေကို .."

"ဟုတ် .. ကျွန်တော်တို့ ရည်းစားတွေ မဟုတ်ဘူးနော် .."





ကျွန်တော် ဘယ်လိုပဲပြောပြော ကိုသက်နိုင် က နောက်နေသည်ပဲ ထင်နေပုံရပါသည်။

အဲဒီလူ ထွက်သွားမှ ဒေါသကုမ္ပာရမင်းသမီးလေးက ကျွန်တော်ခါးကို ဆွဲဆိတ်ကာ ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုနေ .."

"အား .. ဖြည်းဖြည်းလုပ်ပါဗျာ .. နာတယ်ဗျ .."

"နာ .. နာ ..၊ ရှင် .. ပြောပါဦး .."

"ဟာ .. ဟုတ်မှမဟုတ်တဲ့ဟာကို .. တစ်ဖက်သားကို လိမ်တယ်ဆိုတာ ကောင်းမှမကောင်းတဲ့ကိစ္စဟာကို .."

"ကောင်းကောင်း မကောင်းကောင်း ရှင် ငြိမ်နေလိုက်ပါလား..၊ ရှင်ဟာလေ အတော်ခက်တဲ့သူပဲ .."

ကျွန်တော်နဲ့ သူမ အတွေ့လျှောက်လာကြတော့ ဖြတ်သွားဖြတ်လာတွေက ကွက်ကြည့် ကွက်ကြည့် ..။

"အိုဗျာ .. တော်ကြာ ကျွန်တော်ကြိုက်တဲ့ကောင်မလေး တွေ့သွား .. ကြားသွားရင် ဘယ်လိုလုပ်မလဲ .."

ကျွန်တော် နည်းနည်းလေး အတွန့်တက်တော့ သူမက မဲ့ရွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"သြော် .. ရှင်က ရှင်ကြိုက်တဲ့မိန်းကလေးရှိနေတော့ အကြောက်အကန်ငြင်းတဲ့ သဘောပေါ့ .."

ကျွန်တော်က တဟဲဟဲ ရယ်ရင်း ...

"မရှိသေးပါဘူးဗျာ .. ရှိခဲ့ရင် ပြောပါတယ် ..."

"အောင်မာ .. ရှင်ကများ နာရတယ်ရှိသေး .."

"ယောကျ်ားလေးလဲ အရှက်တရား သိက္ခာတရားဆိုတာ ရှိပါတယ်ဗျ .. မိန်းမချည်းပဲ နာမည်ပျက် အရှက်ရတာ မဟုတ်ပါဘူး.."

"ရှင်က တကယ့်လူပဲ ကိုနေကို .."

"ခင်ဗျားလည်း အာဂမိန်းကလေးပဲလေ .."

သူမက ကျွန်တော့်စကားကြောင့် ပခုံးတွန့်ရင်း ...

"ဘာဖြစ်လို့ .."

"သြော် .. ဟိုလူ ယုံအောင် လိမ်မယ်ဆိုရင်လည်း သားသားနားနား ပိုက်ဆံရှိသူဌေးသားကို ခထာခေါ်သုံးပေါ့ဗျ .. ကျွန်တော်တို့လို အခြေအနေမျိုးကို ရည်းစားဆိုတော့ ဟိုလူက ယုံရခပ်ခက်ခက်ပေါ့"

သူမက ကျွန်တော့်စကားကြောင့် မျက်စလေးချီရင်း ...





"အို .. ဘာဆိုင်လို့လဲ .. လူပဲရှင် .. ဆင်းဆင်းရဲရဲ ချမ်းချမ်းသာသာ ရည်းစားဖြစ်ခွင့် ရှိပါတယ်ရှင် .."

"တကယ်ဆိုနော် .. ဝမ်းသာလိုက်တာဗျာ .."

သူမ ကျွန်တော့်စကားကြောင့် ကျွန်တော့်နားရွက်ကို လိမ်ဆွဲတာ ...

"ဘာပြောတယ် .."

ကျွန်တော် က သွားဖြဲလေးနဲ့ ...

"အခြားသူတစ်ယောက်အတွက် ပျော်ပေးတာပါဗျာ .. ခင်ဗျားစကားပြောရင် လက်မပါနဲ့ .. ပဝါတစ်ကမ်း လက်တစ်ကမ်း ပြော.."

"ရှင် .. နော် .. ရှင် .."

ကျွန်တော်ကတော့ တဟားဟားနဲ့ ရယ်မောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေ ဆူညံသွားပါသည်။ မိုးထက်မော် က အစ နေကို့ ကို ကျေနပ်နိုင်ပုံ မပေါ် ..။

"အေးလေ .. ငါက သူ့ရည်းစားမှ မဟုတ်တာ .. မဟုတ်တာ မဟုတ်တာ ပြောတော့ .."

နေကို ပြောပုံကြောင့် ထပ်ရယ်ကြပြန်ပါသည်။ မိုးထက် ..နေ ခါးကို လိမ်ဆွဲရင်း ...

"အဲဒါကြောင့် ရှင့်ကို ကျွန်မ ကြည့်မရတာ .. ငါ့ဟယ်.. နေ ကို တွေ့လို့ အားကိုးရမလား အောက်မေ့တယ် .. သူက.. သူ ငါ့ရည်းစားမဟုတ်ပါဘူး အတွင်တွင် ပြောနေတာ .."

ခိုင်ခိုင် က ရယ်လွန်းအားကြီးတဲ့ အရှိန်ကြောင့် စို့တက်လာ မျက်ရည်ကို တို့သုတ်ရင်း ...





"ဟဲ့ .. ကိုသက်နိုင် က မယုံဘူးပေါ့ .."

မိုးထက် လည်း အခုမှ တွေးမိပြီး ရယ်ချင်မိပါသည်။

"တော်သေးတာပေါ့ဟယ်.. ကိုသက်နိုင် က နေကို က အနောက် ရှုတ်သန်တဲ့လူ ထင်ပြီး နေကို ပြောတဲ့စကားကို နောက်နေတယ်ပဲ ထင်လို့ပေါ့ဟဲ့ .."

"တော်သေးတာပေါ့ဟယ် .. ကဲ .. ကိုနေကို .. ပြောပါဦး ဘာ ကို့ သူ့ရည်းစားမဟုတ်ဘူးလို့ ဖွင့်ငြင်းနေရတာလဲ .."

သက်သူဇာဝေ က ခပ်ငေါ့ငေါ့နဲ့ နေကို့ ကို မေးတော့ နေကို လည်း အခုလို ပြန်ဖြေပါသည်။

"ဟုတ်မှမဟုတ်တာဟာ .. ဟိုငတုံးကလည်း ငါ့အခြေအနေနဲ့ ထက် အခြေအနေကို ယှဉ်ပြီး နည်းနည်းပါးပါး မစဉ်းစားဘူး .. တ်ယုံတာပဲ .."

နေကို မကျေမနပ်နဲ့ပြောတော့ ခိုင်ခိုင် က အမြင်ကတ်ကတ်နဲ့...

"ဟဲ့ .. ဘာလို့မဖြစ်နိုင်ရမှာလဲ .. ဖတ်တွေ နိပါတ်တော်တွေထဲ တောင် ရှိတယ် .. ဘုရားအလောင်း မင်းကုသ နဲ့ ပပဝတီ ..၊ ပြီး တော့ ဘာလဲ .. သာကေတနဲ့ ဘာဆိုလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကြိုးတော်လင် သာကေတ .. အဲဒါက ဇာတ်တွေ နိပါတ်တော်တွေ ..၊ အခုဟာက လက်ရှိအခြေအနေ .. မဖြစ်နိုင်ပါဘူးဟာ- တစ်ခုတော့ရှိတာပေါ့လေ .. မိုးထက် က ငါ့ကိုမရရင် မနေနိုင်ပေါင်း ဆိုပြီး တစ်ဖက်သတ်စွဲလမ်းနေရင်တော့ မပြောတတ်ဘူး .."

"အောင်မာ .. နင့်ကိုများ တစ်ဖက်သတ်ကြိုက်ရမယ် .. ဝေး(ပါ)သေးရဲ့ .."

မိုးထက် က နေကို့ ကျောကို ပြောတင်ကာထုရင်း ပြောပါသည်။ နေကို က ရယ်နေရာမှ ချက်ချင်းရပ်တည်သွားကာ ...

"အချစ်ဆိုတာကို နင် ဘယ်လိုခံစားရလဲ .."

"အမ် .."

"မအမ်နဲ့ .. ပြောပါဦး .."

ရုတ်တရက် အလစ်အငိုက် မေးခံလိုက်ရတာကြောင့် မိုးထ(က်) ဘာပြောရမှန်း မသိတော့ ..၊

"ဟဲ့ .. ငါ ဘယ်သိမလဲ .."

"နင်ရော .."

နေကို က ခိုင်ခိုင် ဆက်မေးတော့ ခိုင်ခိုင် က တဆွေအခြေ(ာ)





လိုက်ရသူလို မျက်နှာ ရှုံ့မဲ့ကာ ...

"ဟဲ့ .. သိမလား .."

နေကို .. မြင့်သူ ဘက် လှည့်ကာ ...

"မင်း သိလား .."

မြင့်သူ က နှုတ်ခမ်းတစ်ဖက် တွန့်ကွေးကာ ပြုံးရင်း ...

"သိပ်သိတာပေါ့ .."

အားလုံး ပြုံးသွားပြီး မြင့်သူ စကားကို နားစွင့်မျှော်လင့်နေကြပါသည်။ မြင့်သူ မျက်နှာက ပြုံးစေ့စေ့ ..၊

"အချစ်ဆိုတာ ခိုင်ခိုင် ပဲ .."

"ဘာ!..."

ပထမတော့ ပါးစပ်အဟောင်းသား .. နောက်တော့ ဝေါခနဲ ရယ်သံတွေ..၊ ခိုင်ခိုင် က ထိုင်နေရာက ထလာကာ မြင့်သူ ကျောကို ဆုပါသည်။ မြင့်သူ က ခါးကော့ကာ ရှုံ့မဲ့ရင်း ...

"ဟုတ်တယ်လေ .. ငါ .. ခိုင်ခိုင့် ကြိုက်တယ် .. အဲဒါကြောင့် အချစ်ဆိုတာ ခိုင်ခိုင် ပဲ မဟုတ်လို့လား .."

မြင့်သူ ကတော့ သူ့အတွေးအခေါ်နဲ့ သူ..၊ အေးမင်းဇော် က



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့နဲ့ ...

"ဒါဆို ငါ့ရဲ့အချစ်ဆိုတာ .."

အေးမင်းဇော် ရဲ့လက်ညှိုးက မိသက် ရှေ့မှာ ဝဲလည်လည်..၊ မိသက် မျက်နှာကြီး ရဲကာ ...

"အေးမင်းဇော် .. နင် .. နင်နော် .."

အေးမင်းဇော် က စပ်ဖြီးဖြီးနဲ့ ...

"ဟ .. ငါလည်း ဘာပြောရသေးလို့ .."

"နင် .. နင် .. ငါ ..."

"ဘာလဲ .. နင် မအောင့်နိုင်ဘဲ ငါ့ကိုချစ်တယ်လို့ ဖွင့်ပြောမလို့လား ..၊ ဟာ .. မလုပ်ပါနဲ့ဟာ .. လူကြားထဲမှာ မိန်းကလေးကစပြီး ညည်းစားစကား စပြောရတယ်လို့ .. ကြားလို့မှ မကောင်း .."

"နင် .. နင်နော် .. သေနာကောင် .. အယုတ်တမာကောင်.."

မိသက် လက်ကျန်ရေမွှေးနဲ့လှမ်းပက်ပြီး ထရပ်တော့ ဟိုကောင်ပြေးဖို့ အဆင်သင့် ..

"မင်္ဂလာရည်ဘီသိက်သွန်းရည် စဖျန်းပြီလား .. အချစ် .. သွားပြီတာ့တာ .."





အေးမင်းဇော် က ဆိုင်အပြင်ကနေ မိသက် မခံချင်အောင် မျက်နှာပြောင်ပြပါတယ်။

"အဲဒါ နင်မွှေတဲ့ မီး .."

ခိုင်ခိုင် က မကျေမနပ်နဲ့ မျက်စောင်းကြီးထိုးကာ နေကို့ ကို ပြောသည်။ မိုးထက် က သရော်တော်တော် ပြုံးရင်း ...

"ကဲ .. လုပ်ပါဦး ဆရာကြီးရဲ့ ..၊ ရှင့်ရဲ့အချစ်ဆိုတာ ..."

နေကို မိုးထက် ကို ခပ်ငေးငေးလေး ကြည့်နေပါသည်။

"ငါ့ရဲ့အချစ်ဆိုတာကတော့ ပါးရိုက်ခံရခြင်းလို့ အဓိပ္ပာယ်ရမယ် .. သွားပြီ .."

ပထမတော့ အဟုတ်မှတ်လို့ မိုးထက် နားထောင်နေပါသည်။ နောက်မှ လူမှားပြီး သူမ ပါးရိုက်မိတာ သတိရတော့ ဟိုကောင်က မြင်သို့ရောက်နေပြီ။ သူက စပ်ဖြီးဖြီးနဲ့ မျက်နှာပြောင်ပြသွားပါသည်။

ခိုင်ခိုင်နဲ့မိသက် က မိုးထက် ကိုကြည့်ကာ တဟားဟား ..၊ ရှာမယ် ဒီကောင် ..။ မိုးထက် သက်ပြင်းချမိပါသည်။ တကယ်တော့ နေကို တို့နဲ့ ခင်မင်မိတာ ပျော်စရာတော့ကောင်းမှန်း သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“သမီး အခြေအနေက ဘာထူးလဲ ..”

ဒယ်ဒီက ထုံးစံအတိုင်း ကုမ္ပဏီ သွားခါနီးတိုင်း တစ်ခုခု[illegible] မှာနေကျ ..၊ ဒါက ဒယ်ဒီအကျင့်လို ဖြစ်နေသည်။ နောက်ဆုံး မှာစ[illegible] မရှိရင် ဝမ်းသွားတာ သမီးရယ် ဒယ်ဒီ မနည်းသွားရသည်လော[illegible] အထိတော့ စတီပြောမြဲ။ အခုလည်းကြည့် .. ဘာစကားမှ ပလ္လင်မခံ[illegible] ပြောတော့ မိုးထက် မနည်းစဉ်းစားရပါသည်။ နောက်မှ သတိရကာ—

“ဒယ်ဒီ့သဘောပဲလေ သမီး ..၊ ဒယ်ဒီ ဘာလုပ်လုပ် ကျေ[illegible] ပါတယ် ..”

ဦးမိုးကျော်အောင် သမီး စကားကြောင့် သနားသလိုလို ဖြစ်[illegible] မိပါသည်။





ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်သည်။ ငါများ လောဘကြီး သွားသလား..၊ အေးလေ .. အဖေတစ်ယောက်အနေနဲ့ဆိုတော့လည်း..

“ဒါပေမယ့် သမီးဆန္ဒလည်း ငဲ့ကွက်ရဦးမယ်လေ .. ပြီးတော့ ပြစ်ချက် ကြီးကြီးမားမားလဲ မရှိတော့ ..”

ဒယ်ဒီ့ စကားကြောင့် မိုးထက် ရယ်ရင်း ...

“ဒယ်ဒီရယ် .. သမီး အစောကြီးကတည်းက ပြောသားပြီးထား လေ .. ဒယ်ဒီ့သဘောပါ ဆို ...”

“အဲလိုတော့လည်း ဒယ်ဒီ မတရားတာကျမှာပေါ့ .. သမီးဘက် ကသာ အဆင်ပြေရင် ..”

“ဩော် .. ဒယ်ဒီရယ် .. သမီးက နေတတ်ပါတယ် ..”

“နေတတ်ပေမယ့် တစ်သက်လုံးနေရမှာလေ ..”

သူမ ဒယ်ဒီ့ကိုကြည့်ပြီး ပြုံးမိပါသည်။ ဒယ်ဒီ့ကိုလည်း သနားမိ ပါသည်။

“သမီးကို ထည့်မစဉ်းစားပါနဲ့ ဒယ်ဒီရယ် .. ဒယ်ဒီ ဖြစ်ချင် တာသာ လုပ် .. သမီး ကြည့်ရတာတော့ အန်တီဖေး က အချိုကြီး ဆိုပေမယ့် စိတ်ဓာကြောင်မယ့်ပုံ မပေါ်ဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဦးမိုးကျော်အောင် မျက်လုံးကြီးပြူးသွားပါသည်။

"ဘာ .. ဘာပြောတယ် .."

"ဟင် .. အန်ကယ်လွင်ဦး ပဲ မနေ့က မြို့ထဲမှာတွေ့လို့ ပြောနေတာ ..၊ ညည်းအဖေနဲ့ သူ့ကုမ္ပဏီစာရင်းကိုင်ဌာနက အန်တီအေးကို ကြည့်ရတာ မရိုးဘူး ဆို .. အဲဒါပြောတာ မဟုတ်ဘူးလား .."

သမီးစကားကြောင့် ဦးမိုးကျော်အောင် သူ့နဖူး သူရိုက်ကာ ...

"သေပါတော့ သမီးရယ် .. သမီး အန်တီအေး နဲ့ ဒယ်ဒီနဲ့က ဘာမှမဟုတ်ကြပါဘူး .. လွင်ဦး တို့ကသာ ဖြစ်စေချင်နေကြတာ..၊ ဟိုက သိတောင် မသိပါဘူးကွယ် .."

"ဟင် .. ဒါဆို ဒယ်ဒီ ပြောတာက ..."

ဦးမိုးကျော်အောင် သမီးဆံပင်တွေကို ဖွရင်း ...

"ဒယ်ဒီ ပြောတာက ဟိုကောင်လေး ဘယ်သူ .. နေညိုညို .."

ဒယ်ဒီ့ စကားကြောင့် သူမ ရယ်မိရင်း ...

"နေကိုကို ပါ ဒယ်ဒီကလည်း .."

"အေး .. အေး .. အဲဒီကောင်လေး သမီးကို ရည်းစားစကားပြောသေးလားလို့ .."





"မပြောပါဘူး ဒယ်ဒီရယ် ..၊ နေပါဦး .. ဘာဖြစ်လို့လဲ .."

ဦးမိုးကျော်အောင် ဟုတ်တော့မဟုတ်သေးပါဘူးလို့ တွေးနေမိပါသည်။

ဒီကောင်လေး ပြောကိုပြောမှာပါ ..၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်လေးမျက်ဝန်းတွေက သမီးကိုကြည့်တဲ့ အကြည့်တွေထဲမှာ အချစ်တွေပါတယ်ဆိုတာ သူလည်း ငယ်ရာကကြီးလာသူမို့ သိသည်။

ကောင်လေးကြည့်ရတာ သာမန်လူတန်းစားလို့ဆိုပေမယ့် အေးအေးဆေးဆေးလို့ ထင်ရတာပါပဲ ..၊ ပြီးတော့ သူ့ရဲ့အသက်သခင်ကျေးဇူးရှင်လေ .. ပြီးတော့ သမီးရဲ့စိတ်ကို သူသိသည်။ လူငယ်တွေဆိုတာ မလုပ်နဲ့ဆိုရင် ပိုလုပ်ချင်တဲ့အမျိုး ..၊ အဲဒါကြောင့်မို့ သမီးကို မှာထားတာပေါ့ .. ကောင်လေး ရည်းစားစကားပြောရင် မကြိုက်နဲ့ဦး ..၊

ဒယ်ဒီ့အသက်ကို ကယ်ခဲ့တယ်ဆိုပြီး အဖြေမပေးနဲ့ပေါ့ ဘာညာပေါ့ ..၊ သူကတော့ သူ့အကြံနဲ့သူ စိတ်စဉ်ထားပေမယ့် ပွဲက အခုထိ ဆက်မဲ့နေဆဲ ..။

"ဒယ်ဒီ သမီး ခေါ်နေတယ်လေ ..၊ ဘာဖြစ်လို့လဲလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ခြော် .. အေး .. ဘာမှမဟုတ်ပါဘူးကွယ် .. ဟိုလေ .. သမီး တကယ်ကြိုက်နေရင်လည်း ကြိုက်ပေါ့ကွယ် ..၊ ကောင်လေးက အသက်သခင်ကျေးဇူးရှင် မှတ်လား ..၊ ကဲ .. ဒယ်ဒီ သွားဦးမယ်.."

ဒယ်ဒီ ထွက်သွားတော့ သူမ ဒယ်ဒီ့စကားကို ဆန်းစစ်မိသည်။ နောက်တော့မှ ဟက်ဟက်ပက်ပက် ရယ်မိပါသည်။ ဒယ်ဒီ့ စိတ်ထဲမှာ ဘာရှိနေလဲဆိုတာ အခုမှ မိုးထက် သဘောပေါက်မိပါသည်။

ဒယ်ဒီရေ .. ဒယ်ဒီ့လူက အူကြောင်ကြောင်ရယ် ..၊

ဒယ်ဒီ ထင်သလိုဖြစ်လာမှာ မဟုတ်ပါဘူး ဒယ်ဒီလို့ စိတ်ထဲက ပြောမိပါသည်။





ဟိုရှေ့ရှေ့နားမှာ မိုးထက် နဲ့ ကောင်လေးတစ်ယောက် လက်
န့်ခြေဟန်တွေနဲ့ စကားပြောနေပါတယ်။ ကောင်လေးက တတွတ်
တွတ် ပြောနေသလောက် မိုးထက် က စိတ်ညစ်ဟန်နဲ့ ခေါင်းတခါခါ။

တဖြည်းဖြည်းနဲ့ သူတို့နှစ်ယောက်နဲ့ သူ နီးနီးလာပါတယ်။
ရှောင်ထွက်သွားလို့ကလည်း မဖြစ် ..၊ အေးလေ .. ဟိုတစ်ခါကလိုပဲ
ဧည့်သည်းစားအဖြစ်နဲ့ ဟန်ဆောင်ရတော့မှာပေါ့လေ ..။

သူ ခပ်တည်တည်နဲ့လျှောက်သွားပြီး အနားရောက်တော့ မိုးထက်
ကိဝေါးကို လှမ်းဆုပ်ကိုင်ကာ ...

"မိုးထက် စောင့်နေတာ ကြာပြီလား .. ကိုယ် နည်းနည်းနောက်
ကျသွားတယ်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



မိုးထက် က အံ့ဩဟန်နဲ့ ပါးစပ်အဟောင်းသား ဖြစ်ရမယ်

လေ ..၊ ဒီတစ်ခါတော့ နေကို ဆိုတဲ့ကောင်က မနံတော့ပါဘူး။

ကောင်လေးက သူ့ကို ဘုရှိုး ရှိုးတယ် ..၊ မိုးထက် ကို ဘာ

သဘောလဲ မေးဆတ်တော့ ကျွန်တော်က ...

"မင်းက ဘယ်သူလဲ .. ဒါ ငါ့ရည်းစားကွ .."

"ဟာ!... ငနေ ..."

မိုးထက် ရဲ့ တားဆီးသံကို ကျွန်တော် ကြားရတာကြောင့် –

"ဟုတ်ပါတယ် .. ကိုယ် သိပါတယ် .. ဒီကောင် မိုးထက် ကို

လာနှောင့်ယှက်နေတာလား .. ချာတိတ် ငါ့ဒေါသမထွက်ခင် မင်

လိမ့်တော့ .."

ကျွန်တော့်စကားကြောင့် ချာတိတ်က ...

"ဟေ့လူ.. ခင်ဗျားက ဘယ်ကကောင်လဲ ..၊ မမမိုး .. ဒါ မမ

ရဲ့ ရည်းစားလား .. ဟာဗျာ .. ဘယ်လိုကောင်ကို ရည်းစားထား

လဲ ..၊ တော်ပြီ .. မေမေနဲ့ မမကို တိုင်ပြောမယ် .."

"ဟဲ့ .. မိုးဇော် .. ဟယ် ဒီကောင်လေးတော့ .."

မိုးထက် လှမ်းခေါ်ပေမယ့် ကောင်လေးက လှည့်တောင်မကြ





တော့ဘဲ လက်ခါကာ ထွက်သွားပါသည်။ သူလည်း ကြောင်တောင်

တောင်နဲ့ပေါ့ ..။

"ဟို .. ဟို .. ငါ ဘာမှားသွားလို့လဲ .."

မိုးထက် တစ်ယောက် ရယ်လည်း ရယ်ချင် .. စိတ်လည်း ပျက်မိ

ပါသည်။ ငနေ ဆိုတဲ့လူဟာလေ ဘယ်တော့မှ အဆင်ပြေတယ် မရှိခဲ့

တဲ့လူ ..၊ အခုလည်း ကြည့်လေ ..။

"အဲဒါ ကျွန်မမောင်ရှင့် .. ကိုနေ ရဲ့ .."

"ဟာ ဟုတ်လား .. ကျွန်တော်က မိုးထက် ကို နှောင့်ယှက်နေ

တယ် ထင်လို့ ..၊ ပြီးတော့ မိုးထက် က ခေါင်းတခါခါနဲ့ဆိုတော့.."

"ခေါင်းခါမှာပေါ့ .. မုန့်ဖိုးလာတောင်းနေတာ ..၊ မနေ့ကလည်း

ပေးပြီးပြီလေ .. မိုးဇော် အမေနဲ့ ကျွန်မအဖေနဲ့က မောင်နှမအရင်း..၊

ကျွန်မနဲ့ မိုးဇော် က မောင်နှမတစ်ဝမ်းကွဲ .. သိပြီလား .."

အဲဒီအခါကျတော့မှ ကျွန်တော် ခေါင်းခါမိကာ စပ်ဖြီးဖြီးနဲ့...

"သိဘူးလေ .. တော်ကြာ မမြင်ချင်ယောင်ဆောင်ပြီး ရှောင်ထွက်

သွားပြန်ရင်လည်း ခင်ဗျားလေးက စိတ်ဆိုးဦးမယ် .."

နေကို့ စကားကြောင့် မိုးထက် မျက်စောင်းထိုးကာ ..



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ လာ .. သွားကြမယ် ..၊ ဟိုကောင်တွေ ကန်တင်းမှာ အချိန်ဆို ရောက်နေလောက်ပြီ .."

နှစ်ယောက်အတူလျှောက်ကြရင်း ကန်တင်းရောက်တော့ အဖြ အပျက်ကို ပြောပြတော့ ထုံးစံအတိုင်း ဟိုကောင်တွေက တဟားဟား

"ဟား .. ဟား .. နေကို တို့ကတော့ အပိုင်ဆိုပြီး လက်သွားတ တာပေါ့ .."

စိုးဇော် စကားကြောင့် ကျွန်တော် တဟဲဟဲနဲ့ ...

"အေးပေါ့ကွာ .. ဟိုတစ်ခါလို ငါက ငြင်းနေရင် သူက ဆူနေဦးမယ်ဆိုတော့ ငါလည်း ဝင်နွှဲလိုက်တာ .."

ခိုင်ခိုင် က ပြုံးစေ့စေ့ ..၊

"ဘာဖြစ်လဲ နေ ရယ် .. ကိုယ့်ရည်းစား မဟုတ်ဘဲနဲ့ မိန်း ကလေးတစ်ယောက်ကို တစ်ပတ်အတွင်းမှာ လက်နှစ်ခါကိုင်ရတာ"

ခိုင်ခိုင့် စကားကြောင့် မိုးထက် က ခိုင်ခိုင့် လက်မောင်းကို ဆိတ်ပါသည်။

ကျွန်တော်က ရယ်ကျဲကျဲလေးပါပဲ ..၊

"ဟဲ .. ဟဲ .. ငါက ကိုင်ချင်တာ မဟုတ်ပါဘူးဟာ .. အဖေ သဘောအရ ကိုင်တာ .. ဘာစိတ်မှမရှိဘူးနော် .. သူ့ဘက်က ပြစ်မှား ရင်တော့ .."

"နေ ..."

မိုးထက် စိတ်ဆိုးဆိုးနဲ့ ကျောပိုးအိတ်နဲ့ နေ့ ခေါင်းကို ထုပါ တော့သည်။ ရယ်သံတွေနဲ့ စည်ကားနေပါသည်။ နေကို လက်ဖက် ရည် မှာပြီး ...

"ခံတွင်းချဉ်တယ်ကွာ .. ဆေးပေါ့လိပ် မပါဘူးလား .."

မြင့်သူ က ခေါင်းခါကာ ...

"စီးကရက် မှာလိုက်လေကွာ .."

"မသောက်ချင်ပါဘူးကွာ .. ငါ ဟိုနားကဆိုင်မှာ သွားဝယ်လိုက် ဦးမယ် ..၊ ခဏ .."

နေကို ခပ်လှမ်းလှမ်းကဆိုင်မှာ ဆေးပေါ့လိပ်ဝယ်ပြီး ဆိုင်ထဲက အထွက် ...

"ဒီမှာ .. ဒီမှာ ခင်ဗျ ..."

ကျွန်တော် လှည့်ကြည့်တော့ ကျောင်းသားတစ်ဦး ..၊

"ဘာကိစ္စလဲဗျ .."







www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားက မင့်မရဲနဲ့ သူ့လက်ထဲက နှင်းဆီပွင့်နဲ့ လင်
ဆောင်ကတ်ပြားလေးကို ပြကာ ...

"ဒီဟာလေး ပေးချင်လို့ပါဗျာ .."

"ဟာဗျာ .. ယောက်ျားအချင်းချင်းကြီး .. ပြီးတော့လည်း ကျွ
တော့်မွေးနေ့လဲ မဟုတ်ဘူး .. ခင်ဗျားနဲ့ ကျုပ်နဲ့လည်း မသိပါဘူး

ကျောင်းသားက ရှိုးရှိုးသားသား ကြိုးကြိုးစားစားပုံစံလေး၀
မင့်မရဲလေးပုံစံပေါ့ ..၊

"မဟုတ်ပါဘူးဗျာ .. ကျွန်တော် .. မိုးထက် ကို ပေးချင်လို့

"မိုးထက် ကို .."

ကျွန်တော် မိုးထက် ရှိရာကို လှမ်းကြည့်ရင်း ...

"ခင်ဗျားဘာသာခင်ဗျား သွားပေးပါလား .."

"မပေးရဲလို့ပေါ့ဗျာ .. ကျွန်တော့်ကိုယ့်စား ပေးပါဗျာ .. ကျေး
မမေ့ပါဘူး .."

"ခင်ဗျား ဘယ်လောက်ဖိုး ဆပ်မှာလဲ .."

"ဗျာ!..."

ကျောင်းသားက ကြောင်တောင်တောင်နဲ့ ကြည့်တော့ ...





"ဟုတ်တယ်လေဗျာ .. ကျေးဇူးက ဘာမှလုပ်လို့မရဘူး .. ဒီလို
ဘ်ဝ် .. ခင်ဗျားပေးချင်တဲ့ နှင်းဆီပန်းနဲ့ ကတ်ပြား ပေးပေးမယ် ..
ျွန်တော်တို့ဝိုင်းအတွက် လက်ဖက်ရည်ဖိုးလေ .."

ကောင်လေးက အိတ်ထဲကို နှိုက်သည်။ ခြသေ့ံတစ်ကောင် ..
ကော ..၊

"ကဲ .. ပေး .."

ကျွန်တော် နှင်းဆီပန်းကို ယူသွားပေးပါတယ်။

"ဒီမှာ .. ဒီမှာ ခင်ဗျ .."

လှည့်ကြည့်တော့ နောက်တစ်ယောက် ..၊ လက်ထဲမှာ မွေးပွ
ရှပ် ..၊ ဒီလောက်ဆို သူ သဘောပေါက်လောက်ပါသည်။

"ပေး အရှပ် ..၊ ပေး .. ပိုက်ဆံ .."

ကျောင်းသားက ငါးထောင်တန်တစ်ရွက် နှိုက်သည်။ ဒီလောက်
ဖြုလုံသွားပါပြီ ..၊ သူ ကန်တင်းရှိရာဆီ ပြန်ရောက်တော့ ...

"ဟဲ့ .. လက်ထဲက ဘာတွေလဲ .."

ခိုင်ခိုင် က မေးတော့ သူ အကျိုးအကြောင်းပြောပြတော့ မိုးထက်
င်တွေဆိုးပြီး သူ့ကျောကို တအုန်းအုန်း ထုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မနည်း ချော့ရပါတယ် ..။

"သူတို့ ကျေနပ်သွားတာပေါ့ဟာ .. ပြီးတော့ နင်က ပြန်ကြိုး

ဘာမှ မဟုတ်တာ .."

"အေးလေဟယ် .. ငါတို့လည်း ဗိုက်ပြည့်တာပေါ့ .. ဟုတ်ဘူ

လား .."

မိသက် က ပြောတော့ မိုးထက် မိသက် ကို ဆွဲဆိတ်သည်

ချစ်တော့ချစ်ပါတယ် မိုးထက် ရယ် .. လွမ်းရေးထက် ဝမ်းရေးမို့ပါ





တစ်ဘဝလုံးအတွက်

စစ်တမ်းသစ်ထုတ်ထားတဲ့

ရင်ပျိုးအိမ်ထဲက မိုးငွေ့တွေလဲ

ခရီးစဥ်ကြမ်းတဲ့ လမ်းကြောင့်

တောခြောက်ခံရတဲ့ မျက်ရည်စက်တွေ ဖြစ်လိုဖြစ်

အချစ်ဆိုတာ

အမှတ်ခြစ်ခွင့်မရှိတဲ့ ပုစ္ဆာတစ်ပုဒ်ပေါ့ ...။





www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဥ .."

သူ ဝမ်းသာအားရနဲ့ လှမ်းအခေါ် ဘယ်လမ်းက ဘယ်လိုဝင်လာ သည် မသိ ..၊ အရှိန်ပြင်းပြင်းနဲ့ ဘောလုံးတစ်လုံးက သူ့ရဲ့ချက်ကောင်း ဆီကို တည့်တည့်မတ်မတ် ..၊ သူ တော်တော်ကိုနာကျင်သွားပါသည်။

အန်ကယ်လ် ဦးမိုးကျော်အောင် က မပြေးရုံတစ်မယ် သူ့အနား ရောက်လာရင်း သူ့ကိုတွဲထူသည်။ ဘောလုံးကန်လိုက်တဲ့ကလေးက ဘောလုံးကို ကောက်ယူပြီး ပြေးပါတော့သည်။ ကျွန်တော် ဦးလေး လို့ လှမ်းခေါ် နှုတ်ဆက်လိုက်တာပါ။ ဒါပေမယ့် ဦးလေးလို့ ပြင်ပြင် မခေါ်လိုက်ရ ..။

"အဆင်ပြေလား မောင်နေ .."

"နာကြီးချက် ဆိုတာ အခုလိုခံစားမှုနဲ့ တူပါတယ် ဦးလေး အန်ကယ်လ်ရယ် .."





ကျွန်တော့်စကားကြောင့် အန်ကယ်လ်က ...

"ဟုတ်ပါ့ကွာ .. မင်းနဲ့ ငါနဲ့ မတွေ့လိုက်နဲ့ တစ်ခုခု မဟုတ်ရင် တစ်ခုခုတော့ ဖြစ်သား .."

"ဟုတ်ပါ့ အန်ကယ်လ်ရယ် .. နောက်တစ်ခါ အန်ကယ်လ့်ကို အဆေးကမြင်ကတည်းက အန္တရာယ်ကင်းဂါထာရွတ်ပြီး ပတ်ဝန်းကျင် ကို အကဲခတ်ပါ့မယ် အန်ကယ်လ်ရယ် .."

အန်ကယ်လ်က သဘောကျစွာ ရယ်သည်။

"ဒါနဲ့ မင်းက ဘယ်လဲ .."

"သူငယ်ချင်းအိမ်က ပြန်လာတာ အန်ကယ်လ် .. အန်ကယ်လ် ရော .."

ဦးမိုးကျော်အောင် က လေပူ မှုတ်ထုတ်ရင်း ...

"စိတ်ပျက်လို့ကွာ .."

"ဗျာ!..."

"ဩော် .. စက်ပျက်လို့ .. ကားစက်ပျက်လို့ .. ဝပ်ရှော့ကို ဖုန်းဆက်ပြီး ကားကို သယ်သွားခိုင်းပြီး အိမ်ပြန်ဖို့ ကားငှားမယ်လို့ ထုပ်တုန်း ဖြုန်းဆို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. လန့်လိုက်တာ အန်ကယ်လ်ရယ် .."

အန်ကယ်လ် က ရယ်ရင်း သူ့ပခုံးကို ဖက်ကာ ...

"လာကွာ .. အေးအေးဆေးဆေး သွားသောက်ရအောင် .."

"ဟာ .. KTV လား အန်ကယ်လ် ..၊ မကောင်းပါဘူးဗျာ.."

"ဟ .. ငါက ဘာပြောလို့တုံး .."

ကျွန်တော် မျက်လုံးလေး ကလယ်ကလယ် လုပ်ပြီး ...

"အန်ကယ်လ်ပဲ အေးအေးဆေးဆေး သွားသောက်မယ်ဆို - အဲဒီလို အေးအေးဆေးဆေးသောက်လို့ရတဲ့နေရာက KTV ပဲ ရှိတာလေ .."

ဦးမိုးကျော်အောင် မျက်နှာကြီး ရှုံ့မဲ့သွားပါသည်။

"မင်းအတွေးကိုက နက်ရှိုင်းလွန်းပါတယ် မောင်နေ ရယ် - ငါ ပြောတာက ရိုးရိုးသားသား အေးအေးဆေးဆေးအခန်း .. ရိုးရိုးဆိုင်ကွာ .. ဘီယာလေး ဘာလေး .."

သူ အဲဒီအခါကျတော့မှ ပြုံးမိပြီး ...

"ဘီယာလေးကတော့ ရပါတယ် .. ဘာလေးကတော့ ဦးလေးသဘောပေါ့ .."





အန်ကယ်လ် ဦးမိုးကျော်အောင် က ရယ်ပြီး "မင်း တော်တော် နောက်တဲ့ကောင်ပဲလို့" ပြောပါသည်။

"ပြောမရဘူးလေ .. ငါ့သမီးကို ကြိုက်ရင် မင်း KTV အခန်း သွားရမယ်ဆို ဘယ်လိုလုပ်မလဲ ..၊ ကိုယ်က စိတ်မပါပေမယ့် လူကြီး စကားနားထောင်တဲ့အနေနဲ့ သွားသင့်ရင် သွားရမှာပဲလေ .."

ဒီလိုနဲ့ အေးအေးဆေးဆေးဆိုင်ကို ရောက်သွားရော ဆိုပါတော့။ ဆိုင်က တော်တော်ကို အေးဆေးပါတယ်။ အရက်သမားဆိုလို့ သူတို့ နှစ်ယောက်ပဲ ရှိပါသည်။ အန်ကယ်လ်က ဘီယာနှစ်ပုလင်းနဲ့ အမြည်း တချို့ကို မှာပါသည်။

"သမီးတို့အမေဆုံးပြီးကတည်းက အန်ကယ်လ်ပဲ အဖေဆို ဟုတ်တယ် .. အန်ကယ်လ်ပဲ အမေဆို ဟုတ်တယ် .."

"ဗျာ .. ဟာ .. ဟုတ်ပါတယ် အန်ကယ်ရယ် .."

ကျွန်တော့်အကြည့်က မသင်္ကာဟန်နဲ့ အန်ကယ့် တစ်ကိုယ်လုံးကို ခြုံကြည့်တော့ ...

"ဟေ့.. ဟေ့ .. ဟေ့ .. မင်း အဲဒီအကြည့်ကြီးနဲ့ မကြည့်ပါနဲ့ကွာ ..၊ ငါ အသည်းယားလွန်းလို့ပါဟ .. ငါပြောတာက စကားအရ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါကွာ ..”

ကျွန်တော် တဟိဟိနဲ့ ရယ်တော့ အန်ကယ်လ်က စူပွပွမျက်စောင်းကြီး ထိုးသည်။

“ဒါနဲ့ မင်းညီမမှာ ရည်းစားရှိလား ..”

“ဟင့်အင်း .. ကျွန်တော့်မှာ အစ်ကိုတစ်ယောက်ပဲ ရှိတယ် .. သူက စင်ကာပူမှာ ..”

ကျွန်တော့်စကားကြောင့် အန်ကယ်လ် ခေါင်းကုတ်ရင်း ...

“ငါပြောတာက တင်စားပြီး ပြောတာကွ ..”

“တင်စားရအောင် ကျွန်တော်က နတ်မှမဟုတ်တာ အန်ကယ်လ်ရယ် ..”

အန်ကယ်လ် စိတ်အတော်ညစ်တဲ့ပုံ ပေါက်နေပါသည်။

“ငါပြောတာကကွာ အဲ .. ငါ့သမီးကို ရည်ညွှန်းတာ ..”

“စောစောကတည်းက အခုလို ရှင်းရှင်းပြောပါလား အန်ကယ်လ်ရယ်.. အင်း ရှိတယ်လို့တော့မထင်ရဘူး..ဘာဖြစ်လို့လဲ အန်ကယ်လ်”

အန်ကယ်လ်က ရုပ်ရှင်ဗီဒီယိုထဲက အဖေတစ်ယောက်ရဲ့အိုက်တင်နဲ့ သက်ပြင်းချပါတယ်။



“ရှိရင်လည်း ရှိပေါ့လေ .. တစ်နေ့ကြုံရမှာပဲလေ .. အန်ကယ်လ်က စိတာတန်းတာ စိတ်မဝင်စားဘူး ..”

“ဗျာ!...”

“ဆောရီး ... အဆင့်အတန်း မခွဲခြားပါဘူး ပြောတာ ..”

အရေးထဲ အန်ကယ်လ်က စကားလုံးသစ်တွေ ထွင်နေပါသည်။ ဟိုတေးရေးဆရာကြီးလို စကားလုံးဝင်းမင်းထွေး တို့လို သူကလည်း စကားလုံး မိုးကျော်အောင် ဖြစ်ချင်နေပုံ ရသည်။

“သမီး ကျေနပ်ရင် ပြီးတာပါပဲ .. မင်း ဘယ်လိုသဘောရလဲ”

“ဟာ .. အန်ကယ်လ်ကလည်း မိုးထက် က ကျွန်တော့်သမီးမှမဟုတ်တာ ..”

“အေး .. အဲဒါလည်း ဟုတ်သားပဲ .. ချကွာ ..”

“ဗျာ .. ဘယ်သူနဲ့ ချရမှာလဲ ..”

“လုပ်ချပြန်ပြီကွာ .. သောက်လို့ပြောတာ .. ကဲ ချီးယားစ် ..”

ဖန်ခွက်ချင်း ထိလိုက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဟိုကောင်တွေရှိရာ အေးမင်းဇော် တို့ အိမ် ရောက်တော့ ခြံထဲမှာ ထိုင်ရင်း ပြောပြတော့ ဟိုကောင်တွေ တဟားဟား မြင့်သူ က ကျွန်တော့်ကို အခုလို ပြောသည်။

"မင်း .. အဘိုးကြီးကို ဦးနှောက်ဖောက်စားတာပဲ ငနေ .."

ကျွန်တော် ပြုံးစေ့စေ့နဲ့ ...

"အန်ကယ်လ်က သဘောကောင်းပါတယ် .. ပျော်လည်း ပျော် တတ်တယ်လေ .. အဲဒါကြောင့် ငါလည်း ရုပ်တည်နဲ့ စမိတာ .."

"ဟေ့ကောင် .. သူ့သမီးကို မင်းနဲ့ ကျိတ်ပြီး သဘောတူနေလား မသိဘူး .."

အေးမင်းဇော် စကားကြောင့် ကျွန်တော် ခေါင်းခါကာ ...

"အန်ကယ်လ်က အဲဒီလောက်ထိတော့ မပေါလောက်ပါဘူး ကွာ.. ကျေးဇူးရှင်က ကျေးဇူးရှင်ပဲ .. သူ့သမီး နောင်ရေးက နောင်ရေး ပဲ .. ဘာမှမဆိုင်ဘူး .."





"ငနေ .. လူ့စိတ်ဆိုတာ ပြောမရဘူးနော် .. ပြီးတော့ သူ့သမီး နောင်ရေး ပြောရအောင် မင်းက လမ်းဘေးမှာတောင်းစားနေတဲ့ကောင်မှ မဟုတ်တာ နော် .. စိုးဇော် .."

စိုးဇော် ကလည်း အခွင့်အရေးရတုန်း နှိပ်ကွပ်ပါတော့သည်။

"အေးလေ .. နေကိုကို ဆိုတဲ့ ငနာက ရေမျောကမ်းတင် ဝဲစွဲပြီး တောင်းစားနေတယ်ဆိုရင် ထားတော့ .. သူ့သမီးအတွက် စိတ်ပူနေမှာပေါ့ .."

"ဟေ့ကောင်တွေ မင်းတို့ ဥပမာတွေ ထပ်မတိုးနဲ့တော့နော် .."

ကျွန်တော် အံကြိတ်ပြီးပြောတော့ ဟိုကောင်တွေ ရယ်ကြပါသည်။

"ကဲပါကွာ .. သူ့သမီးဖြစ်တဲ့ မိုးထက် ကပဲ ငါ့ကို အရင်ကြိုက်ပါဦး .. ကျော်ပြီး တွေးမနေနဲ့တော့ .."

"ဟ .. အဲဒါက မင်း သူ့ကို ရည်းစားစကားပြောမှ ဖြစ်မှာလေ.."

"ရည်းစားစကားပြောရင် ကြိုက်ဦးမှကို .."

ကျွန်တော် ညောင်နာနာနဲ့ပြောတော့ မြင့်သူ က အားပေးသည်။

"သူကြိုက်အောင် လုပ်လေ .."

ကျွန်တော်ကလည်း ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာကိုကြိုက်လဲ ဟင် .."

"တစ်ခုခု နေမှာပေါ့ကွာ .."

"အေးလေ .. အဲဒီတစ်ခုခုက ဘာလဲ .."

"အဲဒီတစ်ခုခုက တစ်ခုခုပေါ့ကွာ .."

"ဟာကွာ .. ရှင်းနေတာပဲ ..၊ အဲလေ .. ရှုပ်နေတာပဲ .."

မြင့်သူ က ဆရာကြီးစတိုင် ဖမ်းပြီး ...

"မင်းရဲ့လွှဲမှားတဲ့ဗျူဟာတစ်ခုလောက်တော့ ထပ်သုံးရလိမ့်မယ် ငနေ .."

"ငါလည်း စဉ်းစားနေတာ .. ဗျူဟာသစ်တစ်ခုလောက်တော့ သုံးကို သုံးရမယ်ကွ .. ဒါပေမယ့် ဘယ်လိုဗျူဟာလဲ .. ဒီရက်ပိုင်း အတွင်း ကောင်းကောင်းကြီး စဉ်းစားလိုက်ဦးမယ် .."

"စဉ်းစားမနေနဲ့ .. ကြော်စားကွာ .."

မြင့်သူ က နောက်တော့ .. ကျွန်တော်က ပါးစပ်လှုပ်ရုံ ဆဲသည်။





"နင် ငါ့ကို ကြိုက်နေလား ငနေ .."

ရုတ်တရက်ကြီး ဆိုင်းမဆင့် ဗုံမဆင့်ဘဲ မေးလိုက်တဲ့စကားကြောင့် သမတော့ ကျွန်တော် ကြောင်တောင်တောင် ဖြစ်သွားပါသည်။

"ဟာ .. မကြိုက်ပါဘူး .. ဘာလို့ကြိုက်ရမှာလဲ .."

ပက်ပက်စက်စက်ကြီး ငြင်းချလိုက်ပေမယ့် မိုးထက် က လှလှပပကြီး ပြုံးနိုင်ပါသေးတယ်။ အထူးသဖြင့် သူမရဲ့ ညာဘက်နှုတ်ခမ်း ရှုံ့ကွေးသွားပုံက 'နေနှင့်ဦးပေါ့ ငနေရယ်'လို့ ကြိမ်းဝါးနေသလိုပါပဲ။

နင့်မျက်လုံးတွေထဲကအရိပ်ကို ဘယ်လိုပဲ ဖုံးဖိသိုဝှက်ထားထား နှုန်းမတစ်ယောက်ရဲ့ အတွေ့အကြုံအရတော့ နင် ငါ့ကို ကျိတ်ချစ်နေ ဘယ်ဆိုတာ ငါ သိတယ်လို့ ပြောနေသယောင်ယောင်ပေါ့..။



www.burmeseclassic.com

www.burmeseclassic.com



နေကို ကလည်း ပြန်လည် ထိုးစစ်ဆင်ပါသည်။

"နေပါဦး .. ငါက ကြိုက်ပါပြီတဲ့ .. နင်က ဘာလုပ်မလို့လဲ-"

"အမ်!..."

မထင်မှတ်တဲ့ တွဲလက်သီးစကားကြောင့် ဒီတစ်ခါတော့ မိုးထက် ကြောင်သွားပါသည်။ သူမက မျက်နှာလေးချီထားရင်း လက်ပိုက် ကာ ...

"ကြိုက်ပါပြီတဲ့ .. မဟုတ်ဘူး .. ကြိုက်တယ်ဆိုမှ .. နင် နှောင် ဆက်တွဲစကားကို သိရမှာပေါ့ .."

တကယ်တော့ သူတို့စကားတွေက သမီးရည်းစားစကားတွေ မဟုတ်သလိုပဲ ..၊ မသိရင် ကျားထိုးနေသလို ခံစားရပါသည်။

"နင့်ကို ကြိုက်တော့ မကြိုက်ချင်ပါဘူးဟာ .."

"ပြောပါဦး .. ဘာဖြစ်လို့လဲ .."

"လှလို့ .."

"ဘာဖြစ်တယ် .."

မိုးထက် မျက်ခုံးလေးမြင့်တက်သွားရင်း မေးမိတော့ သူကလည်း ပြောသည်။





"ဟုတ်တယ် .. နင်က အရမ်းလှတယ် .. အရမ်းလှတော့ ပိုပိုပြီး လှအောင် ပြင်ရမယ် ဆင်ရမယ် .. အဲဒီအခါကျရင် ပိုက်ဆံကုန်မယ်..၊ ပိုက်ဆံကုန်ရင် နင်နဲ့ငါနဲ့ စကားများမယ် .. အဲဒါကြောင့် မကြိုက်တာ"

နေကို့ စကားကြောင့် မိုးထက် စိတ်ပေါက်ပေါက်နဲ့ ပြောမိပါ သည်။

"ဩော် .. ဟုတ်တယ် .. နင့်ကိုယူရဖို့ ငါ့ပိုက်ဆံငါ ရှာပြီး နင်နဲ့ ဆောင်းရမလိုဖြစ်ဇနေပြီ ကိုငနေ .."

"ဘာလဲ .. မိန်းကလေးကစပြီး လက်ထပ်စကား ပြောတာလား"

"သေလိုက်ပါလား .. နင် နော် ..."

"တစ်ခါတလေကျတော့လဲ နင်က အရမ်းချစ်ဖို့ကောင်းပြန်ရော.."

မိုးထက် ခမျာ သူမကို မြှောက်လိုက် ပင့်လိုက် ရိုက်ချလိုက် လုပ်နေတဲ့ ထိုငနှာကောင်ကို ဆွဲဆက်ကုတ်ဆွဲပစ်လိုက်ချင်တာ အမှန် ပင် ..။

"ဟုတ်တယ် .. နင့်အလှက ထူးခြားတယ်၊ ဘာမှမလုပ်ဘဲ ထိုင် ငေးကြည့်ချင်လောက်အောင် လှတာ .. ဒရင်းဘက်လေးယူပြီး ထမင်း ထုပ်လေးဆွဲပြီး နင့်ကို ထိုင်ကြည့်ချင်တာဟ .."



www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်မထိန်းနိုင်တော့ဘဲ ဒီငနာရဲ့ကျောကို စိတ်ရှိလက်ရှိ ထုတော့ နေကို က တဟားဟား ..၊ ဘယ်လိုကောင်မှန်းကို မသိ - ရင်ခုန်ရမလိုလို .. ရယ်ရငိုရမလိုလိုကောင်နဲ့ လာတွေ့နေရပါသည်။

"မိုး .."

အရေးကောင်းတုန်း ဒိန်ဒေါင်လား .. ကျော်ထူးလား .. လာ ... နေသလိုပါပဲ ..။ ဘယ်မေဂျာက ဘယ်ကျောင်းသားလဲ မသိ ..၊

နေကို က ...

"ကဲ .. အမိ .. ဟိုခုံတန်းက ငါ စောင့်နေမယ် .. လွတ်လွတ် ... လပ်ပြောကြ .."

"နေဦး .."

သူမ ငနေ့ ကျောပိုးအိတ်ကို လှမ်းဆွဲတော့ ငနေ က မကျေ ... နဲ့ ကြည့်ပြီး အနားမှာ နေပေးပါတယ်။

"ကျွန်တော် မိုး .. ကို .."

ရွှန်းရွှန်းလဲ့လဲ့မျက်လုံးရွဲကြီးတွေ တမင်ဆင်ပြီး ထိုသို့လာ ... လာသော အမောင်ကျောင်းသားအား သူမက အခုလိုပြောပါသည်။

"နေဦး .. ရှင် ရည်းစားစကားပြောမလို့ မဟုတ်လား .."





"ခင်ညာ .."

"ဟာ .. မေးနေတယ်လေ .."

"ဟုတ် .. ဟုတ်ပါတယ် ခင်ည .."

သူမ ကျိတ်ပြီး ပြုံးမိပါသည်။ အလှည့်ကျတော့ မနွဲ့ကြကြေး ... ငနေ ရယ် ..၊ သူမက ငနေ့ ဘက်ကို မေးဆတ်ပြပြီး ...

"ဒါက ကျွန်မရဲ့ စက္ကူထရီဆိုလဲ ဟုတ်တယ် .. အတိုင်ပင်ခံဆို ... ဟုတ်တယ် .. သူ့ကိုပြောရင် ကျွန်မကို ပြောသလိုပဲ ..၊ ဒီတော့ ... အကြည့်တွေ အသံတွေနဲ့ သူ့ကိုကြည့်ပြီး ရှင့်ရင်ထဲက ဖြစ်ချင်တာ ... တွေ ပြောပြ .. ဟုတ်လား ..၊ သေချာပြောနော် .. ကျွန်မ ကြားက ... ထောင်မယ် .. သိတယ်နော် .. ဘေးကကြည့်မှ ပိုပြီးခံစားတတ် ... အဲဒါမှ ရှင့်အတွက် အဖြေကို စဉ်းစားပေးလို့ ရမှာ .. လုပ် .. ... ပ် .."

ဂန်းနာမ .. လို့ ငနေ စိတ်ထဲက ကျိန်ဆဲလိုက်ပါသည်။ ပေဖြစ် ... တော့ ခံရမှာပေါ့လေ ..။

ငနေ သူ့ရှေ့ကကျောင်းသားကိုလည်း မေတ္တာပို့မိပါသည်။ ... တ်နဲ့ပတ်သက်ရင် အဲဒီကျောင်းသားက အရှက်တရားကို အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထားပုံ ပေါ်သည်။ နှာခေါင်းပွပွ .. ဝက်ခြံကို ဆိုဒ်အမျိုးမျိုးနဲ့ မျက်နှာပေါ်တပ်ဆင်ထားခြင်းခံရတော့ ထိုကျောင်းသားသည် မှည့်နေသောအကြည့်တွေနဲ့ ငနေ့ ကိုကြည့်တော့ ငနေ ဖိန်းတိန်းရှိန်းတိန်းနဲ့ အနေရခက်သလို ဖြစ်လာပါသည်။

ယောက်ျားအချင်းချင်းကြီး ဒီလိုကြီးကြည့်ပုံက ဘယ်လိုနေတဲ့ရမှာလဲ ..၊

"ဂလု .."

ထိုကျောင်းသားရဲ့တံတွေးမျိုချသံက ကျောချမ်းစရာ ..၊ မိုးထက်က တစ်ဖက်လှည့် ရယ်သည်။

"ကျွန်တော် .. မိုး .. ကို ..."

ဘုရား .. ဘုရား .. လို့ မျက်စေ့မှိတ်ကာ ရေရွတ်မိပါသည်။ ပြောစရာရှိတာပြောဖို့အရေးကို ဒီကောင် ဘာတွေလုပ်နေမှန်း မသိ။

"ချစ်တယ် .. မိုး ရဲ့အလှ .. မိုး ရဲ့အကြည့် .."

ငနေ မျက်လုံးကိုပြန်ဖွင့်ကြည့်တော့ ဟိုကောင်ရဲ့အကြည့် တစ်ချက်က သူတောင် ဘာလိုလိုဖြစ်ချင်စရာ ..။

"တို့ကို ပြန်ချစ်ပါ မိုး ရယ် နော် .. နော် .."





စကားနဲ့တင်မဟုတ် .. ထိုနောကောင်က လက်ပါ ပါလာကာ ကျွန်တော့်လက်မောင်းနှစ်ဖက်ကို ကိုင်ကာ ပြောတော့ ...

"ဟေ့ကောင် ဘာလုပ်တာလဲ ..၊ သွား .. သွား .. ငါ ထိုးမှာနော် .."

ကျွန်တော် စိတ်မထိန်းနိုင်ဘဲ လက်ကိုခါချကာ ပြောတော့ ထိုကောင်က မျက်နှာငယ်လေးနဲ့ မိုးထက် ဘက်လှည့်ကာ ထိုးပြီး ...

"သူပဲ စိတ်ထဲမှာရှိသလို ပြောဆို .. အညိုးညိုးပဲ .."

ကျွန်တော် စိတ်တိုတိုနဲ့ထွက်လာတော့ မိုးထက် က ဘေးကနေ တဟားဟားနဲ့ လိုက်ပါလာပါတယ်။ ကန်တင်းရောက်တဲ့အထိ ကျွန်တော့်မျက်နှာက ပုပ်သိုးသိုး ..၊

သူမကတော့ သူ့ကို ကြည့်လိုက် ရယ်လိုက်ပေါ့ ..၊

ဟိုအုပ်စုက ပုံစံနှစ်မျိုးနဲ့ ဆိုင်ထဲဝင်လာတဲ့ သူတို့စုံတွဲကိုကြည့်ပြီး နားမလည် ..၊ မြင့်သူ က ကြောင်တောင်တောင်နဲ့ မေးပါသည်။

"ဟေ့ကောင် ဘာဖြစ်လာတာလဲ .."

ကျွန်တော့်မှာ ပြန်ပြောလို့လည်း မဖြစ် ..။

"ဘာမှမဖြစ်ပါဘူးကွာ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မိုးထက် က တဟားဟားနဲ့ ပွဲကျနေပါသည်။ ပြီးတော့လည်း ကျွန်တော့်ကို မချိုမချဉ်အပြုံးနဲ့ ...

"ငါ .. ပြောလိုက်ရမလား .."

"နင် .. နင်နော် .."

"လုပ်စမ်းပါဦး .. ဘာလဲဟ .."

"မိုးထက် .. နင် နော် ..."

ကျွန်တော်က တားလေ .. ဟိုအုပ်စုတွေက ပိုပြီး သိချင်လာပုံရပါသည်။

"ပြောစမ်းပါဟာ .."

"မိုးထက် နင်နော် .. မပြောနဲ့ဆို .."

"ပြော .. မိမိုး .. ဘာတွေဖြစ်လာတာလဲ .."

နောက်ဆုံးတော့ ကျွန်တော်လည်း တားမရတဲ့အဆုံး မျက်နှာပူပူနဲ့ နေနေရပါသည်။ မိုးထက် က စကားစရုံပဲ ရှိသေးတယ် ဟိုကောင်တွေက ရယ်ပါသည်။ မိုးထက် က ပြောလိုက် .. တစ်အုပ်စုလုံးက သူ့ကိုကြည့်ပြီး ရယ်လိုက်နဲ့ သူ့မှာ နေရထိုင်ရ ခက်လာပါသည်။

ခိုင်ခိုင် က တဟားဟား ရယ်ရင်း ...





"ဟဲ့ .. ယောကျ်ားအချင်းချင်းကြီး ရည်းစားစကား အပြောခံရတာဆိုတော့ နင် စမ်းပွင့်တာပေါ့ နော် .. ငနေ .."

အေးမင်းဇော် ဆိုတဲ့ကောင်ကလည်း တကယ့်ချွန်တွန်းမှ ချွန်တွန်း ..၊ အဆင်းကို ဘီးတပ်တဲ့ကောင် ..။

"ငနေ တို့များ မိန်းမယူဖို့ ရည်းစားထားပါဆိုတုန်းကတော့ အင်တင်တင် ..၊ အခုတော့ မိန်းမ မယူဘဲ ယောကျ်ားယူတော့မယ်နဲ့တူပါရဲ့ .."

"မင်း ဘယ်တုန်းက ဘယ်လိုဖြစ်သွားတာလဲ ငနေ .."

"တောက် .."

ကျွန်တော် မကျေမနပ်နဲ့ မိုးထက် ကိုကြည့်တော့ မိုးထက် က ပြောင်တောင်တောင်မျက်နှာနဲ့ ကျွန်တော့်ကို လျှာထုတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. နင် ဝမ်းတွေလျှော့ပြီး အသက်က ယဲ့ယဲ့ပဲ ကျန်တော့တယ် ဆို .."

အိမ်ပေါ်ကို သူ့အိမ်လိုသဘောထားပြီး တက်လာရင်း ပြောတဲ့ မိုးထက် တစ်ယောက် ငနေ့ မေမေကိုလည်းတွေ့ရော လျှာလေး တစ်လစ်ဖြစ်ကာ ဖက်ပုသွားပါသည်။

မေမေက သဘောပေါက်စွာ ပြုံးရင်း ...

"လာကြ .. သားတို့ သမီးတို့ .."

အမှန်က ကျွန်တော် သွေးစုနာပေါက်တာပါ။ တင်ပါးမှာပေါ့..၊ ကျောင်းမှာ ထိုင်ရပြုရ ဒုက္ခရောက်တာကြောင့် ကျောင်းမတက်ခြင်း ဖြစ်ပါသည်။





"နင့်အမေကလွှား .. ငါ ဝမ်းတွေလျှော့ရမှာလား .. နင့်ကို ဘယ်သူပြောလဲ .."

အားလုံးအကြည့်က မြင့်သို့ ဆီ ရောက်တော့ မြင့်သူ က ရယ်ဖြဲဖြဲ ..၊ သြော် .. တရားခံက သင်းကို ..၊ မြင့်သူ က ရယ်ကျဲကျဲနဲ့ ...

"မနက်က ကျောင်းသွားဖို့ ပမ်းဘိပ်ကလက်ဖက်ရည်ဆိုင်မှာ စောင့်နေတုန်း မင်းတို့အေးအိမ်က ကိုတင်ထွန်း က မင်း ကျောင်းတက်မှာ မဟုတ်ဘူးတဲ့ ..၊ ဖင်မှာ ဘာဖြစ်တယ်ဆိုလား .. အဲ .. အဲဒါကြောင့် ဝမ်းလျှော့တာပဲ ဖြစ်မယ်ဆိုပြီး လုံးချလိုက်တာ .. ဟဲ .. ဟဲ .."

"ဟောကောင် .. ဖင် မဟုတ်ဘူး .. တင်ပါးမှာ သွေးစုနာပေါက်တာ .."

"ထွီ .. ရွံစရာတွေ .."

ကျွန်တော် ဖျတ်ခနဲ အကြံရလိုက်ပါသည်။

ဂန်းနာမ .. အလှည့်ကြုံပြီပေါ့လေ ..၊ မေမေက .. အားလုံးအတွက် ကော်ဖီဖျော်ပြီး ဗန်းကို ယူလာကာ ချပေးတော့ သူ ခပ်တည်တည်နဲ့ ..

"မေမေ .. ဒါ .. မိုး .."



www.burmeseclassic.com

www.burmeseclassic.com



မေမေ မျက်ခုံးမြင့်တက်သွားသလို ကျွန်တော့်ကောင်တွေပါ ကြောင်သွားပါသည်။

အဆိုးဆုံးကတော့ မိုးထက် ဆိုတဲ့ ဟာမလေးပေါ့ ..၊ ကြောင်အမ်းအမ်းနဲ့ ဘာပြောရမှန်း မသိ .. ဟိုကောင်တွေက ကျွန်တော့် တိုက်ကွက်ကို ရိပ်မိပုံ ရသည်။ မသိမသာ ပြုံးကြသည်။

မေမေက တစ်ခုခုကို သဘောပေါက်ပုံ ရပါသည်။ မိန်းကလေး သုံးယောက် ရှိတဲ့အနက် သူမကို ကျွန်တော်ရွေးချယ်ပြီး မိတ်ဆက်တာကြောင့် သူမ လက်ဖဝါးလေးကို ကိုင်ကာ ...

"သမီးလေးက အချောလေးပဲ .. သမီးနာမည်က 'မိုး'တဲ့လား.."

"ဟို ... သမီးနာမည်က မိုးထက်မော် ပါ အန်တီ .."

ကျွန်တော် ရယ်ချင်ချင်နဲ့ ...

"ကျွန်တော်က မိုး .. တစ်လုံးတည်း ချစ်စနိုးနဲ့ အဖျားဆွတ်ခေါ်တာပါ မေမေ .."

ခိုင်ခိုင်နဲ့ သက်သူဇာဝေ တို့က ကျွန်တော့်ရဲ့အကြံအဖန်ကို သိကာ ကျိတ်ရယ်ကြပါသည်။ မေမေကတော့ လောကွတ်တွေ စွတ်ချော်ပါတော့သည်။





"ဒါပဲနော် သမီး .. သားကို အန်တီ သမီးလက်ထဲ အပ်လိုက်ပြီနော် .. ဒီကောင်က ခေါင်းကြောမာတယ် သမီးရဲ့ .."

"ဟုတ် .. ဟုတ်ကဲ့ .."

"သမီး အားရင် လာလည်နော် .. အန်တီက သမီးမိန်းကလေး မရှိတော့ သမီးလေးတစ်ယောက် လိုချင်နေတာ .."

မေမေရဲ့ စကားတွေအောက်မှာ မိုးထက်မော် တစ်ယောက် လှုပ်မရတော့ ..၊ နောက်ဆုံးတော့ မိုးထက် တစ်ယောက် အတင်း စကားဖြတ်ရပါသည်။

"အန်တီ .. သမီး ကိစ္စလေးတွေရှိလို့ ပြန်ဦးမယ်နော် .."

"ဟယ် .. ထမင်းစားပြီးမှ ပြန်ပါလား သမီးရယ် .."

ခိုင်ခိုင် ကလည်း ရယ်ကျဲကျဲနဲ့ ပြောသည်။

"အေးလေဟယ် .. လူကြီးကို အားနာစရာ .."

"မဟုတ်ဘူးဟ .. ဒယ်ဒီ ခိုင်းထားတဲ့ကိစ္စရှိလို့ ..၊ သွားမယနော် အန်တီ .."

"မိုး .. ကိုယ် လိုက်မပို့တော့ဘူး နော် .."

ခိုင်ခိုင် နဲ့ သက်သူဇာဝေ က ရယ်ရင်း စိုးဖော် ကိုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ပြန်လိုက်မှာလား .."

"မလိုက်တော့ဘူးဟာ .. နေခဲ့လိုက်ဦးမယ် .. ကောင်းကောင်း သွားကြနော် .. ဒီကောင် ငနေ က စိတ်ပူတတ်တယ် .."

ခိုင်ခိုင် တို့က မိုးထက် ကို ကြည့်ကာ ကျိတ်ရယ်ကြပါသည်။ မိုးထက် ဟိုသကောင့်သားကို ဘုရှိုးရှိုးကာ ထွက်သွားပါသည်။

"ကဲ .. မင်းတို့သူငယ်ချင်းတွေ စကားပြောကြဦး .. အန်တီလည်း ချက်စရာလေးတွေ သွားချက်ပြုတ်လိုက်ဦးမယ် .."

မေမေ မီးဖိုချောင်ဘက် ထွက်သွားတော့ လေးယောက်သား မတိုင်ပင်ဘဲ တဟားဟားနဲ့ ရယ်ချမိပါသည်။

မှတ်ပလား မိုးထက် ရေ ..။





တစ်ပတ်ရစ်ပေမယ့်

တစ်ရစ်ချင်းပတ်ပြမယ့်သဘောထား ရှိပါတယ်

အတိအကျပြောရရင်

သတိရမိတာတွေက နေ့မက ညမက ..

အချစ်ရေ.. နှစ်တွေ နှစ်တွေ ..။



www.burmeseclassic.com

www.burmeseclassic.com



အခုဝေးက စပ်ဖြဲဖြဲနဲ့လာကတည်းက မိုးထက် နှုတ်ခမ်းက ရှုနေ ပါသည်။ သူတို့စုရပ်ဖြစ်နေတဲ့ ဒီကန်တင်းမှာ ထိုင်နေကျဆိုတော့ တစ်ယောက်မဟုတ် တစ်ယောက်ကတော့ အမြဲရှိတတ်ပါသည်။

"နှင် ခေါ်တော် အကျင့်မကောင်းတဲ့ကောင် .."

နေကို က ထိုင်ရုံပဲ ရှိပါသေးတယ် .. သူ့ကို အပြစ်တင်လာတဲ့ မိုးထက် စကားကြောင့် စပ်ဖြီးဖြီးနဲ့ ...

"ဟ .. ငါ ဘာလုပ်လို့လဲ မိုးထက် ရယ် .."

"အခုမှ ဘာလုပ်လို့လဲ .. ငါ မပြောလိုက်ချင်ဘူး .."

မိုးထက် စကားကြောင့် နေကို က လက်ကာကာ ...

"ခဏာသည်းခံပါဦးဟာ .. ငါ လက်ဖက်ရည်လေး မှာပါရစေဦး





ကျွန်တော့်စကားကြောင့် ဂျာနယ်ဖတ်နေတဲ့ အေးမင်းဇော် က ပြောပါသည်။

"မှာမနေနဲ့ .. မင်းဟာလေး မှာပြီးပြီ .."

မိုးထက် အေးမင်းဇော် လက်မောင်းကို လှမ်းရိုက်ရင်း ...

"ဘာ မင်းဟာလေး လဲ .. နှင်နော် ..."

မိုးထက် ရဲ့ စူစူအောင့်အောင့်အသံကြောင့် မိသက် က စမူဆာ တစ်ခု ယူစားရင်း ...

"ပြောလိုက်ရင်တော့ နှင်နော် .. နေနော် တို့ ရှုနော် တို့ .. ကဲ ...ိုက်ကြရင်လည်း ပြောကို မပြောချင်ဘူး .."

"ဟဲ့ .. ဒီကောင်က အိမ်ပေါ်ရောက်မှ အပိုင် ချည်ပြီးတုပ်ပြီး ...ပ်သွားတာ .."

"ဟ .. ငါက ဘာလုပ်လို့လဲ .."

နေကို .. အဲဒီလိုပြောလေ မိုးထက် ပေါက်ကွဲလေပေါ့ ..၊ ရုပ်ကို ...ဆွဲဆက်လုပ်ပစ်ချင်စရာကောင်းတဲ့ ရုပ် ..။

"တောက် .. ငနေ .. နှင် .. နှင် .. နှင့်အမေကို ဘာတွေပြောသေး ...ဲ .."



www.burmeseclassic.com

www.burmeseclassic.com



နေကို ရုပ်တည်တည်နဲ့ ရိုးသားတဲ့ ဖိုးသစ္စာရုပ်လေးနဲ့ ...

"ငါ ဘာပြောလို့လဲဟာ .. မေမေ ဒါ မိုး လို့ ပြောတာလေ"

နေကို့ စကားကြောင့် တခွီးခွီးနဲ့ ရယ်ကုန်ကြပါသည်။ နောက်ဆုံးမနေနိုင်တော့ မိုးထက် ဒီကောင့်ကျောကို ထုကာ ...

"နင် မိတ်ဆက်တဲ့ပုံက ကြည့်ဦးလေ .. အားလုံးရှိရဲ့သားနဲ့ ငါ့ကျမှ ရွေးပြီး မိတ်ဆက်ရလား ..၊ နင်ပြောပုံကလည်း ကြည့်.. မေမေ ဒါ မိုး ဆိုတဲ့ စကားက ဟိုလိုလို ဒီလိုလိုဖြစ်အောင် နင် တမင်ပြောတာ"

နေကို ကလည်း၊ ညောင်နာနာမျက်နှာလေးနဲ့ ...

"ဩော် .. မိုး .. ရယ် .. အဲ .. မိုးထက် ရယ် .. နင့်ကို ရွေးပြီး မိတ်လိုက် .. အဲလေ ..."

မိုးထက် ရဲ့လက်သီးတွေက သူ့ကျောပေါ် တဒုန်းဒုန်း ကျလာပါသည်။ ဟိုကောင်တွေကတော့ ပွဲကြည့်ပရိသတ်မို့ တဟားဟား -

"နင့်ကိုရွေးပြီး မိတ်ဆက်တာက နင့်ကို အခင်ဆုံးမို့ပါဟာ - မေမေ ဒါ မိုး လို့ပြောတာက မိုးထက် လို့ ပြောကာနီးမှ လည်ပင်းနာသွားလို့ .. ဟဲ .. ဟဲ ..."

"လာ .. မနင်အောင် ငါ နင့်လည်ပင်းကို နင်းပေးမယ် .."





"ကဲ .. ကဲ .. တော်ကြပါတော့ဟာ .. အိမ်ရောက်မှ ဆက်ရန်ဖြစ်ပြီ .."

မိသက် က နားငြီးလာတာကြောင့် အခုလိုပြောတော့ မိုးထက် က မိသက် ကို မျက်စောင်းထိုးသည်။ မြင့်သူ က မိုးထက် ကို ရည်ရည်ပြီး ပြောပါသည်။

"နေပါဦး .."

မိုးထက် ကလည်း ...

"နေပါတယ် .."

"နင်တို့နှစ်ယောက်က ဘာလဲ .."

မိုးထက် က ငနေ့ ကို ဖျတ်ခနဲ ကြည့်သည်။ ငနေ က အခုလိုပြောသည်။

"ငါက အထီး .. သူက အမ ..၊ ငါက ဥလို့မရဘူး .. သူက ..."

ဖြန်းခနဲ ကျောကိုရိုက်လိုက်တာကြောင့် စကားက တိုးလိုးတန်းလန်းနဲ့ရပ်သွားပါသည်။ ငနေ က ရှုံ့မဲ့မဲ့နဲ့ ...

"မေးလို့လဲ ဖြေရသေးတယ် .. ဟာပဲ .. ဟာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူ က ထပ်မေးပြန်သည်။

"မဟုတ်ဘူး ..၊ ရည်းစားလား .. သူငယ်ချင်းလား .."

မိုးထက် က အဲဒီစကားကြောင့် မဲ့သည်။ ငနေ ပဲ ဒိုင်ခံဖြေပါတယ်။

"ရည်းချင်း .."

"ဘာကြီး .."

"ရည်းစားမဟုတ် .. သူငယ်ချင်းမဟုတ် .. ဟိုး .. ဟိုးထား.."

နောက်တစ်ကြိမ် လက်မြှောက်တော့ ငနေ က ကမန်းကတန်း လှမ်းတားရပါသည်။

"အဲဒါတွေတော့ မသိဘူးဟေ့ .. ဝေါဟာရအသစ်တွေ ... သဏ္ဍာန် အသစ်တွေတော့ မသိဘူး .. အခုဆို ကျောင်းမှာ လူပြောများ တာက ဘာလဲ သိလား .."

"ဘာလဲ .. နောက်ဆုံးနှစ်သမားတွေ ဖောက်ထိုးဖြစ်ကုန်တဲ့ အကြောင်းလား .."

အရေးထဲ စိုးဇော် က ဝင်နှောက်နေတော့ မြင့်သူ က စမူဆာ တစ်ခု လှမ်းယူပြီး ဒီကောင့်ပါးစပ်ထဲ ထိုးထည့်ပါသည်။





"မိုးထက် ကို ရည်းစားစကား ပြောချင်ရင် .. ဒါမှမဟုတ် စာပေး ချင်ရင် ပြန်ကြားရေးဌာနက ငနေ့ ဆီ သွားတဲ့ .."

"ဘယ်လို .. ငါ့ကို ..."

ငနေ အံ့သြဟန်နဲ့ မေးတော့ မြင့်သူ က အပြုံးနဲ့ ခေါင်းညိတ် သည်။

"ဟုတ်တယ် .. မင်းကို ကျောင်းသားတွေက ပြန်ကြားရေးတဲ့"

"ဟဲ့ .. နေကို ပြန်ကြားရေးလို့ ကင်ပွန်းတပ်ရုံတင် မဟုတ်ဘူး တဲ့ .. မိုးထက် ကိုလည်း တက္ကစီ(TAXI)တဲ့"

"ဘာ .. ငါ့ကို .. တက္ကစီ ..၊ ဘာတွေလဲ .."

"ဘာတွေလဲ မဟုတ်ဘူး .. ကျောင်းသူတွေ ပေးတာ ..၊ နင့်ကို တစ်ယောက်ယောက်က ရည်းစားစကားလာပြောရင် ငနေ့ ကို အငှား ရည်းစားလုပ်ခိုင်းလွန်းလို့ ဟေ့ .."

မိုးထက် စိတ်ဆိုးရမယ့်အစား ရယ်နေပါသေးသည်။ နေကို က မိုးထက် ကို မသိမသာ အကဲခတ်ရင်း ...

"ငါကတော့ ဘာမဟုတ်တဲ့ဟာလေးနဲ့တော့ နာမည်အပျက်မခံ နိုင်ဘူး နော် .."



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် .. အံမယ် .. နင်ကများ ပြောရတယ်ရှိသေး .."

မိုးထက် က မဲ့ရွဲ့ရင်းပြောတော့ ဒီကောင်က မှင်သေသေ –

"ဟုက်တယ်လေ .. ပဘ်ဝန်းကျင်ဆိုတာ ရှိသေးတယ် ..၊ ကို[illegible] ကိုယ်ကိုယ် လူပျိုလေးဆိုတာ သတိထားရတယ်လေ .. လူဆို[illegible] မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေကြတာ ..၊ ကိုယ်က ဣန္ဒြေသိ[illegible] နဲ့ ပိပိပြားပြား နေမှ .."

"ငနေ .."

"ဘုန်း .."

ဒီတစ်ခါတော့ နေကို မရှောင်နိုင်တော့ ..၊ ကျောပိုးအိတ်နဲ့ ဘု[illegible] ခနဲ အရိုက်ခံလိုက်ရပါတယ်။ ဒါပေမယ့် ဒီကောင့်မျက်နှာပိုး[illegible] မသေ..။

မိုးထက် နေကို့ ကို ကြည့်ကာ ရယ်မိပြုံးမိသည်။ ဒီကောင်[illegible] နေရတာ ပျော်စရာတော့ကောင်းတယ်။ သူမရဲ့ ပျော်တော်ဆက်[illegible] ပေါ့။



"ဟယ် .. သမီး .."

တွေ့တွေ့ချင်းကတည်းက စိတ်ထဲကတော့ သွားပြီလို့ တွေးလိုက်မိပါသည်။

ဟိုကောင် ဘာတွေလျှော်ထားသည် မသိ ..၊ နေကို့ မေမေ ဒေါ်နေရီရီ က သမီးချင်းကို ထပ်နေပါသည်၊

"သမီး .. ဈေးလာဝယ်တာလား .."

"ဟုတ်ကဲ့ အန်တီ .."

ဒေါ်နေရီရီ က ဒက်ဒီကို အခုမှ သတိထားမိသွားပြီး ...

"ဩော် .. သမီးလေးရဲ့အဖေလည်း ပါလာတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကျော်အောင် က အနှစ်နှစ်အလလက ကွဲကွာနေတဲ့ မိတ် ဟောင်းဆွေဟောင်းတစ်ယောက်ကို အခုမှ ပြန်တွေ့ရသလို ဝမ်းသာ အားရနဲ့ ...

"ဟုတ်ပါတယ်.. ကျွန်တော်ပါ..၊ ကျွန်တော့်သမီးကတော့ အိမ်မှာ အစ်မကြီးတို့အကြောင်းကို ပြောမဆုံးဘူးဗျာ .."

အွန် .. လို့ အသံမထွက်ရုံ တစ်မယ်ပါပဲ။

မိုးထက် ခမျာ သူမလည်း မပြောရဘဲနဲ့ ပြောသည်ဆိုတော့-

"ဒယ်ဒီ .."

"အို .. သမီးကလဲ ..၊ ဒီက အစ်မကြီးတို့ .. ဒယ်ဒီတို့ဆို တကယ့် မိတ်ဆွေကောင်းတွေပဲလေ .. မဟုတ်ဘူးလား အစ်မ ရယ် .."

"ဟုတ်တာပေါ့ .. ကိုမိုးကျော်အောင် .."

အတိုင်အဖောက်က မိုးဒီနဲ့မောင်စံတောင် အရှုံးပေးရသည့် လေ တွေပေါ့။

"ဒါနဲ့ အစ်ကိုကြီးက ..."

"ဩော် .. အိမ်က သားတို့အဖေ ပြောတာလား .."





"ဟုတ်တာပေါ့ အစ်မကြီးရယ် .."

"သားတို့အဖေနာမည်က ဦးကိုကို၊ (. . . . .)ဌာနက ဒု-ညွှန်မှူး တစ်ယောက်လေ .."

"ဟုတ်လား .. အဲဒီဌာနကိုတော့ ကျွန်တော် ကုမ္ပဏီကိစ္စနဲ့ ရောက်ပါတယ် .. ဒါဆို နေပြည်တော်မှာပေါ့ .."

"ဟုတ်တယ် ကိုမိုးကျော်အောင် .. အင်း .. အိမ်ကလူ လာမှ ကျွန်မလည်း ကိုမိုးကျော်အောင် တို့ သားအဖကို ထမင်းကျွေး ဖိတ်ပါရစေရှင် .."

ဦးမိုးကျော်အောင် ကလည်း ...

"ဒါပေါ့ .. ဖိတ်ရမှာပေါ့ .. ဟဲ .. ဟဲ .."

ဦးမိုးကျော်အောင် သမီးကို တဟဲဟဲနဲ့ရယ်ပြီး ကြည့်လိုက်သေးသည်။

"ပြီးတော့လဲ ကျွန်တော်တို့လဲ စကားလေး ဘာလေး ပြောရသေးတာပေါ့ဗျာ.. မောင်နေကို ကိုလည်း ပြောလိုက်ပါဗျာ.. ကျွန်တော့်ဆီ လာလည်ပါဦးလို့ ..၊ ဒီကောင်လေးနဲ့ စကားပြောရတာ ပျော်ဖို့တော့ ကောင်းဗျ .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါရှင် .. ကဲ .. ကဲ .. ဈေးဝယ်နောက်ကျနေဦးမယ် သမီးလေး အိမ်ကို လာခဲ့ဦးနော် .."

ဒေါ်နေရီရီဦး က ချစ်စနိုးနဲ့ မိုးထက် မေးဖျားလေးကို ကိုင်လှုပ်ရင်း နှုတ်ဆက်ကာ ထွက်သွားပါသည်။ ဦးမိုးကျော်အောင် က ပြုံးပြုံး ကြီးနဲ့ ဒေါ်နေရီရီဦး ထွက်သွားရာကိုကြည့်ပြီး ...

"ဒီမိသားစုက ပွင့်ပွင့်လင်းလင်းတော့ရှိသားကွ .. ကောင်းတယ် သမီး .."

ဘာရည်ရွယ်ချက်နဲ့ပြောသလဲတော့ မသိပါ။ မိုးထက် စိတ်ထဲမှာ တော့ ဟိုကောင့်ကို အရေးခွဲနှာချင်နေပါသည်။





"ဟာ .. ဒါဆို ပွဲက လှပြီပေါ့ .."

"နင့်ကြီးတော် လှရမှာလား .."

"ဟဲ့ .. ငါ့ကြီးတော် နာမည်လဲ မလှ ပဲ .."

မိုးထက် စိတ်ပေါက်ပေါက်နဲ့ ရှုးပါမားကက်ကအပြန် ဒယ်ဒီ့ကို ကုမ္ပဏီ လိုက်ပို့ပြီးအပြန် ခိုင်ခိုင့် ဆီ ဝင်ပြီး ခုန ထမင်းစားဖိတ်တဲ့ အကြောင်းကို ပြောပြပါသည်။ ခိုင်ခိုင် တစ်ခုခုကို စဉ်းစားမိပုံနဲ့ ...

"ဒါနဲ့ နင်ရော ငနေ့ ကို ဟို .. သံယောဇဉ်ရှိလား .."

"အပိုတွေပြောမနေနဲ့ .. ချစ်လားလို့မေးတာ မဟုတ်လား .."

"အေးပေါ့ဟဲ့ .. ငါက အပျိုလေးဆိုတော့ နှုတ်မရဲဘူးလေ .."

"နှုတ်ရဲချင်ရင် နှုတ်ခမ်းနီဆိုး .. မသိရင် ငါကပဲ အပျိုမဟုတ်တော့ ကျနေတာပဲ .."

"ဟင် .. နင်ပဲ မကြာခင် အိုတော့မှာပဲဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟာ .."

မိုးထက် စိတ်ပေါက်ပေါက်နဲ့ပြောတော့ ခိုင်ခိုင် က ခုနစကားကို ထပ်မေးပါသည်။

"ဟဲ့ .. ငါ မေးတာ ဖြေဦးလေ .."

သူမ မျက်ခုံးကြောကြီး ရှုံ့မတတ် စဉ်းစားရင်း ...

"မသိဘူးဟာ .. ငါ့ကိုယ်ငါလည်း အဖြေမပေးတတ်ဘူး .. ချစ်သလိုလို .. မချစ်သလိုလို .. ဘာကြီးမှန်း မသိဘူး .."

"ဒုက္ခပဲ .. အရေးထဲ .."

"ဟုတ်တယ်လေ .. ငါမှ အချစ်ဆိုတာကြီးကို သေသေချာချာမှ မသိတာ .. မသိသေးဘူး ထင်တာ .. ဒါပေမယ့် ဒီကောင် ငါ့အနားမှာ ရှိနေရင်တော့ ကျေနပ်တယ်ဟာ .."

ခိုင်ခိုင် က သက်ပြင်းချပါသည်။ သူကိုယ်တိုင်လည်း အချစ်အကြောင်းမသိတော့ ဆရာကြီး ဝင်လုပ်လို့လည်း မဖြစ် ..။

"အေးနော် .. တစ်မျိုးတော့ တစ်မျိုးပဲ .. နင့်အနားမှာ ဒီကောင် ထက် ပိုချော ချမ်းသာတဲ့ကောင်တွေ အများကြီးရှိရက်နဲ့ နင့်အနားကပ်ဖို့ မလွယ်တဲ့ကိစ္စ .. ဒီကောင်ကျမှ .."





ခိုင်ခိုင် ပြောတာ ဟုတ်တော့လည်း ဟုတ်ပါသည်။ ငနေ တို့ အုပ်စုနဲ့ ခင်မင်တာ သိပ်မကြာသေးဘူးဆိုပေမယ့် နှစ်အကြာကြီး တွဲလာတဲ့ သူငယ်ချင်းတွေလို ရင်းနှီး ခင်မင်သွားခဲ့ပါသည်။

"ဒီကောင်ကရော နင့်အပေါ် ဘယ်လိုသဘောထားလဲ .."

"ဘာကိုလဲ .."

"ဩော် .. နင့်ကို လှလို့ သဘောကျနေတာလား ..၊ တကယ်ပဲ မေတ္တာရှိနေတာလား .."

"ဟာ .. ငါ ဘယ်သိပါ့မလဲ ဟဲ့ .."

"အေးနော် .. အဲဒါလည်း ဟုတ်တာပဲ .."

ခိုင်ခိုင် သူ့ဘာသာသူ မေးပြီး သူလည်း ဘာမှမသိတော့ အဲဒါကြောင့် ပြောတာ.. အချစ်ဆိုတာကြီးဟာ ခေါင်းကို အလွန်ရှုပ်စေ၏၊ အိပ်ရေးကို ပျက်စေ၏၊ ပိုက်ဆံကုန်စေ၏၊ ရင်ကို တုန်စေ၏ ဆိုတာ အလွန်မှန်ပါလားလို့ တွေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ည နေစောင်းတစ်ခုမှာပေါ့ ..၊ မိုးထက် က စပြီး သူငယ်ချင်းတွေ စုပြီး မျှော်စင်ကျွန်းသွားပြီး တစ်ခုခုသွားစားရအောင်လို့ ခေါ်တော့ သူတို့တစ်အုပ်ကြီး မျှော်စင်ကျွန်းမှာ ဆုံကြပါသည်။ မိုးထက် ကားနဲ့ ခိုင်ခိုင် နဲ့ သက်သူဇာဝေ တို့က ပါလာပြီး အေးမင်းဇော် ကားနဲ့ ကျွန်တော်ရယ် .. မြင့်သူနဲ့ စိုးဇော်အောင် တို့က ပါလာကြပါတယ်။

ကျွန်တော်တို့က အရင်ရောက်နှင့်ပါတယ်။ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး .. မိုးထက် တို့ကားလေး မျှော်စင်ကျွန်းထဲ ဝင်လာတာ တွေ့ရတာကြောင့် ကျွန်တော်က ကားပါကင်ကနေ လက်လှမ်းပြတော့ အေးမင်းဇော် က ...

"ပိုကိုပိုတယ် .. ဟိုက ဝင်ကတည်းက တွေ့ပါတယ်ကွ .."





အဲဒီ အပြစ်တင်စကားပြောတော့ ကျွန်တော်က တဟဲဟဲ ..၊ မိုးထက် က ဦးဆောင်ပြီး သူတို့ထံ တည့်တည့်ကြီး လျှောက်လာပါတယ်။ အနားရောက်ခါနီးကြတော့ မိုးထက် က အားရဝမ်းသာနဲ့ပြုံးပြီး မပြေးရုံတစ်မယ် ပြေးလာတော့ မြင့်သူ က ...

"ဟော့ကောင် .. မင်းကို ပြေးဖက်တော့မယ် ထင်တယ် .."

ကျွန်တော်လည်း တစ်ခါမှ အဖက်မခံရဘူးတော့ ကြိုတင်ပြင်ဆင်ချိန် မရလိုက် ..၊ ဒါပေမယ့် အနားရောက်တော့ ကျွန်တော့်ကို ကျော်သွားကာ ...

"ကိုနိုင် .."

"မိုး .."

ကျွန်တော် မသိတဲ့ ခပ်ချောချော လူတစ်ယောက် ..၊ မိုးထက် လက်အစုံကို ထိုသူက လှမ်းကိုင်ပြုမလိုလိုပုံစံ ..၊ မိုးထက် ပုံစံက အရမ်းပျော်မြူးနေတဲ့ ကလေးတစ်ယောက်လိုပါပဲ ..။

ကျွန်တော် ရပ်နေတဲ့နေရာက ကောင်းကင်တစ်ခုလုံးဟာ မိုးထစ်ချုန်းရွာတော့မယ့်ဟန်ပန်လို ကျွန်တော့်မျက်လုံးတွေထဲမှာ အုံ့မှိုင်းသွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးခါနီးမှ အနီကဒ်နဲ့ ဒိုင်ရဲ့တစ်ဖက်သတ် ထုတ်ပယ်ခြင်းခံလိုက်ရတဲ့ ဘောလုံးသမားတစ်ယောက်ရဲ့ ဝေဒနာကို ကျွန်တော်ကိုယ်ချင်းစာမိပါသည်။ အခုအချိန်မှာ မိုးထက်မော် ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ငနေ ဆိုတဲ့ လူတစ်ယောက်ကို မေ့ကောင်း မေ့နေပါပြီ ..။

သူ့ရဲ့ပျော်ရွှင်မှုတွေကို မြင်ရတယ်၊ သူ့ရဲ့ရယ်သံတွေကို ကျွန်တော် ကြားနေရတယ်၊ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်အတွက် သူ့ရဲ့ ပျော်ရွှင်မှုတွေကို မြင်ရတော့ ကိုယ်လည်း အတူလိုက်ဝမ်းသာနိုင်မယ်လို့ ထင်ခဲ့ပေမယ့် အခုတော့ အဲဒီကြည်နူးမှုတွေ ရယ်သံတွေဟာ ဓားပါးပါးလေးတစ်ချောင်းလို သူ့ရင်ကို စွပ်ခနဲ စွပ်ခနဲ ထိုးနေသလိုပါပဲ ..။

ငါ ဘာတွေများ မှားသွားလို့လဲ မိုးထက်မော် ..။

"ငနေ .. ဟော့ကောင် .."

"ဟော့ကောင် .. နေဦးလေ .."

ကျွန်တော့်ရဲ့ခြေလှမ်းတွေက ကျွန်တော် မခိုင်းစေရဘဲ သူတို့နဲ့ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားပါတယ်။





ကျွန်တော် လူသူနည်းပါးတဲ့ ကမ်းစပ်လေးတစ်ခုမှာ ဘယ်လောက်ကြာအောင် ထိုင်မိသည်မသိ ..၊ ပထမဦးဆုံး သတိဝင်လာစာတာ မီးရောင်တွေ စတင်ထွန်းလိုက်ချိန်ပေါ့။

သြော် .. မကြာခင်မှောင်တော့မယ်ဆိုတာ ကျွန်တော် သိလိုက်ပါသည်။ ပြီးတော့ ကျွန်တော့်ပခုံးပေါ် ရောက်လာတဲ့ လက်တစ်စုံ ..၊

"ရှာလိုက်ရတာ ငနေ ရာ .."

"အေးလေးဟယ် .. မြန်လိုက်တာ .. ဘယ်ရောက်လို့ .. ဘယ်ရောက်သွားမှန်းကို မသိလိုက်ဘူး .."

ကျွန်တော့်နားကိုရောက်လာတဲ့ သူ့အုပ်စု ကိုယ့်အုပ်စု တစ်ဖွဲ့ ..၊ ဒါပေမယ့် အဲဒီထဲမှာတော့ ကျွန်တော့်ရဲ့ ထိပ်ထားလေး ပါလာခဲ့ ..။

မိသ..ာ် က ခပ်ဇွေဇွေအနေအထားကနေ ထိုင်ရင်း ကျွန်တော့်ကို ကြည့်ကာ ...

"နင် သိပ်ခံစားနေလားဟင် ငနေ .."

ကျွန်တော် အားတင်းပြီး ပြုံးမိပါသည်။ ဒါပေမယ့် ဝမ်းနည်းမှုကိုတော့ ဖုံးဖိမထားနိုင်တာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပူထဲကလာတဲ့လူ .. ရေ ချက်ချင်းချိုးလိုက်တော့ အပူရှ သလိုပေါ့ဟာ .. အဲဒီသဘောပေါ့ ..၊ တချို့ကတော့ ပြောချင်ပြေ မယ် .. လန့်ဖျားဖျားတာလို့ .. ဒါပါပဲ .."

ခိုင်ခိုင် ရဲ့သက်ပြင်းချသံကို ကျွန်တော် ကြားရပါတယ်။

"အေးဟယ် .. ဒီကောင်က ဘယ်ချောင်ကနေ ဘယ်လိုပေါ လဲ မသိပါဘူးဟာ .."

စိုးဇော် က မေးပါသည်။

"ဒီကောင်က ဘယ်သူလဲ ခိုင်ခိုင် .."

"ဒီကောင့်နာမည်က အောင်နိုင် .."

"နွားကျောင်းသားပေါ့ .."

မြင့်သူ ရဲ့ ဟာသစကားကို ဘယ်သူမှမရယ်မိကြ ..၊ အေး ဒါ ရယ်စရာကောင်းတဲ့ဖြစ်ရပ်မှ မဟုတ်တာနော် ..။

"အောင်နိုင် တို့ အဖေ အမေတွေက ချမ်းသာတယ်ဟ .. ဒီကောင်က တစ်ဦးတည်းသောသားဆိုတော့ ဆိုးတယ် ပေတ ဟာ .. မိုးထက်နဲ့ ဒီကောင်က ဆယ်တန်းနှစ်ကတည်းက စ တာ .. ဆယ်တန်းနှစ်မှာ ဒီကောင် ဖိုးငြိတယ် ဆိုပါတော့ ..၊





သူ့အဖေ အမေတွေက ဆေးဖြတ်ပြီး ဟိုကိုပို့တယ်ကြားတာပဲ .."

"ဘယ်လဲ .. ရောဝတီတိုင်းဘက်လား .."

မြင့်သူ စကားကြောင့် ခိုင်ခိုင် က မျက်စောင်းထိုးရင်း ...

"ဟာ .. ဂျပန်ကို ပြောတာဟဲ့ .."

"ဒါဆို ဒီကောင်က မစ်ဆူဘီရှိပေါ့ .."

"ဟင့်အင်း .. တိုရှိဘာ .."

သူတို့ဘာသာပြောပြီး သူတို့ဘာသာ ရယ်ကြပေမယ့် ကျွန်တော့် အတွက်ကတော့ ရယ်လို့မရ .. အလွမ်းဆိုတာ ရယ်မောခြင်းကို သေဆုံးစေတာ အခုတော့ ငါ နားလည်ပါပြီ မိုးထက် ..။

"သိပ်လဲ မခံစားပါနဲ့ကွာ .."

"ဟာ .. မင်းဖြစ်တာမှ မဟုတ်တာ .. ကိုယ်ချင်းမစာ မပြောနဲ့၊ ဟာကောင် ကြိုက်သလောက် ခံစား .. ငါတို့ ရှိတယ် .."

"မင်း ကပ်မပြောနဲ့ မြင့်သူ ..၊ ဒီကောင် အရမ်းခံစားနေရင် လွန်အကျွံဖြစ်မှာစိုးလို့ ပြောတာကွ .."

အရေးထဲ မြင့်သူ နဲ့ အေးမင်းဇော် က စကားနိုင်လုနေပါသေး သည်။ စိုးဇော် က ပြောပါတယ်။

www.burmeseclassic.com



"မင်း ဘာလုပ်ချင်လဲ ငနေ .."

ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

"နင်တို့ ပြန်တော့ ခိုင်ခိုင် .."

ကျွန်တော့်စကားကြောင့် ခိုင်ခိုင် နဲ့ မိသက် က အထိတ်တလန့်နဲ့ ...

"ဟဲ့ .. နင်တို့ ဘာလုပ်မလို့လဲ .. အရက်တွေ ဘာတွေ သောက်မလို့လား .."

"အေး .. ဟုတ်တယ် .. အေးမင်းဇော် မင်း လိုက်ပို့လိုက်ကွာ.."

"အေး .. မင်းတို့ ဘယ်မှာရှိမှာလဲ .."

မြင့်သူ က ဆိုင်တစ်ဆိုင်ရဲ့နာမည်ကို ပြောပြပါသည်။ အေးမင်းဇော် က သိတယ်လို့ ခေါင်းညိတ်ပြပြီး ခိုင်ခိုင် တို့ကို ခေါ်သွားပါသည်။ မိသက် က စိတ်မချဟန်နဲ့ ...

"ဟဲ့ .. နင်တို့ ငနေ့ ကို စွတ်မတိုက်နဲ့နော် .."

"အေးပါဟာ .. သွားပါတော့ .."

အေးမင်းဇော် တို့ ထွက်သွားတော့ မြင့်သူ ကားတစ်စီးငှားပြီး ဆိုင်ကို ထွက်လာခဲ့ပါသည်။ ဆိုင်က အရက်ဖြူဆိုင်ပါ။ အများဆုံး





လာသောက်သူတွေက ဆိုက်ကားသမားတွေ .. နေ့စားသမားတွေ များသည်။

"သောက် .. ငနေ .. ဒီဆိုင်က အမြည်းစုံတယ် .. အမြည်းကောင်းတယ် ..၊ မှာ .. သူငယ်ချင်း .. တစ်လုံးလား .."

ငနေ ဆိုင်ကောင်တာမှာ မှာနေတာကို နားစွင့်မိပါသည်။

"ငါ့အတွက် ငါ မှာမယ် .. မင်းတို့ဘာသာ မင်းတို့ မှာပြီး သောက် .."

"အေးပါ .. မင်းက ဘယ်လောက်တောင် သောက်မှာလဲ .."

"နှစ်ရာဖိုး .."

"ဟေ!.."

ငနေ့ စကားကြောင့် မြင့်သူ နဲ့ စိုးဇော် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ တခွိုးခွိုးနဲ့ ရယ်ကုန်ကြပါသည်။ အဲဒီက စတော့ တာပါပဲ။ အရက်နှစ်ရာဖိုး ခွက်လေးတစ်ခွက်နဲ့ ယူလာကာ အအေး တစ်ပုလင်းမှာပြီး အရက်နည်းနည်း ငှဲ့ .. အအေးထည့် ရေအများကြီး ရောပြီး မသောက်ရသေးဘဲ မှုံးနေပါတော့သည်။

"အေး .. အသည်းကွဲတယ်ဆိုတာ .. သရဲမွေးသလိုပဲ .. ဆော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. မင်း မသောက်ရသေးဘူး နော် .."

မြင့်သူ က အမြင်ကတ်ကတ်နဲ့ပြောတော့ ငနေ က ဆရာကြီး စတိုင်နဲ့ ...

"မသောက်ရသေးပေမယ့် အနံ့နဲ့ မူးတာကွ .. ငါ မူးနေပြီ .. ငါ အသည်းကွဲနေပြီ .."

အသံလေး နည်းနည်းကျယ်သွားတော့ ငနေ နဲ့ ကျောချင်းကပ်နေတဲ့ဝိုင်းက အရက်လာသောက်တဲ့ ဆိုက်ကားဆရာက ...

"အသည်းကွဲတာတော့ မသိဘူး .. ငါ့ရှေ့ဘီးတော့ ဟက်တက်ကွဲသွားတယ် .. အနီစွသဘောနဲ့ ကိစ္စချောသွားတယ် ဆိုပါတော့ကွာ .."

ဒီလိုနဲ့ အရက်နှစ်ရာဖိုးသောက်ပြီး နေကိုကို ခများမှာ ခေါင်းငိုက်စိုက်ကျလို့ သူတို့ တွဲပြီး ပြန်လာခဲ့ရပါသည်။





"ဘာ!... အရက်သောက်တယ် ဟုတ်လား.. ဘာကြောင့်တာလဲ"

မိုးထက် ကျောင်းရောက်ရောက်ချင်း ငနေ ကို မတွေ့တာကြောင့် မေးတော့ မြင့်သူ က ညကကိစ္စကို ပြောပြတော့ မိုးထက် က အခုလို ပြောခြင်း ဖြစ်ပါသည်။

"နင် .. ငနေ့ကိုတော့ အဲလိုပြောဖို့တော့ မကောင်းဘူး မိုးထက်.. သူလည်း လူတစ်ယောက်ပဲ .. အသည်းကွဲပိုင်ခွင့် ရှိတာပဲ .."

"ဟဲ့ .. အသည်းကွဲရအောင် ငါက ဘာလုပ်နေလို့လဲ .."

"ဟာ .. မိုးထက် .. နင် ပြောပုံက ငါတို့ကောင်ကပဲ ကိုယ့်အသည်းကို ကိုယ်ပြန်ခွဲတယ်လို့ ပြောချင်တာလား .. ဒါဆို မနေ့က တွေ့ခဲ့တဲ့ကောင်က ဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



မိုးထက် နှုတ်ဆွံ့အသွားပါသည်။ အေးမင်းဇော် က ပြုံးလိုက်ပါသည်။

"ငနေ က သူ့အချစ်ကို ရူးသလို ကြောင်သလို လုပ်ပြနေလို့ နင် သတိမထားမိတာပါ .. သူလည်း ချစ်တတ်ပါတယ်ဟ .."

မိုးထက် စိတ်နာနာနဲ့ ရယ်ချမိလိုက်ပါသည်။

"နင်တို့ကောင်မှာ ချစ်တတ်တဲ့နှလုံးသား ရှိတယ်ဆိုတာ ငါ မယုံဘူး အေးမင်းဇော် .."

"တိုးတိုးပြောပါဟယ် .. အချင်းချင်းတွေကို .."

မိသက် က ဆိုင်ထဲကလူတွေကိုကြည့်ပြီး ပြဿနာမဖြစ်အောင် ပြောပါသည်။

"ရှိတာပေါ့ဟာ .. နင်နဲ့ နီးစပ်ဖို့ နေ .. ဆိုတဲ့နာမည်ကို မနေ လုပ်ပြီး နင်နားမှာ နေခွင့်ရအောင် ပိပိရိရိလုပ်ခဲ့တာလဲ ငနေ ပဲ .."

"ဟင်!..."

ဒီတစ်ခါတော့ မိုးထက် တို့ တစ်အုပ်စုလုံး အံ့သြသွားပါသည်။ မြင့်သူ က သက်ပြင်းချရင်း ...

"CV ဖောင်မှာ ပေါက်တတ်ကရ ရေးပြီး သူ ကောက်ရခဲ့တဲ့





နင့်ရဲ့ဓာတ်ပုံကို ကပ်ပြီး အထင်လွဲအောင် လုပ်တာလဲ ဒီကောင်ပဲ မိုးထက် .."

အံ့သြသံတွေ ထွက်ပေါ်မလာပေမယ့် အားလုံး မျက်လုံးအဝိုင်းသား ..၊

"ပုံမှန်နည်းအရ နင့်ကို ခင်ချင်ပါတယ်ဆိုရင် နင်တို့ ဟားလွှတ်လိုက်မှာ ဒီကောင် သိနေတယ်လေ .. အဲဒါကြောင့် ဒီနည်းတွေကို သူ သုံးလိုက်ရတာပဲ မိုးထက် ..၊ အဲဒါ နင့်ကိုချစ်လို့ပဲ မိုးထက် .."

မိုးထက် ငိုချင်လာသလိုလို ဖြစ်လာမိပါသည်။ ဒါပေမယ့် သူ့ရဲ့ ကိုနိုင် က ပြန်ရောက်လာပြီလေ ..၊

"ငါ .. ငနေ့ အတွက် စိတ်မကောင်းပါဘူးဟာ .."

စကားသံက ရှင်းသည်။ ငနေ ကံဆိုးသွားပြီဆိုတဲ့ သဘောပေါ့။

"အခု .. ငနေ့ အတွက် စိတ်မကောင်းဘူးဟာ .."

စကားသံက ရှင်းသည်..၊ ငနေ ကံဆိုးသွားပြီဆိုတဲ့သဘောပေါ့။

"အခု .. ငနေ ဘာလို့ ကျောင်းမတက်တာလဲ ဟင် .."

မိုးထက် ရဲ့စကားက သံယောဇဉ်သံတွေ ကပ်ငြိတွယ်ချိတ်နေပါသ ည်။ မြင့်သူ က သရော်ဟန် အပြုံးတစ်ခုနဲ့ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



“ညက အရက်တွေမူးအောင် သောက်တော့ ဒီမနက် မထနိုင်ဘူးလေ ..၊ ကဲ .. ငါတို့လဲ အတန်းတက်လိုက်ဦးမယ် .. ကဲ ..”

မြင့်သူ က အချက်ပြတော့ ဟိုနှစ်ကောင်က ထရပ်ပြီး သူတို့ကို နှုတ်မဆက်တော့ဘဲ သူတို့မေဂျာဘက် ထွက်သွားပါသည်။

ခိုင်ခိုင် က ခေါင်းတယမ်းယမ်းနဲ့ ...

“ငနေ .. တော်တော် ခံစားရမှာပဲ .. အရက်တွေ ဘယ်လောက်တောင် သောက်လဲ မသိဘူးနော် ..”

မိုးထက် အခုချိန်ထိ ဘာလုပ်ရမယ် မသိသေး ..၊ မနေ့ညနေက ကိုနိုင် နဲ့ စားသောက်ကြရင်း စကားသာပြောနေပေမယ့် စိတ်က ငနေ့ ထံ ရောက်နေပါသည်။ ငနေ သူနဲ့ ကိုနိုင် စကားပြောရင်း မျက်နှာပျက်နေတာ .. ထွက်သွားတာ .. သူမ မသိချင်ယောင်ဆောင်နေပေမယ့် သိနေရပါသည်။ မြင့်သူ တို့ သုံးယောက် ကျောင်းကအပြန် ငနေ့ တို့အိမ် ဝင်တော့ ...

“ဟော့ကောင် ..”

ငနေ က အိမ်အဆင်းလှေကားကို တူနဲ့ ရိုက်နေပါတယ်။

“ဘာလုပ်နေတာလဲ ..”





ဒီကောင်က မနေ့ကတော့ အသည်းကွဲတာမှ ပိုးစိုးပက်စက်..၊ ဒီနေ့တော့ လေလေး တချွန်ချွန်နဲ့ ...

“ဒီမှာကွာ .. လှေကားထစ် သံကွာသွားလို့ သံပြန်ရိုက်နေတာ..”

မြင့်သူ က ဒီကောင့်ကို အကဲခတ်ရင်း ...

“မင်း ဘာလို့ ကျောင်းမတက်ဘာလဲ ..”

ဒီကောင်က ရယ်ကျဲကျဲနဲ့ ...

“ဟဲ့ .. ဟိုကောင် ပိုင်စိုး သိလား ..”

“သိတယ်လေ .. မြွေဝါလမ်းထဲက ပိုင်စိုး မဟုတ်လား ..”

“အေး .. ကျောင်းကိုလာရင်း လမ်းမှာတွေ့လို့ သူ့ကောင်မလေး ဆီ သွားမယ် .. လိုက်ခဲ့ .. ပြန်ရင် ထမင်းကျွေးမယ်ဆိုတာနဲ့ ပါသွားတာ ..”

“ဘာ!...”

မြင့်သူ ကျုံးအော်မိတော့ ဒီကောင်က လန့်ဖျပ်သွားပုံနဲ့ ...

“ဖြည်းဖြည်းအော်ပါကွာ .. လန့်လိုက်တာ ..”

“မင်း ညက အရက်များသွားလို့ အရက်နာကျနေတာ မဟုတ်ဘူးလား ..”



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူ စကားကြောင့် ဒီကောင်က ရယ်ပြီး ...

"မင်းကွာ .. အရက်နှစ်ရာဖိုးလေး သောက်ပြီး ငါက မှောက်သွားမလားကွ .."

"ဟင် .. ဒါဆို တွဲပို့ရတာက .."

အေးမင်းဇော် ကြောင်တောင်တောင်နဲ့ မေးတော့ .. အခုမှ သဘောပေါက်ကာ နေကို က တဟားဟားနဲ့ ရယ်ပါတော့သည်။

"တော်တော်ရယ်ဖို့ကောင်းတာပဲ .. မင်းတို့ သဘောမပေါက်ကြသေးဘူးကိုး ..၊ ငါ အဲလို မူးပြ .. မှောက်ပြ .. ကျောင်းမတက်မှ မင်းတို့ ပေါက်ကွဲပြီး မိုးထက် ကိုပြောမယ် .. အဲဒါဆို ငါ ဖွင့်ပြောစရာမလိုဘဲ အလိုလို ရည်းစားစကားပြောသလို ဖြစ်သွားပြီလေ .."

"ဟော့ကောင် .. ဟိုက သူ့အဆက်ဟောင်း ပြန်လာနေပြီလေ.."

"အဆက်ဟောင်းဆိုတာ လက်ရှိရည်းစား မဟုတ်ဘူးလေ.. ဒီကောင့်မှာလည်း ပြစ်ချက်တွေရှိနေတာပဲ ..၊ ငါ့အထင်တော့ မိုးထက်က တရားဝင်ကြီးတော့ ချစ်သူရည်းစားအဖြစ် ပြန်လက်မခံသေးပါဘူး ကောင်းတာပေါ့ကွာ .. ပြိုင်ဘက်တစ်ယောက်ပေါ်လာတော့ ငါ့အတွင်းအားတွေကို ထုတ်သုံးရတာပေါ့ .."





မချိုမချဉ်နဲ့ ငနေ က ပြောတော့ စိုးဇော် က ဒီကောင့်ခေါက်ပိုးကို အုပ်ရင်း ...

"ခွားမသေး .. ငါတို့ကတော့ မင်းဘက်ကနာပြီး မိုးထက် ကို အားမနာလျှာမကျိုး ပြောလွှတ်လိုက်တာ .."

"ဟဲ .. ဟဲ .. ငါကလဲ အဲဒီလိုဖြစ်ချင်လို့ အဲဒီလိုလုပ်လိုက်တာလေ .."

မြင့်သူ က ပြုံးစေ့စေ့နဲ့ နေကို့ ကို ကြည့်ကာ ...

"ဒါ မင်းရဲ့ နောက်ဆုံးပေါ်ဗျူဟာ တစ်ခုပေါ့ .."

ငနေ က မြင့်သူ ကို မျက်စေ့တစ်ဖက် မှိတ်ပြပြီး ...

"ကျန်သေးတယ် သူငယ်ချင်း .. မကြာမီ လာမည် .."



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါနဲ့ ခဏလိုက်ခဲ့ ငနေ .."

သူ့အတန်းကို တစ်ယောက်တည်း ရောက်ချလာပြီး ဆရာ မ ခင် သူတို့လေးယောက် စကားပြောနေစဉ် အခုလိုလာခေါ်တော့ ငနေ့ မျက်နှာက သူမကိုတွေ့တော့ အုံ့မှိုင်းမှိုင်း ..၊

ပြီးတော့ ကျောင်းလွယ်အိတ်ကို ကောက်ကိုင်ကာ ထွက်လာ ပါတယ်။ မြင့်သူ တို့ကတော့ ဘာမှ ဝင်မပါချင်ဘူးဆိုတဲ့သဘော ခပ်ငိုင်ငိုင် ..။

မိုးထက် က လူရှင်းတဲ့တစ်နေရာကို ခေါ်သွားပါတယ်။ ပန်း မဲဇလီပင်အရိပ်အောက်မှာ နေစက်နေပြောက်တွေက ကွက်တိကွက် ကျား ..။





မိုးထက် က ခုံတန်းလျားမှာ ဝင်မထိုင် ..၊ မိုးထက် က ငနေ့ ကို ကျောပေးထားပါသည်။

"နင် ဘာဖြစ်လို့ ငါ့ကို လာမတွေ့တာလဲ ငနေ .."

ငနေ့ အသံက နွမ်းလျလျ လေသံ ..၊ အားတင်းပြီး အပင်ကို မော့ကြည့်ကာ ...

"နင်နဲ့ ထပ်တွေ့နေရင် ငါ ပိုခံစားရလိမ့်မယ် မိုးထက် .."

နေကို့ စကားကြောင့် မိုးထက် မျက်ရည်ဝဲချင်ချင် ..၊

အားတင်းကာ မျက်ရည်ကိုထိန်းရင်း ငနေ့ ဘက် လှည့်ကြည့်ကာ ...

"နင် ပျော့ညံ့တဲ့ယောကျ်ားတစ်ယောက်လား ငနေ .."

ငနေ က မြေပြင်ကို သဲသဲမဲမဲ ငုံ့ကြည့်ရင်း ...

"ငါ ..."

စကားသံက ရှေ့ဆက် ထွက်ပေါ်မလာ ..၊

"ကိုနိုင် က ငါ့ရည်းစားဟောင်းပါ ငနေ ရယ် .. ငါ သူ့ကို အခုထိတော့ မိတ်ဆွေတစ်ယောက်လိုပဲ ခေါ်ပြောဆက်ဆံတာပါ .. ငါ တစ်ခုမေးမယ် .. နင် မှန်မှန်ဖြေနော် .."



www.burmeseclassic.com

www.burmeseclassic.com



နေကို သူမကို မော့ကြည့်သည်။ ပြီးတော့ ချက်ချင်း မျက်နှာလွှဲပါသည်။ မိုးထက် ကျေကျေနပ်နပ်ကြီး ပြုံးမိပါသည်။

"နင် ငါ့ကိုကြိုက်နေတယ်ဆို ငနေ .."

ငနေ က သက်ပြင်းချသည်။ ပြီးတော့ ခေါင်းယမ်းသည်။

"ဟင့်အင်း .."

"ဟင်!..."

သူမ အံ့သြသွားသည်။ ဒါ .. ဒါဆိုရင် .. ငနေ က ပြုံးလာပါသည်။

"ချစ်တာ .. သိပ်ချစ်တာ .."

သူမ ပြုံးရမလို ငိုရမလိုနဲ့ သူ့ကို မျက်စောင်းထိုးမိကာ ...

"နင်ဟာလေ .. ကဲ ငါပြောမယ် .. ငါ့နှလုံးသားကို ငါ မလိမ်ချင်ဘူး .. ငယ်တဲ့အချိန်က ငယ်တဲ့အရွယ်က ကိုနိုင် နဲ့ ရည်းစားဖြစ်ဖူးတယ် ..၊ အခု ငါ ဘယ်သူ့ကိုချစ်လဲ သဲသဲကွဲကွဲ မသိသေးဘူး .. အဲဒီတော့ နင် ပြိုင်ပွဲဝင်တစ်ယောက်အနေနဲ့ ကိုနိုင့် ကို ပြိုင်ဖို့ အသင့်ပြင်ထားပါ .. ပြီးတော့ ပုံမှန်အတိုင်း ငါတို့တွေ ပြန်နေကြမယ် .."

ငနေ က ပြုံး၍ ခေါင်းညိတ်ပြပါသည်။





"နင် အရက်တွေ သောက်တယ်ဆို .."

ငနေ က ဘာမှမပြော ..၊ မျက်နှာလွှဲနေပါသည်။

"အချစ်ကြောင့် အရက်သောက်တဲ့လူတွေကို ငါ မကြိုက်ဘူး ငနေ .."

"အေးပါ .. နောက်ဆို အသည်းကွဲရင် လက်ဖက်ရည် သောက်ပါ့မယ်ဟာ .."

"နင် မရှိ့နဲ့ နော် .."

"ဟ .. ငါက အကောင်းပြောတဲ့ဟာကို .."

မိုးထက် စိတ်ပေါက်ပေါက်နဲ့ မျက်စောင်းထိုးမိပြီး ...

"လာ .. ကန်တင်းသွားကြရအောင် .."

"ဟိုကောင်တွေ မခေါ်ဘူးလား .."

"အောင်မလေး .. နင့်ကောင်တွေက နင့်ကို ခေါ်ထုတ်သွားပြီး ကတည်းက ကန်တင်းကို ရောက်နေလောက်ပြီ .."

နှစ်ယောက်အတူတွဲလျှောက်လာရင်း မိုးထက် က ထီးကိုထုတ်တော့ ငနေ က ထီးကိုကမ်းယူကာ ထီးဖွင့်ပြီး မိုးပေးပါသည်။ မိုးထက် က ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲဒီနေ့က တော်တော်ခံစားရလား ငနေ .."

"ဗိုက်ကို ရစ်နေတာပဲဟာ .."

"ဟဲ့ .."

"ငါ အကောင်းပြောတာဟ .. ဘယ်သူမှတော့ ဖြစ်ဖူးမှာမဟုတ်ဘူး .. ခံစားလာရလာလေလေ ဗိုက်က ရစ်လာလေလေပဲ .. အိမ်ရောက်မှ ပြန်စဉ်းစားတော့ ငါမြည်းတဲ့ အမြည်းတွေက မလတ်လို့ဖြစ်မယ် ထင်တယ်ဟ .."

ဒီကောင် ပြောမှပဲ အသည်းကွဲသူများ လတ်ဆတ်သောအစားနှင့် အသည်းကွဲပါလို့ ပညာရှိတွေကို ညွှန်ကြားခိုင်းရမလိုလိုပေါ့။ သူတို့နှစ်ယောက်ကိုမြင်တော့ ဟိုအုပ်စုက မေ့ငေါ့ကာ ထိုးနှက်ကြပါတော့သည်။

"ပြောလိုက်ရင်တော့ မိုးတစ်လုံးလေတစ်လုံး .. အခုကျတော့ ကြည့်စမ်း .. နှန်းဆုရတီစိုး .."

"ဘာလဲ .. နှန်းဆုရတီစိုး .."

"မိုးမမြင်လေမမြင် ပြောတာ .."

"ဟုတ်တယ် .. ဟုတ်တယ် .."





စိုးဇော် က ဝိုင်းမှာထိုင်နေရာက ထရပ်ရင်း ...

"ကဲ .. ပြန်ပေါင်းထုပ်တဲ့အနေနဲ့ ဒီဝိုင်းကို သူတို့ရှင်းလိမ့်မယ်"

"ဟဲ့ .. ပြန်ပေါင်းထုတ်တယ်ဆိုတာ လင်မယားတွေ ပြောတာ.."

မိုးထက် က ခိုင်ခိုင့် စကားကြောင့် လှမ်းရိုက်ပါသည်။

"နင် .. ဘယ်လိုစည်းရုံးလိုက်တာလဲ မိုးထက် .."

မိသက် စကားကြောင့် အေးမင်းဇော် က ကော်ပြန့်လိပ်တစ်ခုကို ဝလုတ်ပလောင်း စားနေရင်းက ...

"စည်းရုံးစရာ မလိုပါဘူးကွာ .. ဟိုကောင်က အမြီးတနန့်နန့်နဲ့ သိုက်ချင်နေတာ .."

"ဘာပြောတယ်.. မင်းက ငါ့ကို ခွေးလို့ ပြောတာပေါ့ .."

ကျွန်တော့်စကားကြောင့် အေးမင်းဇော် က မျက်လုံးလေးအပြူးသားနဲ့ ...

"ငါ အဲဒီလိုပြောမိလို့လား .. ငါက DOG(ဒေါ့ခ်)လို့ ပြောတာပါ .."

အားလုံး ဝိုင်းရယ်ကြပါသည်။ ကျွန်တော့်ကို စနိုပ်ပြီးဆိုတာ ...လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး .."

ရုတ်တရက် ခေါ်လိုက်တဲ့အသံကြောင့် လှည့်ကြည့်တော့ နွား

ကျောင်းသား .. အဲ .. ကိုအောင်နိုင် ..၊

"ဟယ် .. ကိုနိုင် ဘယ်လာတာလဲ .."

အောင်နိုင် ဆိုတဲ့ကောင်က ထောင့်မကျိုးချင် ..။

"ထိုင်လေ .."

အောင်နိုင် က မိုးထက် ဘေးကခုံမှာ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်ပါ

သည်။

"မိုး ဆီကိုပေါ့ မိုး ရယ် .."

"မိုးများ ရှာချမလား မသိဘူး .."

မြင့်သူ ရဲ့ ခပ်တိုးတိုးစကားက အောင်နိုင် ကြားပုံရပါသည်။

မျက်ခနဲ မြင့်သူကို လှမ်းကြည့်ပါသည်။ အခြေအနေကို မိုးထက်

က ထိန်းချင်ပုံနဲ့ ...

"ကိုနိုင့် ကို မိတ်ဆက်ပေးရဦးမယ် .. သူက ခိုင်ခိုင် တဲ့.. ကိုနိုင်

သိပြီးသားပါ ..၊ ဒီဘက်က သက်သူဇာဝေ .. သူက မြင့်သူ .. သူ

စိုးဇော်အောင် .. ဒီဘက်က အေးမင်းဇော် .. အဲ .. သူကတော့ ..





"အဟမ်း .."

"အဟွန်း .."

မိသက် တို့ .. အေးမင်းဇော် တို့ရဲ့ တမင်လုပ်ချောင်းဟန့်သံတွေ

က အောင်နိုင့် အတွက် ဒွိဟဖြစ်သွားစေတာ အမှန်ပင်။ အောင်နိုင်

မျက်ခုံးအတွန့်ချိုးပြီး ငနေ့ ကို ကြည့်ပါသည်။

ငနေ ကလည်း တန်ပြန် အပြုံးယဲ့ယဲ့နဲ့ အောင်နိုင့် ကို ကြည့်ပါ

သည်။

"နေကိုကို တဲ့ .."

"တွေ့ရတာ ဝမ်းသာပါတယ် .."

ငနေ က ညှို့ဝတ်စကားဆိုတော့ ဒီကောင်ကလည်း ...

"ဝမ်းသာပါတယ် ..၊ ကဲ .. မိုး .."

"ဩော် .. သူကတော့ အောင်နိုင် တဲ့၊ မိုးထက် ရဲ့ ..."

အောင်နိုင် က ပြုံးသည်။

"မိတ်ဟောင်းဆွေဟောင်းပေါ့ .."

မိုးထက် စကားက ငနေ့ အတွက် အရယ်အပြုံးဖြစ်စေပေမယ့်

အောင်နိုင့် အတွက်ကတော့ မျက်နှာကြီး ရှုံ့မဲ့စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟာကွာ .. မိုး ဘယ်လိုပြောလိုက်တာလဲ .. ကိုယ်တို့က ချစ်သူ ရည်းစားတွေလေ ..”

မိုးထက် က ခင်ပြုံးပြုံးလေးနဲ့ အောင်နိုင် ကို ဧည့်ခံပါသည်။

“အဲဒါက အတိတ်မှာကျန်ခဲ့ပြီ ကိုနိုင် .. အခု တစ်က ပြန်စဖို့ ကိုနိုင် ကြိုးစားပေါ့ ဟုတ်လား ..”

အောင်နိုင် မိုးထက် ကို ခပ်စိန်းစိန်းလေး ပြုံးကြည့်ပြီး ...

“အင်းပေါ့လေ .. ကြိုးစားရမှာပေါ့၊ ကဲ .. ကိုနိုင် နဲ့ ခဏလိုက် ခဲ့ပါလို့ တောင်းဆိုပါတယ် ..”

“ဘာကိစ္စလဲ ကိုနိုင် ..”

“ဆယ်တန်းတုန်းက သူငယ်ချင်းတွေ ဆိုင်တစ်ဆိုင်မှာ စုပြီးချိန်း ထားလို့ ..”

အောင်နိုင် စကားကြောင့် မိုးထက် က ...

“သွားရမှာပေါ့ ..၊ ကဲ .. ငါ လိုက်သွားလိုက်ဦးမယ် ..”

“နင် ကြာမှာလား ..”

မိသက် က မေးတော့ မိုးထက် က အောင်နိုင် ကို ကြည့်သည်။ အောင်နိုင် က ဝင်ဖြေပေးပါသည်။





“အင်း .. နည်းနည်းကြာမယ် ထင်တယ် ..”

“အဲဒါဆိုလဲ ငါ့ကို မစောင့်နဲ့တော့ .. ငါ အိမ်ပြန်ရောက်ရင် ဖုန်း ဆက်လိုက်မယ် .. သွားပြီ ..”

မိုးထက် တို့ ထွက်သွားတော့ မြင့်သူ က ငနေ့ ပခုံးကိုပုတ်ပြီး...

“ပွဲကတော့ ကြည့်ကောင်းပြီ ငနေ ရေ ..”

ခိုင်ခိုင် နဲ့ မိသက် ကတော့ မိန်းကလေးပီပီ တွတ်တွတ်နဲ့ မိုးထက် တို့နှစ်ယောက် ထွက်သွားတာကို ကြည့်ပြီး ဝေဖန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**အေး**မင်းဇော် ရောက်လာပြီး လက်ဖက်ရည်ဆိုင် သွားရ ဲအောင်လို့ ခေါ်ကတည်းက ဒီကောင် တစ်ခုခု ပြောချင်မှန်းတော့ သိသည်။

ဆိုင်ရောက်တော့မှ ...

"မိုးထက် က သူ့ဆီ ဖုန်းဆက်ပါတဲ့ .. အရေးကြီးကယ်တဲ့ ရော့ .."

အေးမင်းဇော် က သူ့ဖုန်းကို ကျွန်တော့်ကို လှမ်းပေးပြီး ပြောပြ ပါတယ်။

ပြီးတော့ စားပွဲထိုးလေးကို "တူး ကျဆိမ့်"လို့ လှမ်းမှာပါသည်။

"ဟလို .. မိုးထက် လား .."





"အေး .. ဟုတ်တယ် .. ငနေ .. နင်ကလဲဟယ် .. ဖုန်းပြန်ဆက် ပါဆိုတာ အခုမှ ဆက်ရလားဟဲ့ .."

"ဟ .. ငါ့ဆီကို ဒီကောင်က ခုမှရောက်လာတာကို .. ပြောလေ.. အရေးကြီးတယ်ဆို .. ဘာလဲ .. နင့်ဒယ်ဒီက ယောကျ်ားပေးစားတော့ မယ်တဲ့လား ..၊ ဘာလဲ .. ငါ အမြန် လာခိုးရမှာလား .."

ရှတ်နောက်နောက်နဲ့ ကျွန်တော် ပြောတော့ 'သေနာ'ဆိုတဲ့စကား တစ်ခွန်းကို အရင်ကြားလိုက်ရပြီးမှ ...

"ဒီလိုဟ .. နင့်မေမေ အန်တီနေရီ က ငါတို့သားအဖနှစ်ယောက် ကို ထမင်းစားဖိတ်ထားလို့ဟ .."

မိုးထက် စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"ဩော် .. ဒါများ မိုးထက် ရယ်.. ထမင်းစားတဲ့ကိစ္စများ အရေး သုပ်လို့ဟာ .. လာစားလိုက်ပေါ့ဟ .."

"ဟဲ့ .. ထမင်းကျွေးတာ ရိုးရိုးကျွေးတာ မဟုတ်ဘူး .."

"ဟမ် .. ငါ့အမေက နင်တို့ကို ဘယ်လိုကျွေးမှာမို့လို့လဲ .."

"ဟဲ့ .. သေနာကောင် .. နင် မယုတ်မာနဲ့နော် .."

"ဟာ .. ငါပြောတာက ထမင်းကျွေးခါနီးတီးဝိုင်းတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး ညည့်ခံမလားလို့ ပြောတာပါဟ .. နှင်ကလည်း ..”

“ဟဲ့ အကောင် .. အခု ထမင်းကျွေးတာ နှင့်ကြောင့်ဟဲ့ .. နှင့်ကြောင့် ..”

“ငါ့ကြောင့် .. ငါကြောင့်ဆိုတော့ ငါ့မွေးနေ့လား ..၊ ဟာ မဟုတ်သေးပါဘူး .. ငါ့မွေးနေ့က အဝေးကြီး လိုသေးတာပဲဟာ ..”

“ဟဲ့ အကောင် .. နှင် ဟိုလိုလို ဒီလိုလိုပြောထားတဲ့ စကားက အဲဒီကစပြီး ပြဿနာတက်တော့တာပဲ .. နှင့်အမေလဲ မေးကြည့်ဦး ..”

“ဟမ် .. အဲလိုကြီး ..၊ ဆောရီးဟာ .. ဒုက္ခပါပဲဟာ .. ငါက ကလေးပဲရှိသေးတယ် .. မိန်းမ မလိုချင်သေးဘူးဟ ..”

“သေလိုက်ပါလား ..”

“သေတော့ မသေပါရစေနဲ့ဟာ .. အခုကိစ္စ ဘယ်လိုရှင်းကြမလဲ ..”

တကယ်လည်း ကျွန်တော် မိုးထက်ကို အားနာသွားမိပါသည်။ သူ ဒီလောက်ကြီးတော့ လုပ်ခဲ့တာမဟုတ်ခဲ့ပေမယ့် ရိုက်ချက်က နည်းနည်းပြင်းသွားသည် ထင်သည်။





“အခုမှတော့ ဘာမှလုပ်လို့ မရသေးဘူး .. မီးစင်ကြည့် က,တော့ ဟော့ ..”

“ငါ နှင်နဲ့ ငါနဲ့ ဘာမှမဟုတ်ကြောင်း ပြောလိုက်ရမလား ..”

တစ်ဖက်က သက်ပြင်းချသံ ကြားရပြီး ...

“ပြောမနေပါနဲ့တော့.. ထား..ပိုက်တော့ .. အဲဒါ သတိပေးတာ..၊ ဖြိန်းစားကြီး ငါတို့ကိုတွေ့မှ အူကြောင်ကြောင်ဖြစ်နေမှာ စိုးလို့ဟော့..”

“အေးပါ .. စိတ်ချပါ ..”

“အဲဒါဆိုလဲ ပြီးရော .. ဒါပဲ ..”

မိုးထက် ဖုန်းပိတ်လိုက်တော့ ကျွန်တော် ဖုန်းကို အေးမင်းဖော်ဆီ ပြန်ပေးလိုက်ပါတယ်။

“ဘာတဲ့လဲ ..”

ကျွန်တော်က ပခုံးတွန့်ရင်း ...

“မေမေက သူတို့သားအဖနှစ်ယောက်ကို ထမင်းကျွေးဖိတ်မလို့တဲ့ ..”

“ဘယ်နေ့လဲ ..”

“ငါလဲ မသိဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် အေးမင်းဖော် က ပြုံးစေ့စေ့နဲ့ ...

"ကောင်းတာပေါ့ကွာ .. မင်း ဆင်ထားတဲ့ခွင်ပဲ မဟုတ်လား.."

ဒီတစ်ခါတော့ ကျွန်တော် မရယ်နိုင် ..၊

"ဒီလိုနည်းနဲ့တော့ သူ့အချစ်ကို အကျပ်ကိုင်ပြီး မတောင်းချင်ပါဘူးကွာ .. ငါ 'မတ်'ရားရာ ကျနေမှာပေါ့ .."

"အင်း .. ကြည့်ရတာ မင်းအမေနဲ့ သူ့အဖေနဲ့ တစ်နေရာရာမှာ တွေ့ကြပုံပဲကွာ .. အန်တီနေရီ က မိုးထက် ကို မင်းကောင်မလေးဝဲ ထင်နေတာကို .."

"ဟုတ်တယ် အေးမင်းဖော် .. အေးလေ .. မိုးထက် ပြောသလိုပဲ မီးစင်ကြည့် က,ရတော့မှာပေါ့ .."

"ကတာတော့ ကတာပေါ့ကွာ .. ကရင်းနဲ့ ခြေခေါက်လဲမနေနဲ့ဦး .."

"ဖွဟဲ့ .. ပယ်ပါစေ .. လွဲပါစေကွာ .. မင်းကလဲ စကားပုပ်ကြီးနဲ့ .."

ကျွန်တော့် ပြောပုံဆိုပုံကြောင့် အေးမင်းဖော် က "မင်းကလည်း စကားအဖြစ် ပြောတာပါ"လို့ ပြောသည်။





ကျွန်တော် အေးမင်းဖော် ကို နှုတ်ဆက်ပြီး အိမ်ပြန်လာခဲ့ပါတယ်။

အိမ်ပေါ်တက်တော့ ...

"လာပါဦး သားရယ် .. ငါ့သားလဲ ကျောင်းများပိတ်မယ် မကြံလိုက်နဲ့ .. အိမ်ကပ်တယ် မရှိဘူး .."

ဖေဖေက မနေ့ကမှ ရောက်သည်။ သားအဖနှစ်ယောက် ငါးမိနစ်ပြည့်အောင် မျက်နှာချင်း မဆိုင်ရသေးပါဘူး။

ဒေါ်နေရီ က ဖေဖေ့အကြိုက် ကော်ဖီခါးခါး ဖျော်ယူလာရင်း ဖေဖေ့ရှေ့ချကာ ...

"တော့်သားက ကလေးမှမဟုတ်တာ ကိုလေးရယ် .. မေးကြည့်ပါဦး .."

သူ ရှက်ကိုးရှက်ကန်းနဲ့ ...

"ဟာဗျာ .. မေမေကလဲ .."

မေမေက ပြုံးစေ့စေ့နဲ့ ...

"ရှင် မမြင်ဖူးသေးလို့ ကိုလေးရေ .. ရှင့်ချွေးမက ချောမှ ချော.. သူ့အဖေ ကိုမိုးကျော်အောင် ကလဲ သဘောကောင်းမှကောင်း .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေမေ့စကားကြောင့် မျက်လုံးပြူးသွားရပါသည်။ ဟိုက် .. အခြေအနေက ထင်ထားတာထက် ပိုသွက်လက်မြန်ဆန်နေပါလား ..။

"ဟို .. ဟိုလေ .. မေမေ အန်ကယ်လ်နဲ့ တွေ့ပြီးပြီပေါ့ .."

ကျွန်တော့်ရဲ့ မျက်လုံးပြူး မျက်ဆန်ပြူး စကားကြောင့် မေမေက ပိုင်နိုင်ဂုဏ်ယူဝံ့ကြွားတဲ့အပြုံးနဲ့ ...

"တွေ့ဖူးတာပေါ့ သားရယ် .. ဟိုတစ်လောက ဈေးဝယ်စင်တာတစ်ခုမှာ တွေ့လို့ မေမေတောင် ထမင်းစားဖိတ်ခဲ့သေးတယ် .. ကိုမိုးကျော်အောင် ကလည်း အခုမှသာ တွေ့ဖူးပေမယ့် အရမ်းဖော်ရွေတာ သားရဲ့ .. မင်းကိုလဲ အတော်ခင်ပုံရတယ် နော် သား .."

"ဟုတ် .. ဟုတ်ကဲ့ .."

မေမေ ဘာတွေများပြောထားပါလိမ့်လို့ တွေးမိရင်း ဘုရားတမိပါသည်။

"ဒါနဲ့ သူတို့ကို မင်း ဘယ်နေ့ ထမင်းစားဖိတ်ထားတာလဲ .. ကိုလေး ဒီမှာ နေနေရတုန်း ဖိတ်လိုက်လေ .."

မေမေ့စကားကြောင့် မေမေက သဘောကျစွာ ရယ်ရင်း ...





"ကျုပ်က အမေပါ ကိုလေးရယ် .. ရှင် ပြန်ရောက်ပြီဆိုကတည်းက ထမင်းစားလာဖို့ ဖုန်းဆက်ပြောပြီးသား .."

သူ ကမန်းကတန်း မေးမိပါသည်။

"မေမေက အန်ကယ့်လ်ဖုန်းကို ဘယ်လိုသိတာလဲ .."

"ဒါများ သားရယ် .. မင်းအန်ကယ်လ်ရဲ့အိတ်မှာ ကုမ္ပဏီတံဆိပ်ပါတယ်လေ .. ဘာပဲလိုလို ဈေးဝယ်လမ်းညွှန် ရှိတယ်လေ ..၊ မေမေ ဖုန်းဆက်တော့ အံ့သြနေတာ .. ဆက်ဆက်လာခဲ့ပါ့မယ်တဲ့ ..၊ ကဲ.."

ကိုယ့်နဖူးကိုယ် မရိုက်မိအောင် မနည်းကြိုးစားနေရပါသည်။ ပြီးတော့ သက်ပြင်းချရင်း နောက်မှီပေါ် လှဲချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



*ပြောင်ချက် မရှိတော့တဲ့အခါ*

*ပေါ်ဦး နှုတ်ပိတ်နေမှုတွေက တရားခံပေါ့..*

*ပြေးခုန်းလွှားခုန်းတွေ မပါပေမယ့်*

*ဇီဇာတ်လမ်းက အကြွမ်းထည်အနုပ်တယ်*

*အထုံးအဆက်တွေများတဲ့ ကြိုးတစ်ချောင်းနဲ့တူတယ်*

*ကိုယ့်လက်နဲ့ ကိုယ့်ကို ပြန်သတ်တာနဲ့တူတယ်*

*အချစ်ဆိုတာ တရားရုံးဆိုရင်*

*လွမ်းမိသူတိုင်းက တရားခံပေါ့..၊*

*ပြောင်ချက်မရှိတော့တဲ့အခါ*

*ပေါ်ဦး နှုတ်ပိတ်နေမှုတွေက တရားခံပေါ့..၊*







"လာကြပါရှင် .. လာကြပါ .."

အိမ်ပေါ်တက်လာတဲ့ အန်ကယ်လ်နဲ့ မိုးထက် ကို မေမေက ခေါ်တော့ ကျွန်တော်က ခပ်တိုးတိုး မေးမိပါသည်။

"ဧည့်သည်ခေါ်နေတာလား မေမေ .."

"ဟဲ့.. ဒီကောင်လေးတော့ ..၊ လာ .. သမီး ထိုင် .."

မိုးထက် က ခပ်တည်တည်ပဲ ..၊ မေမေ့ဘေးမှာ ခန့်ခန့်လေး ဝင်ထိုင်ပါသည်။

"မောင်နေကို ကတော့ကွာ အန်ကယ်လ်ကုမ္ပဏီကို ဝင်ပါ ထွက်ပါလို့ ပြောထားရဲ့သားနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်က ဝင်ပါထွက်ပါပဲ ပြောတာလေ .. ထိုင်ပါလို့မှ မပြောတော့ ကျွန်တော် ခြေထောက်ညောင်းမှာစိုးတာနဲ့ မလာဖြစ်တော့တာ အန်ကယ်လ် .."

"အေး .. ဟာ .. ဒီကောင်တော့ .."

အန်ကယ့်လ်အကြောင်း သိနေတာမို့ သူ စနောက်မိတော့ မေမေက ...

"ဟဲ့ .. လူကြီးကို .."

"ရတယ် အစ်မကြီးရေ .. မောင်နေ နဲ့ ကျုပ်နဲ့က အဲဒီလို စ,နေနောက်နေကျ .."

အန်ကယ်လ့် စကားကြောင့် ဖေဖေက ရယ်ရင်း ...

"ဒီကောင်ကတော့ မလွယ်ဘူးဗျို့ .. ကိုမိုးကျော် ရေ .."

"ရပါတယ်ဗျာ .. ဒါနဲ့ အစ်ကိုကြီးက ခွင့်နဲ့ပြန်လာတာလား.."

အန်ကယ့် စကားကြောင့် ဖေဖေက ခေါင်းယမ်းပြီး ...

"မဟုတ်ဘူး ကိုမိုးကျော် .. ကျွန်တော် ဒီမှာ အစည်းအဝေးတစ်ခု ဖိတ်ထားလို့ဗျ .. တစ်ရက် နှစ်ရက်နေပြီးရင် ပြန်မှာ .."

"ဩော် .. ဘယ်နေ့ပြန်မှာလဲ .."





"အင်း .. သန်ဘက်ခါလောက် ပြန်ဖြစ်မယ် ထင်တယ် .."

အန်ကယ်လ်က ဖေဖေ့စကားကြောင့် အားရဝမ်းသာနဲ့ ...

"အတော်ပဲ .. အစ်ကိုကြီးတစ်ယောက်တည်း ပြန်မယ်ထင်တယ်"

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ ကိုမိုးကျော် .."

"ကျွန်တော်လဲ သန်ဘက်ခါ နေပြည်တော် တက်ရမှာလေ .. ပ်ကိစ္စနဲ့ပဲဆိုပါတော့ ..၊ ကျွန်တော့်ကားနဲ့ တစ်ယောက်တည်း မှာဆိုတော့ လမ်းသင့်တာပဲ .. လိုက်ခဲ့မလား .."

ဖေဖေက အားနာဟန်နဲ့ မေမေ့ကို ကြည့်ပြီး ...

"အားနာစရာဗျာ .."

"ဘာမှအားနာမနေနဲ့ .. ကျွန်တော်လဲ အစ်ကိုကြီးကို ထမ်းခေါ်မှာ မဟုတ်ဘူး .. ကျွန်တော် မနက်ဆယ့်နှစ်နာရီလောက် လာယ် .. အဆင်ပြေမလား .."

"ရပါတယ် .. ဒါဆို ခင်ဗျား ကျုပ်အိမ်မှာ ထမင်းစားပြီးမှ ခရီးကြတာပေါ့ .."

"ဟုတ်တယ် ကိုမိုးကျော် .. သမီးလေးပါ ခေါ်ခဲ့လေ .. ပြီးမှ နဲ့ ကျောင်းအတူသွားကြပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



အမှန်က သူနဲ့ မိုးထက် အကြောင်း စကားမဆက်ကြ ..၊ အလုပ်ကိစ္စတွေအကြောင်း .. ဟိုအကြောင်း ဒီအကြောင်းပြောကြရင်း ထမင်းစားတာလောက်ပဲ ရှိတာမို့ တော်ပါသေးသည်။

အခုအခြေအနေက အမှန်ပြောရရင် အကဲခတ်တဲ့ပွဲသက်သာပါ ..၊ ဒါပေမယ့် ဖေဖေနဲ့ အန်ကယ်လ်မိုးကျော်အောင် တို့ လေးဖြောင့်လွန်းတာက အခြေအနေက တစ်မျိုး ဖြစ်စေပါသည်။

လူကြီးတွေအလစ်မှာ မိုးထက် က ခပ်တိုးတိုးလှမ်းပြောပါသည်

“အခုထိတော့ အခြေအနေကောင်းသေးတယ် ငနေ ရေ ..”

“နင် သိပ်ထင်မနေနဲ့ .. နင့်အဖေနဲ့ ငါ့အဖေ လေပေးအရှမ်းဖြောင့်နေတယ်နော် .. သတိထား”

ကျွန်တော့်စကားကြောင့် သူမက ပခုံးတွန့်သည်။





“နင့်ကို ကိုနိုင် က တွေ့ချင်တယ်တဲ့ ..”

မိုးထက် အဲဒီလိုပြောကတည်းက “တွေ့ချင်တာပဲ .. စကားပြောချင်တာမှ မဟုတ်တာ .. ငါ့ခေတ်ပုံ ယူသွားလေ ..” လို့ ပြောလိုက်သင့်တာပါ။ “ဘာကိစ္စလဲ”လို့ မေးကြည့်တော့ “ဟဲ့ .. ငါ ဘယ်သိပါ့မလဲတဲ့” လို့ ပြောပါတယ်။

အခုတော့ ဖိတ်စာလည်းမပါ ..၊ ဆေးလိပ်လည်း မကမ်း .. တင်တင်စီးစီးနဲ့ချိန်လိုက်တဲ့ အောင်နိုင့် ဆီကို ကျွန်တော် မသွားသင့်ပါ။ ဒါပေမယ့် ‘မိုးထက်’ဆိုတဲ့ အောင်နိုင် ရော ကျွန်တော် ပါ ပတ်သက်နေရတဲ့ ကောင်မလေးမျက်နှာက ရှိနေတာကိုး ..။

ဒီလိုနဲ့ပဲ မိုးထက် ကို ပုဏ္ဏားတိုင်ထားပြီး ကျွန်တော်တို့ တွေ့ဖို့ ချိန်းလိုက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူ က ခပ်တည်တည်နဲ့ နောက်နေပါသေးတယ်။

"ငနေ .. ပစ္စတိုကို ဘယ်ဘက်အကျႌအောက်မှာထား .. 
သလုံးမှာ ဓားမြှောင်ကို ကပ်ချည်ထား .."

ကျွန်တော်က စပ်ဖြီးဖြီးနဲ့ ...

"လက်ပစ်ဗုံးနှစ်လုံးကို ကျတော့ရော .."

"တွဲချည်ထားတာကွာ .. ဟောကောင် .. စနက်တံ ပြုတ်ထွ
မယ်နော် .."

အဲဒီလိုပဲ .. ကျွန်တော်တို့အုပ်စုက စကားကို တည်တည်
ဆယ်မိနစ်လောက်အထိ ပြောလို့မရ ..။ တစ်ယောက်မဟုတ်
ယောက်ကတော့ ထဲဖောက်မြဲ ..။

ထားပါတော့ .. ကျွန်တော် အောင်နိုင် ချိန်းတဲ့နေရာကို ရော
လာပါတယ်။ နင်ဂျာတွေလို လက်နက်ပုံးတွေ အရက်ပုံးတွေလ
ဝှက်မယူလာခဲ့ပါ ..။ ချိန်းဆိုထားတဲ့နေရာရောက်တော့ ထုံးစံအ
အောင်နိုင် က ဂိုက်ပေးကြမ်းကြမ်းနဲ့ ကားဘောနပ်ပေါ် တက်ထိုင်
စီးကရက်သောက်နေပါတယ်။

"မင်း ဆေးလိပ်သောက်ဦးမလား .."





"ဟင့်အင်း .."

ကျွန်တော် ငြင်းလိုက်ပါတယ်။

ပြောမရဘူးလေ .. တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာတောင်
ရှိသေးတာပါ။

တစ်လိပ်သောက်ဖူး သူ့ကျေးဇူးဆိုပြီး မိုးထက် ကို အဲဒီစကားနဲ့
အနိုင်ကျင့် အပိုင်သိမ်းလိုက်ရင် အခက်လေ ..။

"မင်း ငါ့ကိုတွေ့ချင်တာ ဘာကိစ္စလဲ .."

ဒီကောင်က ချက်ချင်း မဖြေသေး ..၊ ကားပေါ်က ခုန်ဆင်းလိုက်
ပါတယ်။

"မင်းနဲ့ မိုးထက် က ဘာလဲ .."

လာပြန်ပြီ အဲဒီစကား ..၊ သူက အမလေ .. ကိုယ်က အထီးလေ
ဆိုတာ အားလုံး သိနေတဲ့ကိစ္စကို ..၊ ဒါပေမယ့် မကောင်းတာနဲ့ပဲ
မေးခွန်းပြန်ထုတ်လိုက်ပါတယ်။

"မင်းရော ဘယ်လိုထင်လဲ .."

ကျွန်တော့်ကို အောင်နိုင်က ဖျတ်ခနဲ ကြည့်ပါသည်။ ပြီးတော့...

"မင်းတို့ သမီးရည်းစားတွေလား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .."

ဒီကောင့်မျက်နှာ ဝင်းလက်သွားပါသည်။

"ဒါဆို သူငယ်ချင်းတွေပေါ့ .."

"ဟင့်အင်း .."

ဒီကောင် မျက်မှောင်ကြုတ်သွားပြန်ပါသည်။ ကျွန်တော် ခပ်ငွေ့ငွေ့လေး ပြုံးမိပါသည်။

"ငါတို့နှစ်ယောက် ဘာလဲဆိုတာတောင် ငါတို့နှစ်ယောက် မသိကြသေးဘူး .."

"ဟာကွာ .. ဘာကြီးလဲကွာ .."

အောင်နိုင် စိတ်ပေါက်ပေါက်နဲ့ပြောတော့ ကျွန်တော် ခေါင်းညိတ်ပြပြီး ...

"ဟုတ်တယ် .. အမှန်တော့ ငါတို့က ဘာကြီးလဲ အဆင့်ပေါ့ကွာ .."

အောင်နိုင့် မျက်နှာက လင်ပုတ်ဖမ်းထားသလို သုန်မှုန်နေပါသည်။ ဒီကောင်က ထပ်မေးပြန်ပါသည်။

"မိဘတွေက သဘောတူထားတယ်ဆို .."



"မင်းကို ဘယ်သူပြောလဲ .."

ဒီကောင်က ကျွန်တော့်ကိုမကြည့်ဘဲ အဝေးကိုငေးကြည့်ကာ...

"မိုး .."

အဲဒါဆိုတော့လည်း ...

"ဟုတ်တယ် .."

အောင်နိုင် က ကျွန်တော့်ဘက်လှည့်ကာ မျက်လုံးချင်းဆိုင် ကြည့်သည်။

"မင်းနဲ့ ငါနဲ့ အပေးအယူတစ်ခု လုပ်ချင်တယ် .."

"ဟ .. ငါတို့က လူဆိုးဂိုဏ်းစတားတွေမှ မဟုတ်တာ .."

ကျွန်တော့်အဖြေကြောင့် ဒီကောင် ခေါင်းကုတ်ရင်း ...

"ငါပြောတာကွာ .. ဟို .. မိုးနဲ့ပတ်သက်ပြီး အဖြေထုတ်ချင်တာကွာ"

"မင်းကွာ .. မိုးနဲ့ပတ်သက်ပြီး အဖြေထုတ်ချင်တာပဲ ဇလဗေဒဦးထွန်းလွင် ဆီ သွားပါလား .."

ဒီကောင့်မျက်ဝန်းထဲမှာ နဖူးပြောင်ပြောင် အသံသြသြပြုံးနဲ့ ဦးထွန်းလွင် ကို မြင်ယောင်သွားပုံရကာ ခေါင်းခါ ရှုံ့မဲ့လျှင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာက မိုးထက်မော် နဲ့ပတ်သက်တဲ့ အပေးအယူ-

"အဲဒီလို ရှင်းရှင်းလင်းလင်းပေါ့ကွာ .. ကဲ ..ပြော .."

ဒီကောင်က ဂိုက်ပေးကြမ်းပြီး ပဲမျှားနေပါသေးတယ်။ မျက်

အနက်ကြီးတပ်ပြီး ခေါင်းခေါင်းမှာ ကုတ်အကျီအမည်းကြီးနဲ့

အဝေးကိုငေးကြည့်ပြီး စီးကရက်ကိုထုတ်ကာ ဇစ်ပိုမီးခြစ်ကို ဖင်

"တဖောက်ဖောက်"နဲ့ ပေါက်နေပါတယ်။ ဒီလိုအမူအရာနဲ့ပြော

အတွက် ဒီကောင် အတော်ကျင့်ထားပုံ ရပါသည်။ တကယ် ဖင်

နဲ့ ပေါက်ချင်စရာရုပ် ..။ ကျွန်တော် နာရီကိုကြည့်ကာ ...

"ပြောလေကွာ .. အချိန်မရှိဘူး .. ငါ သွားစရာရှိသေးတယ်

"အေးပါကွ ပြောပါမယ် .. မင်း မိုးထက် နဲ့ ချစ်သူမဖြစ်

"ဘာလဲ .. မင်းညီမနဲ့ ချစ်သူဖြစ်ရမှာလား .."

"ဟာကွာ .. ငါ စကားမဆုံးသေးပါဘူးကွ .."

"မသိဘူးလေကွာ .. မင်းကပဲ ငါ့အုပ်ထိန်းသူလို စကားလာ

နေတာကို ..၊ ကဲ .. ပြောစမ်းပါဦး .."

"မင်း မိုး ကို မယူရဘူး .. လက်မထပ်ရဘူး .. အဲဒီအ

ငွေ ဘယ်လောက်လိုချင်လဲ .."



ဒီလိုစကားလာပြောတဲ့ ကြောင်တောင်တောင်ကောင်ကို ကျွန်တော် ပညာပြန်ပေးရမှာပေါ့။

ကျွန်တော် လက်ဆယ်ချောင်း ထောင်ပြလိုက်တော့ ...

"ဆယ်သိန်းလား .. အိုကေ .. ဖြစ်တယ် .."

"ဆယ်သိန်း မဟုတ်ဘူး .. သိန်းသန်း .."

"ဟာကွာ .. မဖြစ်နိုင်တာ .."

"ဖြစ်နိုင်တာ .. မဖြစ်နိုင်က မင်းကိစ္စလေ .. ငါလိုချင်တာ ဆယ်သန်း .. ပေးနိုင်ရင် မိုးထက် နဲ့ ကင်းကင်းနေပေးမယ် .. မပေးနိုင်ရင်တော့ ဟင်း .. ဟင်း .. ဟင်း .. ဟင်း ..."

ကျွန်တော် နိုင်လှအပြုံးအသံနဲ့ တဟင်းဟင်းရယ်ပြပြီး နှုတ်ဆက်ဘဲ ထွက်လာခဲ့ပါသည်။

မှတ်ထား .. ငါ့နာမည်က နေကိုကို ကွ .. ငတုံးရဲ့ ..။

www.burmeseclassic.com



တခွီးခွီးတဟားဟားနဲ့ ရယ်သံတွေ ကန်တင်းထဲမှာ ဆူညံသွားပါသည်။ မိုးထက် က နှုတ်ခမ်းရူရူနဲ့ ပြုံးရင်း ...

"နင်ဟာလေ တကယ့်ရှေပ်ပဲ .."

"ဟာ .. ငါ လိုချင်တာ ငါ တောင်းတာပဲဟာ .."

သူမက ကျွန်တော့်မျက်လုံးတွေကိုကြည့်ကာ ပြုံးသလိုမဲ့သလိုနဲ့ —

"တကယ်လို့ ဟိုက ဆယ်သန်း တကယ်ပေးရင်ရော နင် ငါနဲ့ ပြတ်နိုင်တယ်ပေါ့ .."

"နင့်ကောင်က ဆယ်သန်း ရှိပါ့မလား .. ငတုံးလေးရဲ့ .."

"ရှိတယ်ပဲထားဟာ .. နင် ဖြေ .."

ဟိုဘက်အုပ်စု ဒီဘက်အုပ်စုတွေက မျက်နှာရိပ်မျက်နှာကဲ ပြကာ ပြုံးစေ့စေ့နဲ့ ကျွန်တော့်အဖြေကို သိချင်နေပုံနဲ့ နားထောင်နေပါသည်။





"ရှိတဲ့အချိန်ကျရင် ဖြေပေးမယ်ဟာ .."

တခွီးခွီးနဲ့ ရယ်ကြတော့ မိုးထက် က ကျွန်တော့်ကို မကျေမနပ် ချက်စောင်းကို စရန်ပေးကာ ...

"နင် သိပ်လူလည်ကျတာပဲ .."

"အလကား စတာပါဟာ .. ငါတို့ငယ်ငယ်တုန်းက ကာတွန်းထဲက ပန်းချီကားနာမည်လိုပေါ့ .."

မိုးထက် က မျက်စမျက်နနဲ့ အမှတ်မရှိ မေးပြန်ပါသည်။

"ဘာတဲ့လဲ .."

"ပန်းချီကားနာမည်က .."

ကျွန်တော့်မျက်နှာ ရယ်ချင်လာသလိုဖြစ်တာကြောင့် ထိန်းရင်း...

"မရောင်းဘူး .. မပေးဘူး .."

မိုးထက် ရယ်ချင်သွားပါသည်။ ဒါပေမယ့် နောက်ဆက်တွဲ စကားကြောင့် နှုတ်ခမ်းစူသွားသည်။

"ပဲလှော်နဲ့ လဲမယ် တဲ့ .."

ဟိုကောင်တွေက တဟားဟား ..၊ မိုးထက်က စိတ်ကောက်ပြီး ထွက်သွားတော့ ခိုင်ခိုင် က ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် သွားချော့လိုက်ဦး .. နှမတော် စိတ်ကောက်သွားပြီ"

ကျွန်တော် ရယ်ရင်း မိုးထက်နောက်ကို အပြေးလိုက်သွားရပါသည်။

"မိုးထက် .."

"သွား .. လာမခေါ်နဲ့"

"ပဲလှော်နဲ့ မလဲတော့ပါဘူးဟာ .."

"နင် နော် .. ငါ စိတ်တိုနေတယ် .."

"ဟင် .. ဘယ်လောက်တောင် တိုတာလဲ.. ပြစမ်း .."

ကျွန်တော် ပြုံးဘူးပြုံတဲ့ သူမကိုကြည့်တော့ သူမ မအောင့်နိုင်ဘဲ ရယ်ရင်း သူ့ကျောကို လွယ်ထားတဲ့အိတ်နဲ့ ထုပါတော့သည်။

အဲဒီလို ပျော်ရွှင်စရာကောင်းတဲ့နေ့ရက်တွေ အမြဲပိုင်ဆိုင်ရမယ်လို့ ငါ မတွေးထားပါဘူး ..၊ ဒါပေမယ့် အတ္တကြီးတယ်လို့ ဆိုချင်ဆို ငါ ထပ်ခါတလဲလဲ ရချင်တယ် မိုးထက် ရယ် ..။





ဒယ်ဒီ ကုမ္ပဏီသွားခါနီး မဂ္ဂဇင်းဖတ်နေတဲ့ သူမရဲ့ရှေ့တည့်က ဆိုဖာမှာ ဝင်ထိုင်လိုက်ကတည်းက သူမ ပြုံးမိသည်။ ထုံးစံအတိုင်း သွားခါနီးတိုင်း မိန့်ကြား မှာကြားတော့မယ်လေ..။

"ဒယ်ဒီ သမီးမာမီ ဆုံးပြီးကတည်းက ယောကျ်ား .. အဲလေ.. မယူတော့တာ သမီး သိတယ်နော် .."

"ဟုတ်တယ်လေ ဒယ်ဒီ .. ဘာလဲ .. အခုမှ ပြန်လိုချင်လာလို့ .. ယူချင်ယူလေ .. ဒယ်ဒီတို့ ဒီအသက်အရွယ်က (KTV)သွားရင် .. မသွားရင် ဘုရားသွားကျောင်းတက် လုပ်ရမှာပဲဟာ .."

"အေးပေါ့ .. ဟာ .. ဒီကောင်မလေး .."

ဒယ်ဒီ ယောင်ပြီး ခေါင်းညိတ်တော့ သူမ တဟားဟားနဲ့ ရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ့စကားတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး

"မိန်းမယူမယ်က စပြော .."

"အေး .. ဟုတ်တယ် .. မိန်းမယူဖို့တော့ မဟုတ်ဘူး .. ယောကျ်ား
ယူမယ် .."

သူမ ဒယ်ဒီ့စကားကြောင့် လန့်ဖျပ်သွားကာ ...

"ဒယ်ဒီ ဘယ်လိုကဘယ်လို အဲဒီဘ၀ ..."

သမီးဖြစ်သူစကားကြောင့် ဦးမိုးကျော်အောင် လက်ကာတား
သည်။ ပြောလေ ပိုရှုပ်လေဖြစ်မှာကြောင့် ...

"ဟိုးထား သမီး .. ဒယ်ဒီ ယူမှာမဟုတ်ဘူး .. သမီး ယူရမှာ

သူမ မျက်လုံးအဝိုင်းသားနဲ့ ...

"သမီး ယူရမှာ ..၊ ဘာလုပ်ဖို့လဲ .."

"ကစား .. ဟာ .. ဘာလုပ်ရမှာလဲ .. သမီးအရွယ် မသာမ
စေနဲ့ တဲ့ .."

"အခါမလင့်တာပါ ဒယ်ဒီရာ .."

"အေး အေး .. ဒယ်ဒီလဲ ကျက်တော့ကျက်ထားတာပဲ .. မေ့
တော့ ဖြစ်နေလို့ .."





သူမ ဖတ်လက်စမဂ္ဂဇင်းကို စားပွဲပေါ်တင်ရင်း ...

"ဒါနဲ့ သမီးက ဘယ်သူ့ကို ယူရမှာလဲ .."

"ဟင် .. မောင်နေကို ကို ယူရမှာလေ .. ဒယ်ဒီနဲ့ အစ်ကိုကြီး
နေပြည်တော်ရောက်တုန်း သားရေးသမီးရေး စကားပြောကြပြီးပြီ..
အစ်ကိုကြီးတို့က မချမ်းသာပေမယ့် စိတ်ကောင်း စေတနာကောင်း
ရှိတယ် သမီး .. ပြီးတော့ သမီးတို့ကလည်း လူငယ်ချင်း မေတ္တာမျှနေ
ကြတယ်ဆိုတော့ .."

"ဟာ .. မဟုတ်ဘူး ဒယ်ဒီ .. ဒယ်ဒီတို့ ထင်တာ မှားနေပြီ ..
ငနေ နဲ့ သမီးတို့က ရိုးရိုးသားသားပါ .. ဒါပေမယ့် သူ (ဗရိုပို့စ်)လုပ်
ထားတာတော့ မှန်တယ် ..၊ သမီး စဉ်းစားဆဲအဆင့်မှာ ရှိသေးတယ်
ဒယ်ဒီရဲ့ .."

သူမ စိတ်ရှုပ်ရှုပ်နဲ့ပြောတော့ ဒယ်ဒီက မျက်လုံးလေး ကလယ်
ကလယ်နဲ့ ...

"ဘယ်သိမလဲ သမီးရယ် .. သမီးတို့ ပြောပုံဆိုပုံ .. အစ်မကြီးနဲ့
သမီး ပြောပုံတွေက တစ်မျိုးဆိုတော့ .."

"မဟုတ်သေးပါဘူး ဒယ်ဒီရယ် .. ဒယ်ဒီလဲ ငနေ့ အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သိသားပဲ .. ဒီကောင်က အစအနောက်သန်သန် .. အဲဒါကို အန်တီနေရီ က တစ်မျိုးထင်ပြီး အခုလိုတွေအထိ ဖြစ်ကုန်ကြတာ ..”

သူမ ဟိုကောင့် ငနေ့ ကို စိတ်ထဲက ကျိန်ဆဲမိပါသည်။

တကယ် တမ်းယူရမယ်ဆိုတဲ့အသိ ဝင်လာတော့ စိတ်ထဲက မယူချင်သလိုလို ဖြစ်နေပါသည်။

ဒါဆို သူမ ငနေ့ အပေါ် စိတ်မဝင်စားဘူးဆိုတဲ့ အဓိပ္ပာယ်လား ..၊

“အဲဒါများ ဟိုတစ်ခါ ထမင်းစားဖိတ်ကတည်းက သမီးတို့ ဘာမှ မဟုတ်တဲ့အကြောင်း ငြင်းလိုက်ပါလား ..”

“သြော် .. ဒယ်ဒီရယ် .. ထမင်းစားဖိတ်တယ်ဆိုတော့ ငြင်းလို့ ဘယ်ကောင်းမလဲ .. ရိုးရိုးပဲ ထင်တာပေါ့ ..”

ဒယ်ဒီလည်း ပြောပြီးသားစကားတွေအတွက် အခက်တွေ့နေပုံရပါသည်။

“သမီးရယ် .. သားရှင်တစ်ယောက်က သမီးရှင်တစ်ယောက်ကို ထမင်းစားဖိတ်တာ ဘာကိစ္စရှိဦးမှာလဲ ..၊ ကဲ .. အခုတော့ ဘယ်လိုလုပ်ကြမလဲ .. စကားတွေက လွန်ကုန်ပြီ ..”





“သမီးပြဿနာကို သမီး ရှင်းနိုင်ပါတယ် ဒယ်ဒီ .. ဒယ်ဒီသာ ရက်ပိုင်းအတွင်း အဲဒီအိမ်ကို မသွားနဲ့ဦး ..”

“အေးပါ သမီးရယ် .. ကဲ .. ဒယ်ဒီလည်း ကုမ္ပဏီသွားလိုက်ဦးမယ် ..”

“ဟုတ်ကဲ့ .. ဒယ်ဒီ ..”

သူမ ထရပ်ပြီး ဒယ်ဒီ့အိတ်ကို ဝိုင်းကူသယ်ပေးပြီး ဒယ်ဒီနဲ့အတူ ားရှိရာဆီ လျှောက်လာခဲ့ပါသည်။

“ပြောသာ ပြောရတာ .. အဖေတစ်ယောက်အနေနဲ့တော့ ာင်နေကို က သမက် တော်ချင်စရာပဲ ..”

“ဘာဖြစ်လို့လဲ သမက်တော်ချင်ရတာလဲ ဒယ်ဒီ ..”

ဒယ်ဒီက ရယ်ပြီး ...

“ဒီကောင့်မှာ အားသာချက်တစ်ခု ရှိတယ် သမီး ..”

“ဘာအားသာချက်လဲ ဒယ်ဒီ .. ပြောပါဦး ..”

ဒယ်ဒီက ကားတံခါး ဆွဲမဖွင့်သေးဘဲ သူမကိုကြည့်ပြီး ပြုး ည်။ ပြီးတော့ သူမလက်ထဲကအိတ်ကို လှမ်းယူကာ အခုလို ပြော ါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က အခြားသူတစ်ယောက်ကို အပျော်ကူးစက်မြင်းအောင် လုပ်နိုင်လို့ပဲ သမီး ..၊ ကဲ .. ဒယ်ဒီ သွားပြီ .."

သူမ ဒယ်ဒီ့စကားကြောင့် ငိုင်တွေသွားပါသည်။ ဒယ်ဒီ့ထားခြံထဲက ထွက်သွားတဲ့အထိ သူမ အဲဒီနေရာမှာ တွေဝေစွာ ရပ်နေမိပါသည်။

နင့်ကြောင့်တော့ ငါ ခက်ပြီ ငနေ ရေ .. ငါ ဘာဆက်လုပ်ရမေးငါကိုယ်တိုင် ဝေခွဲမရတာ အမှန်ပါ ငနေ ရယ် .. နင့်ကို ချစ်သလားမချစ်သလား .. ငါကိုယ်တိုင်လဲ မသိရသေးဘူးလေ ..။

အချစ်ဆိုတာ နောက်ကျမှ သိခွင့်ရရင်တော့ ငါတို့ နောင်တတွေနဲ့ပဲ ဘဝထဲမှာ ကျင်လည်နေရမှာ ငါ ကြောက်နေတယ် ငနေ ..

ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ငါ သိလာမှာပေါ့ .. အဲဒီအချိန်ကာလက အကြာကြီး မဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းရှာပေါ့ .. သက်ပြင်းတွေက သူမအတွက် ပို၍ ပူလောင်စေပါတယ်။





"ဟာ .. မဟုတ်ဘူး မေမေ .. ပြဿနာပဲဗျာ .."

နေကို ခေါင်းကုတ်ပြီး စိတ်ရှုပ်ရှုပ်နဲ့ပြောတော့ ဒေါ်နေရီရီ က ...ရင်း ...

"သားရယ် .. မိန်းမယူတာများ ပြဿနာဖြစ်ရတယ်လို့ ..၊ ပြီး ...တော့ သားတို့က ချစ်သူတွေလေ .."

"မဟုတ်ဘူး မေမေရဲ့ .. ရှုပ်ကုန်ပါပြီ .."

ဒေါ်နေရီဦး သားဖြစ်သူစကားကြောင့် အံ့ဩသွားကာ ...

"ဘာမဟုတ်တာလဲ .. မေမေ့ကို ရှင်းရှင်းပြောစမ်း .."

အခုမှတော့ အဖြစ်မှန်တွေကို ဖွင့်ချရတော့မှာပေါ့လေ။ ပြဿနာကတော့ စတက်ပြီဆိုတာ သူ သိလိုက်ပါသည်။ ဒီအကြောင်းတွေသာ ဟိုဟာမလေး မိုးထက် သိလို့ကတော့ သူ့ကို ...ကျိုင်ရှာမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ မိုးထက် က သူငယ်ချင်းတွေပါ မေမေရယ် .."

"ဟဲ့ .. ဟိုတစ်ခါ သား မိတ်ဆက်ပေးတုန်းက ..."

"ဟုတ်တယ် မေမေ .. အဲဒါကြောင့် ရှုပ်ကုန်တာ .. အမှန်မှာ

သူ့ကို သား ချောက်ချတာ .. သူဦးရင် သူဆော်တာပဲ .."

"ဟဲ့ .."

"ဟိုဟာ .. အပြစ်ပုံချတာ .."

ဒေါ်နေရီဦး သားစကားကြောင့် စိတ်ညစ်သွားပါသည်။ သူ့

ဖြစ်သူ ကိုလေး ကတော့ နေပြည်တော်မှာ ပြောကြဆိုကြပြီးပြီ

"မင်းအဖေက နေပြည်တော်ရောက်တုန်း ကိုမိုးကျော် နဲ့ သား

သမီးလေး ပြောဆိုကြပြီးပြီတဲ့ .."

"ဟာ .. ကွိုင်ပဲ .."

"ဟုတ်တယ် သား .. ဒီလကုန် မင်းအဖေ ခွင့်နဲ့ပြန်လာ

စေ့စပ်ပေးကြဖို့ကို မိုးကျော် နဲ့ စီစဉ် တိုင်ပင်ထားကြတယ် တဲ့

ဘုရား.. ဘုရား .. လို့ မအော်မိအောင် နေနေရပါတယ်။ သူ

တော့ ဘာအကြောင်းလဲ..၊ ကိုယ်ချစ်နေတဲ့ မိန်းကလေးဆိုတော့

စပ်တာထက် တစ်ခါတည်းလက်ထပ်ရင် ပိုတောင်ကောင်းပါ





တယ်၊ အခုဟာက .. ဒီလိုမတူတဲ့ .. အချစ်ကြောင့် ရှေ့ရေးက

အခက်တွေ့နေရပါတယ်။

"မင်းတို့ခေတ်လူငယ်တွေနဲ့တော့ ခက်တော့တာပဲ .. ဒီလိုကိစ္စ

မျိုးက စလို့ နောက်လို့ကောင်းတဲ့ကိစ္စ မဟုတ်ဘူး .. ဘာတွေမှန်းလဲ

မသိပါဘူး .. အခုတော့ ဘယ်လိုလုပ်ကြမလဲ ..၊ ဟော .. လာပါပြီ.."

အိမ်ရှေ့မှာ ကားရပ်သံကြောင့် ကြည့်လိုက်တော့ မိုးထက် ..၊

ကားပေါ်ကဆင်းပြီး အိမ်ပေါ်တက်လာတဲ့ မိုးထက် ကို မေမေက ...

"ကဲ .. သမီးရေ.. သမီးတို့ကိစ္စကို သမီးတို့ အချင်းချင်းပဲ ရှင်း

ကြတော့ပေါ့ .. သမီး နေ့လယ်စာ ဒီမှာပဲ စားသွားတော့ .."

"ဟုတ်ကဲ့ အန်တီ .. စားမှာ ..၊ ကဲ .. အခုတော့ သမီး သူနဲ့တိုင်ပင်

လိုက်ဦးမယ် .."

"ဒါဆို ခြံထဲဆင်းပြီး စကားပြောရအောင်ဟာ .. လာ.. မိုးထက်"

မိုးထက် လည်း အိမ်ပေါ်မှာ မပြောချင်တာကြောင့် ငနေ့ နောက်

က လိုက်ဆင်းခဲ့ပါသည်။ ခြံထဲရောက်တော့ အပင်ရိပ်အောက်က

ခုံတန်းမှာ နှစ်ယောက်အတူထိုင်မိသည်။ အချိန်တော်တော်ကြာသည်

အထိ တစ်ဦးနဲ့တစ်ဦး စကားမပြောမိကြပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို စိတ်မဆိုးနဲ့ နော် ငနေ .."

"ဘာကိုလဲ မိုးထက် .."

မိုးထက် ခြောက်သွေ့သွေ့နှုတ်ခမ်းကို လျှာနဲ့သပ်သည်။ နေကို ဘေးတစောင်းမြင်နေရတဲ့ မိုးထက် ပါးပြင်ကို ငေးကြည့်နေမိပါသည်။ ဆုတောင်းကောင်းတဲ့ ထိုမိန်းကလေးရဲ့အလှ ဆုံးရှုံးလိုက်ရမှာကို တွေးပြီး နာကျင်စရာကောင်းပါတယ်။ ပါးပြင်ပေါ်က သွေးကြောလေးတွေ ပါးပြင်ပေါ်မှာ တွယ်ကပ်နေတဲ့ ဆံနွယ်စက သူ ဖယ်ရှားပေးချင်စရာ..။

"တကယ်တမ်းကျတော့ နင့်ကို ငါ မချစ်သလိုပဲ ခံစားနေရတယ်ဟာ .."

"ဟင်!..."

ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ မိုးခြိမ်းသံတစ်ခုလိုပါပဲ။

ငါ့အတွက် နင် ရွေးထုတ်ပေးလိုက်တဲ့ အဖြေတစ်ခုတဲ့လား မိုးထက် ..၊ ထိုစကားကို ပြောသူကိုယ်တိုင်က မျက်ရည်ဝေ့ဝေ့ ..။

"နင် ငါ့ကို စိတ်ဆိုးသွားပြီလား ဟင် .."

ကျွန်တော် အားတင်းပြီး သူ ကျေနပ်အောင် ပြုံးလိုက်မိပါသည်။ နင်ပျော်ရင် ငါ ကျေနပ်ရမှာပေါ့ မိုးထက်ရယ် ..၊





"စိတ်မဆိုးပါဘူးဟာ .. ငါ ကျေနပ်ပါတယ် .. အင်းပေါ့လေ.. ဆုပ်ယူလို့မရတဲ့ခံစားချက်တစ်ခုကို အတင်းတောင်းဆိုနေရင်တော့ ငါ ကြွေးလိုပဲ သတ်မှတ်ခံရမှာပေါ့ .. နင် စိတ်ချနေပါ .. ငါ့ဘက်ကပဲ ဒီအစီအစဉ်ကို ပျက်သွားအောင် ဖေဖေ့ကို ပြောလိုက်ပါ့မယ် .."

"ကျေးဇူးတင်ပါတယ် ငနေ ရယ် .. အဲဒါကြောင့် .."

သူမ လက်လွတ်စပယ်ပြောပြီးမှ သူမစကားကို သူမ ရပ်တန့်လိုက်ပါတယ်။ သူမ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်။

သူနဲ့အတူ ထမင်းတောင်စား မသွားခဲ့ပါ။ တစ်ဝိုင်းတည်း အတူ စားပေးဖို့ အခွင့်အရေးတောင် မရခဲ့တာဟာ နိမိတ်ဆိုးတစ်ခုလား မိုးထက်..၊

ရှေ့ဖြစ်လာမယ့် ကံကြမ္မာအတွက် ငါ့ကို နိမိတ်ဆိုးတွေ ပြကုန်ကြပြီပေါ့လေ..။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သော မိုးထက် .....

နိုးဆာနေတဲ့ ကလေးငယ်တစ်ယောက်အတွက် ရေတိုက်
လဲ စိတ်ဆန္ဒပြေပျောက်သွားလဲ ခဏပါ .. ချစ်ခြင်းကို တွယ်မက်နေ
အတွက် ရရှိထားတဲ့ အကြင်နာတရားကို ပြန်ယူသွားတော့ ငါ ဘယ်
လိုခံစားနေရမလဲ .. နင် ကိုယ်ချင်းစာပေးပါဟာ ..။

တကယ်တော့ တွေးကြည့်လေ .. ဝမ်းနည်းလေပေါ့ မိုးထက်
ရယ် ... ငါ နင့်ကိုချစ်တာ အများအမြင်ကောင်းဖို့အတွက် ကြိုးကြိုး
စားစားနဲ့ လုပ်ယူ ချစ်ပြနေတာ မဟုတ်ပါဘူးဟာ.. ရင်ဘတ်နဲ့ နှလုံး
သားနဲ့ တွယ်ဆက်ထားတဲ့ ချိတ်ဆက်ထားမှုတွေကတစ်ဆင့် ခံစား
ချက်က တောင်းဆိုလို့ ငါ ချစ်မိတာပါ မိုးထက် ..။





အချစ်စိတ်ကြောင့် သက်ပြင်းတွေက မြွေဟောက်တစ်ကောင်ပါ
ဆိုရင် မြွေဟောက်ပေါင်းများစွာ ငါ့အနားမှာ ပါးပျဉ်းထောင်ကုန်ကြ
မှာ သေချာပါတယ် ..။ ဒါပေမယ့် အဆိပ်မရှိတဲ့ ပါးပျဉ်းမထောင်တဲ့
အချစ်တွေ ငါ့မှာ အပြည့်ရှိပါတယ် မိုးထက် ..။

အခုတော့ အလွမ်းတွေနဲ့ စောင့်ကြိုသူမရှိတဲ့ ပန်းတိုင်ကို ငါ
အပြေးနှင်ရပြီပေါ့ ...

ဒါပေမယ့် နင်ပျော်ရွှင်ရင် ငါ ကျေနပ်ပါတယ် .. နင့် ပျော်ရွှင်မှု
အတွက် ငါ အသည်းကွဲခြင်းနဲ့ လဲလှယ်ပေးရမှာပေါ့ .. နင် ကျေနပ်
မှာပါ မိုးထက် ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ရေးသမားအတွက်

သွေးစွန်းသွားတဲ့ အပြစ်အပျက်တွေပါ

မေ့ထားတဲ့ စာမျက်နှာတွေကို

ကံတရားက ရှန်ပြော

အဖန်ဖန်ပြောရတဲ့ နေ့တွေပေါ့ ..







"ဒါဆို ကိုယ့်အတွက် အခွင့်ရေးသာသွားတာပေါ့ မိုး .."

အရေးထဲ အခွင့်ရေးပိုလိုချင်တဲ့သူနဲ့ လာတိုးနေသေးပါလားလို့ မိုးထက် တွေးမိသေးသည်။

ဒီရက်ပိုင်းအတွက် သူမ ခေါင်းရှုပ်နေတာတော့ အမှန် ..၊ တကယ်ဆို သူမ နေကို နဲ့ လက်မထပ်ချင်တာပဲ ပြောပြီး ပြီးပြီပေါ့..၊ ဒါပေမယ့် အဲဒီလိုချည်း မဟုတ်သေးပြန်ပါ။

ခေါင်းထဲမှာ ဘာမှန်းမသိတဲ့ကိစ္စတစ်ခု ရှိနေသေးသလိုလို မရေရာတဲ့ အကြောင်းအရာတစ်ခုက သူမဦးနှောက်ထဲမှာ ခိုဝှက်နေပါသည်။

အဲဒါ ဘာလဲ .. သူမလဲ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူမ တ်ကနေ့ရာရာမှာ အေးအေးဆေးဆေး သွားထိုင်ဖို့ ထွက်လာတုန်း သူမကို တွေ့ပြီး သူမ ကားနောက်ကနေ ကိုနိုင် လိုက်ပါလာခဲ့တယ်။ ကားရပ်တော့မှ သူမ သိသည်။

မထူးပါဘူးလေ စကားပြောဖော်ရတာပေါ့လို့ တွေးမိပြီး နေကိုနဲ့ စေ့စပ်တဲ့ကိစ္စ ပြီးပြတ်သွားတဲ့အကြောင်း ပြောပြတော့ ကိုယ့်လူက ကိုယ့်ဘက်ကိုယ်ယက်ပြီး ဖြစ်ချင်တာတွေ ပြောနေပါသေးတယ်။

"ဒါနဲ့ မသိလို့ မေးချင်တဲ့ကိစ္စတစ်ခု ရှိတယ် .. မေးလို့ ရမလား.."

"ပြောလေ .. ကိုနိုင် .."

ကိုနိုင် က ပြောဖို့ ခပ်ခက်ခက်ဖြစ်နေဟန် တူပါသည်။

"ပွင့်ပွင့်လင်းလင်းပြောပါ ကိုနိုင် .."

"ဒီလိုလေ .. နေကို ဆိုတဲ့ပုဂ္ဂိုလ်က ကိုယ် သိရသလောက်တော့ ပိုက်ဆံလဲ သိပ်မရှိဘူး ကြားတယ် .. ဟုတ်တယ် နော် .."

"အင်းလေ .. ဘာဖြစ်လို့လဲ .."

"ပြီးတော့ ရုပ်ရည်ကလဲ သာမန်ပါပဲ .. မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်နိုင်လောက်တဲ့ရုပ်မျိုးလဲ မဟုတ်ဘူး .."

"အင်းလေ .. အဲဒါ ဘာဖြစ်လဲ .."



ကိုနိုင့် ပုံစံက စဉ်းစားရခက်နေသည့်ပုံစံမျိုး .. မျက်ခုံးနှစ်ဖက်ာ တွန့်ကွေးကွေး ..၊

"ဒီလိုလူကို မိုး က ဘာဖြစ်လို့ ကိုယ်နဲ့ တစ်တန်းတည်း ပြိုင်ာက်အဖြစ် ထားတာလဲ ဆိုတာကို ကိုယ် တွေးမရဘူး .."

ကိုနိုင့် စကားကြောင့် သူမ ပြုံးမိသည် ထင်သည်။ ပြီးတော့ ယ်ဒီစကားကို သတိရမိပြီး ...

"ငနေ့ မှာ အားသာချက်တစ်ခု ရှိတယ် ကိုနိုင် .."

"ဘယ်လို .."

ကိုနိုင် က သူမစကားကို စိတ်ဝင်တစား နားထောင်ပေးပါသည်။

"အဲဒါက ငနေ က အခြားသူတစ်ယောက်ကို အပျော်ကူးစက်နိုင်အောင် လုပ်နိုင်တဲ့စွမ်းအား ရှိတယ်လေ .."

ကိုနိုင် မျက်ခုံးမြင့်တက်သွားပြီး ထေ့ငေါ့တဲ့ အပြုံးတချို့ ..၊ ာဘောကတော့ အထင်မကြီးတဲ့သဘောပေါ့ ..။

"ငနေ လိုပုံစံမျိုး အနေအထားနဲ့ မိုးထက် ဆီက ခင်မင်မှု ချဉ်းပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ .. အဲဒီတော့ သူ ပုံစံမျိုးစုံနဲ့ ဝင်တယ်.."

"ပြောပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



သူမ နေကို သူမကို ချဉ်းကပ်ပုံကို အသေးစိတ် ပြောပြမိပါသည်။

ကိုနိုင် က စိတ်ဝင်တစားနဲ့ နားထောင်ပေးပါတယ်။ သူမ နေ့အကြောင်းကိုပြောပြနေပုံက အားတက်သရောရှိလှသည်လို့ အောင်နိုင် သူမကို ငေးကြည့်ရင်း သတိထားမိပါသည်။

"အဲဒီလိုမျိုးတွေ ကိုနိုင် ရဲ့ .. သူ့အသား အနာခံပြီး ဒီကောင်က အကွက်ချတတ်တာ .. တကယ့်ကောင် .. ကိုနိုင် ရဲ့ .."

"လူရည်လည်တာပေါ့ နော် မိုး .."

သူမက ကိုနိုင့် စကားကြောင့် ခေါင်းခါပြပြီး ...

"အဲဒီလိုတော့ ပြောလို့မရဘူး ကိုနိုင် .. ဒီကိစ္စကို မိုးထက် မသိစေချင်ရင် ဖုံးထားမှာပေါ့ .. နောက်တော့ ပြန်ပြောပြတာပဲလေ .. ငနေ က စိတ်ရင်းကတော့ တကယ်ကောင်းပါတယ် .. အဲဒီ အနောက်သန်တာလေးတစ်ခုပဲ ပြောစရာရှိတာ .."

"ဒါဆို မိုး တို့ ဘာလို့ စေ့စပ်ပွဲကို ဖျက်လိုက်ရတာလဲ .."

အောင်နိုင့် စကားကြောင့် မိုးထက် စကားသံ အတော်တိတ်သွားပါသည်။





အချိန်မရွေး နီးကပ်လာတဲ့ ပြိုင်ဘက်ရဲ့ အောင်နိုင်ခြင်းကိုလည်း ... ရိပ်မိနေပါသည်။

ပြီးတော့ မိုးထက် ငနေ ဆိုတဲ့ ပုဂ္ဂိုလ်အပေါ် သူ့ထက်စာရင် ... ည်းနည်းပိုပြီး အလေးသာနေသည်ဆိုတာ သူ ကောင်းကောင်းကြီး ... မိနေပါသည်။

သူ တစ်ခုခုကိုတော့ အမြန်ဆုံးလုပ်ဖို့တော့ လိုအပ်နေပါသည်။ အချိန်အတိုင်းအတာထက် လက်ဦးမှုက ပိုပြီး အရေးကြီးသည် ... ..။



www.burmeseclassic.com

www.burmeseclassic.com



"လာ .. အောင်နိုင် .. ဘယ်ကလှည့်လာတာလဲ .."

တိုက်ခန်းတံခါး ဖွင့်ဖွင့်ချင်း သူ့ကို တွေ့တော့ မင်းထိုက် ... ဝမ်းသာအားရ နှုတ်ဆက်သည်။ မင်းထိုက် က ဆွယ်တန်းတုန်း... က သူငယ်ချင်း .. ပြောရရင် ဆေးရှုဖော်ရှုဖက်ပေါ့ ..၊ အခု... ဒီကောင်က တက္ကသိုလ်တက်နေသည်လေ။

"ဘယ်သူမှ မရှိကြဘူးလား .."

မင်းထိုက် က ခေါင်းယမ်းသည်။

"အငယ်ကောင် ကျောင်းနေပြီလေ .."

"ဪ ..."

မင်းထိုက် နဲ့ သူ့ညီ မိုးကောင်း က တောင်ကြီးသားတွေ။ သူ... အဖေအမေက စီးပွားရေးတောင့်သည်။





အဲဒါကြောင့် ရန်ကုန်မှာ အဆင်ပြေပြေ ကျောင်းတက်ဖို့ ဒီတိုက်ခန်းကို ဝယ်ပေးထားပါသည်။ အရင်က သူတို့ရဲ့ ဆုံရပ်ပေါ့။

"မင်းကွာ .. ပြန်ရောက်တာတောင် ငါ့ဆီ မလာဘူး .."

မင်းထိုက် က သူ့ကို အပြစ်တင်စကား ပြောတော့ ...

"လာမယ် .. လာမယ်နဲ့ မလာဖြစ်တာ .."

အောင်နိုင့် စကားကြောင့် မင်းထိုက် က အခုမှ သတိရဟန်နဲ့...

"ဟေ့ကောင် .. မင်းလေဒီလေးကို တွေ့ပြီးပြီလား .. လုံးဝ အလန်း.. သူတို့မေဂျာမှာတောင် ပြိုင်ဘက်မရှိတဲ့ကွင်း .. တော်တော်ကြီးကို လှနေတာနော် အောင်နိုင် .."

မင်းထိုက် စကားကြောင့် စီးကရက်တစ်လိပ်ကိုထုတ်သောက်ပြီး...

"ငါ တွေ့ပြီးပါပြီ .."

"ဒါဆို .. မင်း ငနေ ဆိုတဲ့ကောင်ကိုရော တွေ့ပြီးပြီပေါ့ .."

"အင်း .."

မင်းထိုက် လည်း ငနေ တို့အုပ်စုကို ကြည့်မရ .. ကြည့်မရသည့် အကြောင်းရင်းကလည်း အောင်နိုင် ကြောင့်လည်း ဖြစ်သည်။ အောင်နိုင်ရဲ့ လေဒီနဲ့ ငနေ တွဲနေတော့ သူငယ်ချင်းစိတ်နဲ့ အဲဒီကောင်ကို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မရခြင်း ဖြစ်သည်။

"ဘာရုပ်မှ မပေါက်ပါဘူးကွာ .. အဲဒါကိုများ မင်းရဲ့ မိုး က ဘာကိုကြည့်ပြီး ကြိုက်နေလဲ မသိဘူး .."

"အဲဒီကိစ္စကြောင့်ပဲ မင်းဆီလာတာ မင်းထိုက် .."

"ငါ့ဆီ .."

"အေး .. ဟုတ်တယ် .. ဒီကောင်က ခွင်ဆင်ပြီး မိုး နဲ့ ရင်းနှီးမှု ကြင်နာမှုကို ယူထားတာ မင်းထိုက် .."

မင်းထိုက် က နားမလည်ဟန်နဲ့ ...

"ငါ့ကို ရှင်းရှင်းပြောပြစမ်းပါကွာ .. ရှုပ်နေတာပဲ .."

အောင်နိုင် က မိုး ဆီက သိထားတဲ့ ငနေ ရဲ့လှည့်ကွက်တွေကို အစအဆုံး သေသေချာချာ ရှင်းပြပါသည်။ စကားဆုံးတော့ ...

"ဟ .. အတော်လည်တဲ့ကောင်ပါလားကွ .."

"အေး .. အဲဒါကြောင့် မင်းဆီလာတာပါ ဆို .."

"ကဲ .. ပြောပါဦး .. ငါ ဘာများကူညီပေးရမလဲ .."

နှစ်ယောက်သား လက်သီးဆုပ်ကာ လက်သီးထိပ်ချင်းတော့လိုက်သည်။





"ဒီကောင် ကျောင်းကို ဘယ်အချိန်ရောက်လဲ .."

မင်းထိုက် က သေသေချာချာ စဉ်းစားပြီး ...

"အင်း .. ခုနစ်နာရီခွဲ .. ရှစ်နာရီပေါ့ .."

"ဖယ်ရီနဲ့ လာတာလား .."

"ဟင့်အင်း .. ဒီကောင်က ဖယ်ရီမစီးဘူး .."

"ဒီကောင်တွေ ထိုင်ထိုင်နေကျ ကန်တင်းက .."

မင်းထိုက် ကန်တင်းဆိုင်နာမည် ပြောပြတော့ အောင်နိုင် ဟို တစ်ခါ သူရောက်ဖူးတဲ့ ဆိုင်နာမည်မှန်း သိလိုက်ပါသည်။ မင်းထိုက် က သူသိသမျှကို ပြောပြပါတယ်။

"ဒီကောင်တွေထိုင်ရင် ဆိုင်အပေါက်ဝ ညာဘက်ထိပ်ဝိုင်းမှာ အမြဲလိုလို ထိုင်တတ်တယ် .. အဲ .. လူရှိရင်တော့ ဘယ်ဘက်ထိပ်က ဝိုင်းပေါ့ကွာ ..၊ ငနေ ဆိုတဲ့ကောင်က ဆိုင်ကို ကျောပေးပြီး လမ်းဘက်ကို မျက်နှာမူပြီး ထိုင်တတ်တယ် ..၊ ကဲ .. ဘာသိချင်သေးလဲ အောင်နိုင် .."

"အေးကွာ .. ဒီကောင့်အကြောင်းကို သိပေမယ့် ဘာလုပ်ရမယ် မစဉ်းစားရသေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင့် စကားပြောင့် မင်းထိုက် က နှစ်သိမ့်ဟန်နဲ့ အောင်နိုင် လက်မောင်းကို ပုတ်ကာ ...

"မင်း .. ဒီကောင့်ကို ပညာပေးချင်တာလား .."

"ပညာ ပေးလဲ ပေးချင်တယ် .. ဒီကောင် ခွင်ဆင်သလို ငါလဲ ခွင်ဆင်တတ်တယ်ဆိုတာ သိစေချင်တာ .."

မင်းထိုက် အောင်နိုင့် စကားကြောင့် စဉ်းစားသည်။ မင်းထိုက် က အဲဒီလိုကိစ္စတွေမှာ ကျွမ်းကျင်တာကြောင့် အောင်နိုင် ဒီကောင့်ဆီ လာခဲ့ခြင်း ဖြစ်ပါသည်။

"ဒါဆိုရင် ဒီလိုလုပ် .."

နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ငနေ ကို ဒုက္ခပေးဖို့ အပြန်အလှန် ဆွေးနွေးတိုင်ပင်ကြပါသည်။





"ငါ အိမ်ပြန်မှ ဖြစ်မယ် ငနေ့"

ရုတ်တရက်ကြီး ကောက်ကာငင်ကာ ထရပ်ရင်း ပြောတော့ .. ငနေ က မေးသည်။ အေးမင်းဇော် က မျက်နှာရှုံ့မဲ့ပြီး ..

"ငါ .. ဝမ်းကိုက်ချင်သလိုလို ဖြစ်နေတယ်ကွ .."

အေးမင်းဇော် ပြောပုံကြောင့် နိုင်နိုင် က ...

"ကျောင်းဝန်းထဲမှာ ဆေးဆိုင်တွေရှိပါတယ် .. ငါ သွားဝယ်ပေးရမလား .."

"ရပါတယ်ဟာ .. အိမ်ရောက်မှပဲ ဆေးခန်းသွားပြလိုက်တာ ကောင်းမယ် .."

"ဟဲ့ .. နင် ဘာတွေ အစားမှားလို့လဲ အေးမင်းဇော် .."

မိုးထက် စကားကြောင့် အေးမင်းဇော် မနေ့ညနေက သူ စားသွားတာလေးတွေ ရွှတ်ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ကျောင်းကအပြန် ဆေးဖက်ဝင်အောင်ဆိုပြီး ဒိန်ချဉ်

သောက်မိတယ် .."

"အဲဒီလောက်နဲ့တော့ မဖြစ်လောက်ပါဘူး .."

"ကျန်သေးတယ်ဟ .. အိမ်ရောက်တော့ ငါ့အမေက အအီပြေ

အောင်ဆိုပြီး ဝက်သားကို မရမ်းသီးခြောက်ထည့်ပြီး ချက်ထားတာ

အဲ.. အိပ်ခါနီးတော့ ပုံမှန်သောက်နေကျ သံပရာရည်လေး သောက်

တာပါဟာ .."

အေးမင်းဇော် ရဲ့ ညောင်နာနာ စကားကြောင့် မြင့်သူ က –

"မင်း မနက် ကျောင်းကိုလာခါနီး ငါတို့ရပ်ကွက်ထိပ် ဒေါ်

မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးနှစ်ပွဲ စားခဲ့သေးတာ ထည့်ပြောဦး

ကွာ .."

မြင့်သူ စကားကြောင့် မိသက် အမြင်ကတ်ကတ်နဲ့ ...

"ဟ .. အဲဒါဆိုရင် အိမ်အပြန်လမ်းတစ်လျှောက် အဆင်ပြေ

အောင် မန်ကျည်းဖျော်ရည်လေး သောက်သွားပါလား .."

"နင့်တို့ ငါ့ကို မမြင်ချင်တော့ဘူးနဲ့ တူတယ်.. ကဲ.. ငါပြန်မယ်"

"ကြွ .. ကြွ .. ထွက်ကျနေဦးမယ် .."





မိုးထက် စကားကြောင့် ရယ်ကြပါသည်။ အေးမင်းဇော် ထွက်

သွားတော့ မြင့်သူ က ပြောသည်။

"ဒီကောင်လောက် အစားသောင်းကျန်းတဲ့ကောင် မတွေ့ဖူးပါ

ဘူးကွာ .."

"ရှိပါတယ် .."

"ဘယ်သူလဲ .."

"ဗုဇကာပုဏ္ဏားလေ .."

"အေး .. အေး .. ဟုတ်တယ် .."

နောက်တော့ နေကို နဲ့ မိုးထက် က ဟိုအကြောင်း ဒီအကြောင်း

တွေပြောနေမိကြကာ မိသက် .. ခိုင်ခိုင် နဲ့ မြင့်သူ တို့သုံးယောက်က

ရှေ့ဆောင်ရုံက ကားသစ်အကြောင်းကို စားမြုံ့ပြန်နေကြပါတယ်။

စိုးဇော် တစ်ယောက်ကတော့ မိုးထက် ဖုန်းကိုယူပြီး ဂိမ်းဆော့နေပါ

တယ်။ မိုးထက် က ငနေ နဲ့ စကားပြောနေရာမှ ...

"ဟဲ့ .. စိုးဇော် ဖုန်းအကြာကြီး မကလိနဲ့နော်.. ဘက်ထရီ အား

ကုန်ပယ် .."

"ဘက်ထရီက အပြည့်ကြီးပါဟာ .. တွန့်တိုမနေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



မိုးထက် စိုးဇော် စကားကြောင့် မျက်စောင်းလှမ်းထိုးပါသည်။

"ဟဲ့ .. နင့်ရဲ့ရွှားကျောင်းသား လာနေတယ် .."

နေကို က လမ်းဘက် မျက်နှာမူထားတာကြောင့် ဆိုင်ဘက်ကို အောင်နိုင် တန်းတန်းမတ်မတ်လျှောက်လာတာ မြင်နေရတာမို့ မိုးထက် ကို ပြောပါသည်။ မိုးထက် က လမ်းဘက်ကိုကြည့်ပြီး လက်လှမ်းပြ ကာ နေကို့ ကို တိုးတိုးပြောပါသည်။

"ဟဲ့ .. အနားနီးရင် လှမ်းခေါ်လိုက်ပါဟယ် .. မကောင်းဘူး–"

"မခေါ်နိုင်ပါဘူး.."

"နင် နော် .. နင်တို့က တစ်အုပ်ကြီး .. သူက သိတာဆိုလို့ ငါ တစ်ယောက်တည်းရှိတာ ..၊ နင် ခေါ်မလား .. မခေါ်ဘူးလား –"

နေကို က စိတ်ရှုပ်ဟန်နဲ့ ...

"ခေါ်မယ်ဟာ .. ခေါ်မယ် .."

မိုးထက် ကျေနပ်သွားဟန်နဲ့ ပြုံးကာ ...

"ငနေ က လိမ္မာပါတယ် .. အဲဒါကြောင့် ..."

စကား တိုးလိုးတန်းလန်းနဲ့ရပ်တော့ ငနေ စိတ်ပေါက်ပေါက်နဲ့ မိုးထက် ကို မျက်စောင်းထိုးမိပြီး ...





"နင် အဲဒီစကားနဲ့ပဲ ငါ့ကို နဖားကြိုးထိုးနေတာ .."

မိုးထက် က ငနေ့ စကားကြောင့် စိတ်မဆိုးတဲ့အပြင် ဟက်ဟက် ပက်ပက် ရယ်နေပါသေးသည်။ အောင်နိုင် သူတို့နား ရောက်တော့ နေကို က ...

"လာ .. ကိုအောင်နိုင် .. တစ်ယောက်တည်းလား .."

"တစ်ယောက်တည်းလား မေးတော့ တစ်ယောက်တည်းပါပေါ့"

ငနေ က သူ့ဘေးမှာထိုင်ဖို့ စားပွဲထိုးလေးကို ခုံယူခိုင်းလိုက်ပါ တယ်။ မြင့်သူ က ခိုင်ခိုင် တို့နဲ့ ခပ်တိုးတိုး လှမ်းပြောပါတယ်။

"အောင်နိုင် ဆိုတဲ့ကောင်တော့ စကားရောဖောရောနဲ့ ပုံစံပြောင်း နေပြီဟေ့ .. ငနေ တော့ သတိထားရတော့မယ် .."

"အေး .. ဟုတ်တယ် .."

ခိုင်ခိုင် နဲ့ မိသက် ကလည်း မြင့်သူ စကားကို ထောက်ခံပါသည်။ စားပွဲထိုးလေး ခုံယူလာပေးတော့ ငနေ က ခုံကို ဝိုင်းချောင်သွားအောင် သူ့ခုံကို မိုးထက် ဘက်တိုးကာ နေရာရွှေ့ပေးပြီး ပြန်အထိုင် အောင်နိုင် ကလည်း နေကို့ ဘေးက ခုံမှာ ဝင်အထိုင် ..၊

"ဟာ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း .."

အောင်နိုင် တစ်ယောက် ခြေပစ်လက်ပစ်ကြီး ပြုတ်ကျသွားပါသည်။ မရယ်မိအောင်နေကြပေမယ့် မြင့်သူ တို့ဆီက တခွီးခွီးရယ်သံတွေ ကြားရပါတယ်။

"ဟာ .. ဆောရီးဗျာ .."

ငနေ သူ မလုပ်ပေမယ့် အောင်နိုင် ရှက်သွားမှာစိုးတာကြောင့် ကမန်းကတန်း တောင်းပန်တော့ အောင်နိုင် က ရှုံ့မဲ့မဲ့နဲ့ ...

"ရပါတယ်ဗျာ .."

"ငနေ .. နင်ကလဲ ဟယ် .."

"ဟာ .. ငါလုပ်တာမှ မဟုတ်တာ မိုးထက် ရယ် .. မယုံရင် မေးကြည့် .."

အောင်နိုင် က တစ်ခွန်းပဲ ပြောပါသည်။

"ရပါတယ်ဗျာ .."

အောင်နိုင့် စကားကြောင့် မိုးထက် က ငနေ့ ကို မျက်စောင်းထိုးသည်။ နေကို ခေါင်းကိုကုတ်မိရင်း လောကွတ်ချော်မိပါသည်။

"ကိုအောင်နိုင် ဘာသောက်မလဲ .."





"ကျဆိမ့်ပေါ့ဗျာ .."

နေကို အနီးနားက စားပွဲထိုးလေးကို "ကျဆိမ့်ဝမ်းရှယ်"လို့ လှမ်းအော်ပြီးမှာ ပေးလိုက်ပါသည်။

ပြီးတော့ ငနေ က လက်ကျန်စီးကရက်ကိုဖွာပြီး ခုံအောက်ကို ပစ်ချလိုက်ရင်း ပြောစရာစကား မရှိတာကြောင့် ...

"ဒီကို တမင်လာတာလား ကိုအောင်နိုင် .."

"ဟုတ်တယ်ဗျ .. နောက်ပြီး ဖစ်ဆစ်ဘက်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိတယ် .. မိုး .. ဟိုကောင် လှမြင့် လေ .."

"သိတယ် ကိုနိုင် ရဲ့ .. လှမြင့် ကတော့ မကြာခဏပေါ့၊ မင်းထိုက်ကတော့ မေဂျာတူတော့ တွေ့တွေ့နေတယ် .."

စကားပြောနေကြရင်း နေကို သူ့နှာခေါင်းက တရှုံ့ရှုံ့မို့ မိုးထက်က ...

"ဟဲ့ .. ဘာဖြစ်နေတာလဲ"

"ငါ့နှာခေါင်းထဲမှာ ညှော်နံ့လိုလိုပဲ .."

အဲဒီတော့မှ ဟိုကြည့်ဒီကြည့်ရင်း အောက်ကိုငုံ့ကြည့်တော့ ငနေ့မျက်လုံးပြူးသွားကာ အလန့်တကြားနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ကိုအောင်နိုင် .. ခင်ဗျားလုံချည် မီးစွဲနေပြီ .."

"ဟာ .. လုပ်ဦးဟ .."

ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သွားကြရင်း ငနေ က ကြံရာမရသည့်အဆုံး စားပွဲပေါ်က ရေနွေးခွက်ဖူးကို လှမ်းယူဖွင့်ပြီး ...

"ခင်ဗျား လုံချည်ချွတ် .. ဟာ .. ကြာပါတယ်ကွာ ..."

ရေနွေးပူတာ အေးတာ ငနေ မစဉ်းစားတော့ဘဲ ရေနွေးတွေကို အောင်နိုင့် အောက်ပိုင်းကို လောင်းချလိုက်တော့ ...

"အောင်မလေးဗျ .. ပူတယ်ဗျ .. သေပါပြီဗျ .."

လုံချည်အနားစကို လောင်နေတဲ့မီးစက ငြိမ်းသွားပေမယ့် ရေနွေး ပူပူလောင်လောင်ကြောင့် အောင်နိုင် ခမျာ လုံချည်ကို ဆွဲချွတ်ပြီး ဘောင်းဘီတိုလေးနှင့် ဆွေ့ဆွေ့ခုန်နေပါသည်။ တချို့ဆီက ရယ်သံ တွေ ကြားနေရပါတယ်။ ငနေ ကိုယ်တိုင်တောင် ပြုံးစေ့စေ့ ဖြစ်နေသေး တာပဲ ..၊ အဲဒီအချိန်မှာ မထင်မှတ်ဘဲ ...

"ဖြန်း .."

"ဟာ!..."

"မိုးထက်!..."





ပူထူသွားတာတော့ သိလိုက်ပါသည်။ ရိုက်လိုက်တဲ့ ဖြင်းအား ကြောင့် နာကျင်မှုကိုသိပေမယ့် နာကျင်မှုကို သတိမရမိအောင် သူ့ကို ဘာကြောင့်ရိုက်လိုက်မှန်း မသိဘဲ အံ့ဩမှုနဲ့အတူ မိုးထက် ကို ကြည့်မိ သည်။ မိုးထက် မျက်လုံးတွေက နဂါးတစ်ကောင်ရဲ့မျက်လုံးတွေဆိုရင် သူ ပြာကျနေလောက်ပါပြီ ..။

"တစ်ဖက်သားရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ဟား တိုက်ရယ်မောစရာသတ္တဝါအဖြစ် ပုံသွင်းလိုက်လို့ နင် သိပ်ပျော်နေ တယ်ပေါ့ ငနေ .. ရယ်လေ .. ရယ်လိုက်ပါဦး .. တောက်!..."

ငနေ ပါးစပ်အဟောင်းသား ..၊ ပြီးတော့မှ သတိဝင်လာသည့် ပုံနဲ့ ...

"ဘာ .. နင် ဘာပြောလိုက်တယ် .."

မိုးထက် က နှုတ်ခမ်းပါးကို ကိုက်သည်။ ကြောက်စရာကောင်း တဲ့ဒေါသက ချစ်စရာကောင်းတဲ့မျက်နှာပေါ်မှာ အတွဲအစပ်တစ်ခု အဖြစ် ရပ်နေပါသည်။

"နင့်ရဲ့ အကွက်ဆင်မှုတွေကို ငါ ပြောလိုက်တာလေ .. နင့်ရဲ့ ထောင်ချောက်တွေ .. နင့်ရဲ့ဖန်တီးမှုတွေကို ငါ မသိဘူးလို့ နင် ထင်



www.burmeseclassic.com

www.burmeseclassic.com



နေလား ငနေ .."

"မဟုတ်ဘူး .."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ အော်မိတော့ ခိုင်ခိုင် က ...,

"ဟဲ့ .. တိုးတိုးပြောပါဟာ .. လူတွေဝိုင်းကြည့်နေပြီ .. မရှက်ဘူးလား .."

ကျွန်တော် တောက်ခေါက်မိပြီး ...

"လူတွေ ဝိုင်းကြည့်တာကို ငါ မရှက်ဘူးဟာ .. တစ်ဖက်သတ် ခွပ်ခွဲလိုက်တဲ့ မိုးထက် ရဲ့စကားကို ငါ ရှက်လို့ဟ .."

"ဘာ .. ငါ့စကားကို ရှက်တယ် ဟုတ်လား .. ဟား .. ဟား .. ဟား .. ဟား.. နင် သိပ်အပြောကောင်းတဲ့ကောင်ပဲ ငနေ .. နင်က လူတစ်ဖက်သားကို အရှက်တွေ မုံးပေါလအောပေးခဲ့တဲ့ ကောင်ပဲ .. နင်က ရိုင်းစိုင်းတာထက် ဘောင်ကျော်သွားပြီ .. ယုတ်မာတဲ့အဆင့် ရောက်သွားပြီ.. အေး .. ဒီနေ့ကစပြီး နင် ငါနဲ့ မပတ်သက်နဲ့ .."

"တော်စမ်းပါဟာ .. ငါလဲ ယောကျ်ားပဲ .. နင့်လို ယုန်ထင် ကြောင်ထင်နေတဲ့ မိန်းမကိုလဲ ငါက ဆောရီးပဲ .."

ငနေ့ စကားက မိုးထက် သိက္ခာကို ထိသွားပုံရသည်။





မျက်နှာတစ်ခုလုံး ရဲတွတ်သွားပြီး တောက်ခေါက်ကာ အောင်နိုင့် သက်ကို ဆွဲကာ ...

"လာ .. သွားမယ် .. ကိုနိုင် .."

မိုးထက် တို့ ထွက်သွားတော့ စိတ်ဝင်တစားနဲ့ ဝိုင်းအုံကြည့်နေတဲ့ သူတွေလည်း သူ့အလိုလို ရှဲသွားပါသည်။

"ဟဲ့ .. ငနေ .. ဘယ်လဲ .."

"ရတယ် .. ငါ ဘာမှမဖြစ်ဘူး .. လိုက်မလာကြနဲ့ .."

နေကို ပြောပြီး ထွက်သွားတော့ မြင့်သူ က ...

"လွှတ်ထားလိုက် မိသက် .. ဒီကောင် သူ့ကိုယ်သူ ထိန်းနိုင်ပါ ယ် .. ဒီကောင် တချောင်ချောင်မှာ တစ်ယောက်တည်း နေနေလိမ့် ် .."

မြင့်သူ က ဒီကောင့်အကြောင်းကို သိနေသည်မို့ လွှတ်ပေးလိုက် ဖြစ်ပါသည်။ ဆိုင်ပိုင်ရှင် အစ်ကိုကြီးက သူတို့ဝိုင်းဘက် လျှောက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သိက္ခာတရားနဲ့ ဝစ်ဆင်း ပူဇော်လိုပါတော်

ချစ်ခြင်းမေတ္တာများသာ အမှန်ဖြစ်ခဲ့ပါက

နေပြင်းပြင်းလို အမုန်းများ

တံကောင်းခြင်းရေစင်အဖြစ် ကူးပြောင်း

နှလုံးသားရဲ့ဆုတောင်း မှန်ရပါလိုတော် ..။







ကံတရားဆိုတဲ့ကောင်က မိုးစက်ကို မြားထိပ်မှာတပ်ပြီး ချိန်ရွယ် ပစ်လွှတ်ရင်တောင် ကံမကောင်းရင် ရင်အုံမှာ မိုးစက်စိုက်ပြီး အသက်ဆုံးပါးချင်တောင် ဆုံးပါးသွားနိုင်ပါတယ် ..၊ ချစ်တယ် ..

ငါ .. ရင်ထဲကအဖြူထည်နဲ့ ငါ့ချစ်သူကို လွှမ်းခြုံပေးချင်တာပါ။ ဒါပေမယ့် ငါပေးတဲ့အဖြူထည်ကို နင်က ရင်ပူစေတယ်လို့ ထင်တော့ သည်း ငါ့ဘာတတ်နိုင်မှာလဲ မိုးထက် ရယ် ..

နှတ်ဆိုးတွေ ပန်းနဲ့ထမ်းထားတဲ့ ဒီဇာတ်လမ်းမှာ ငါဟာ အဆိုး ကောင်လို့ ဇာတ်ကောင်တစ်ဦးအဖြစ် နင် သတ်မှတ်ခဲ့တယ် .. ငါ ဘာ့တတ်နိုင်မှာလဲ မိုးထက် ရယ် .. ခေတ်အဆက်ဆက်က ဖြစ်ပျက် သာရတဲ့ အချစ်ဆိုတဲ့အမိပ္ပာယ်ဟာ ငါ့အလှည့်ကျမှ 'အဆိပ်'လို့ အဓိပ္ပာယ် ပုံဖော်ခဲ့တာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



မှားနေတဲ့ ကြက်ခြေခတ်အမှိပ္ပာယ်ကို ငါ စုံလုံးကန်းပြီး အမှန်လို့တော့ ငါ မပြောပါရစေနဲ့တော့ .. အမှန်တရားဆိုတာ ဦးခေါင်းတစ်ချက်ထောင်နိုင်တဲ့တစ်နေ့ အဲဒီအမှားဆိုတဲ့အရာကို ချေမှုန်းပစ်ဖို့ ပြင်ဆင်နေမှာပဲလေ ..၊

ငါ ငိုတတ်ပါတယ် .. ယောကျ်ားတစ်ယောက်မို့ မျက်ရည်မကျလို့ မငိုတတ်ဘူးလို့တော့ မထင်နဲ့ဟာ .. မျက်ရည်ကို မြင်အောင်ငိုမှ ငိုနေတာမဟုတ်ဘူး မိုးထက် .. မျက်ရည်ကို လူမမြင်အောင် ရင်ထဲမှာ ကျိတ်ငိုတတ်တဲ့လူတွေလည်း ရှိတယ်ဆိုတာ နင် သဘောပေါက်ပေးပါ .. နင် အဆင်ပြေနိုင်ပါစေ .. အထူးသဖြင့် ငါ့ကိုမေ့ပြီး နေနိုင်ပါစေ ချစ်သူ ...။



"တော်ပါတော့ဟာ .. ငါ အဲဒီကောင်ရဲ့အကြောင်းကို နားထောင်ချင်ဘူး .. မပြောနဲ့ .."

နောက်ဆုံးတော့ သူတို့ပဲ မိုးထက် တို့ အိမ်ကို ရောက်လာခဲ့ပါယ်။ 'ငနေ ကတော့ အိမ်ပြန်မရောက်သေးဘူး'တဲ့ ..၊ အေးမင်းဇော် ဝမ်းကိုက်တဲ့ဝေဒနာကြောင့် ရှုံ့မဲ့မဲ့နဲ့ ...

"ကျွတ် .. ကျွတ် .. ကျွတ် .. ငါ ပြောတာ နားထောင်ပါဦး .. ကျွတ် .. ကျွတ် .. ကျွတ် .."

အေးမင်းဇော် စကားကြောင့် နိုင်ခိုင် ကလည်း မိုးထက် ကို ပြည်လေးနဲ့ ပြောနေရပါသည်။

"ဟုတ်တယ်ဟ .. ငါတို့စကား နားမထောင်ချင်ရင်တောင် ... ကျွတ်.. ကျွတ်.. ကျွတ်ရဲ့ .. အဲလေ .. အေးမင်းဇော် ရဲ့စကားဟော့ နားထောင်သင့်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



မြင့်သူ ကလည်း ထောက်ခံစကား ဆိုသည်။

"အေး .. ခိုင်ခိုင် ပြောတာ ဟုတ်တယ် မိုးထက် .. အဖြစ်အပျက်တွေကို အစအဆုံးမသိဘဲ ကိုယ်မြင်နေတဲ့ဘက် ကြည့်ပြီး အမှန်လို့တော့ နင် မသုံးသပ်သင့်ဘူး .. နင်လဲ ခေတ်လူငယ်တစ်ယောက်ပဲ တကယ်လို့ ငနေ့ ဘက်က မှားနေရင်တောင် ဘာကြောင့်မှားရတဲ့ အကြောင်းရင်းရှိလဲ နင် သုံးသပ်ရမှာပေါ့ .."

မိုးထက် အများနဲ့တစ်ယောက်မို့ ဘာမှထပ်မပြောတော့ - အေးမင်းဇော် က မိုးထက် ကို အကဲခတ်ပြီး ...

"ဒီလိုဟ .. ကျွတ်!.. နင်ရဲ့ အောင်နိုင် မလာခင် ငါ ဝမ်းကိုက်လို့ အိမ်ပြန်မလို့ လုပ်တယ်နော် .."

မိုးထက် ခေါင်းညိတ်မိပါသည်။

"အေး .. ဒါပေမယ့် ကားနားရောက်ခါနီးမှ ဗိုက်က တအား အောင့်လာတာနဲ့ အိမ်သာကို တန်းပြေးရပါလေရော .. အိမ်သာ ယောက်ျားလေးအိမ်သာဆိုတော့ မိန်းကလေးဝင်လို့ မရဘူး .. ကျွတ် ကျွတ် .."

"အရေးထဲဟယ် .."





မိသက် အားမလိုအားမရနဲ့ပြောတော့ အေးမင်းဇော် က ရှုံ့မဲ့ ရင်း ...

"တိတိကျကျ ပြောတာပါဟာ .. ကျွတ် .."

"ဟုတ်ပါတယ် ပြောပါ .. လျှာကြောက ရှည်နေသေးတယ်.."

"အေး .. အေး .. ပြောပါ့မယ်ဟာ .. အိမ်သာထဲရောက်လို့ အိမ်သာတက်ပြီး သက်သာသွားတဲ့အချိန် ကိစ္စရှင်းပြီး တံခါးဖွင့်ဖို့လုပ်တော့ ငါ့တံခါးရှေ့မှာ အသံတွေ ကြားရတယ်"

"ဘာသံတွေလဲ .."

ခိုင်ခိုင် က သိပ်မသိရသေးတာကြောင့် မေးတော့ အေးမင်းဇော် က ပြောပါသည်။

"အောင်နိုင် နဲ့ မင်းထိုက် တို့ ပြောနေကြတဲ့အသံတွေပေါ့၊ 'ဟေ့ကောင် မင်းဘောင်းဘီကို လုံချည်နဲ့လဲလိုက်တော့ .. မြန်မြန်လုပ်'တဲ့"

ဒီတစ်ခါတော့ မိုးထက် ကိုယ်တိုင် စိတ်ဝင်တစား ဖြစ်သွားခဲ့ပါသည်။ ဘာကြောင့် ဘောင်းဘီလဲရတာလဲ..၊

"နင် သတိထားမိလား မိုးထက် .."

မြင့်သူ က ကြားဖြတ်ဝင်ပြောတော့ မိုးထက် က မျက်မှောင်တွန့်

www.burmeseclassic.com



ပြီး …

"ဘာကိုလဲ .."

"သြော် .. ဒီကောင်က လုံချည် ဝတ်လေ့ဝတ်ထ မရှိဘူးလို့ ငါ စုံစမ်းသလောက် သိရတယ် .. ဟုတ်တယ်နော် .."

အဲဒီအခါကျတော့မှ မိုးထက် မျက်လုံးဝိုင်းသွားပါသည်။

ဟုတ်တယ် .. ကိုနိုင် က လုံချည်ဝတ်လေ့ဝတ်ထ မရှိ.၊ ရည်းစား ဖြစ်တုန်းက တစ်ခါတစ်ရံ ဘုရားသွားဖို့ အတင်းပူဆာပြီး လုံချည်ဝတ် ခဲ့ဖို့ပြောရင်တောင် "ကိုနိုင် က လုံချည်မဝတ်တတ်ဘူး .. ခဏခဏ ကျွတ်ကျွတ်ကျတာ"လို့ ပြောတတ်ပါသည်။ ဒါဆိုရင် အကြောင်းပြ ချက်တစ်ခုတော့ ရှိပြီပေါ့။ အေးမင်းဇော် က အခြေအနေကို အကဲ ခတ်ပြီး ထပ်ပြောပြပါသည်။

"ငါလဲ ဒီကောင့်အသံကြောင့် တံခါးဟကြည့်တော့ အောင်နိုင် နဲ့ မင်းထိုက် တို့ ဖြစ်နေတယ် .. ပြီးတော့ သူတို့ပြောနေကြတာက 'မင်းထိုက် ချုပ်ရိုးထဲမှာ ဘယ်လိုထည့်ရမှာလဲ' တဲ့ .."

"ဘာကိုလဲ .."

မိုးထက် အလောတကြီးမေးမိတော့ အေးမင်းဇော် က သူ့ဟန်း





ဖုန်းကို ဖွင့်ကာ …

"ဒါ .. ငါ ခိုးရိုက်ထားတာ .. ဒီမှာကြည့် .."

အားလုံး ခေါင်းတွေတိုးဖွေ့ကာ ဝိုင်းအုံကြည့်ကြပါသည်။ အေး မင်းဇော် က ရှင်းပြပါသည်။

"ဒါက .. သူတို့ လုံချည်လဲပြီးသွားပြီ .. တွေ့လား ချုပ်ရိုးကြောင်း ထဲ ထိပ်တစ်ဖက်ကို အသေပိတ်ထားပြီး ခဲတံဆီထည့်ထားတဲ့ အအေး သောက်တဲ့ပိုက်ကို ထည့်နေတာ .."

"ဟင် .. အဲဒါဆို ဖောက်ထိုးချထားတဲ့ဘက်အပေါက်က ခဲတံ ဆီတွေ ထွက်နေမှာပေါ့ .."

မိုးထက် ဖြစ်နိုင်ချေကိုပြောတော့ အေးမင်းဇော် က ခေါင်းယမ်း ရင်း …

"ဒီကောင်တွေက နင့်ထက်လည်တယ် မိုးထက်.. အသံက သိပ် မကြည်လို့ နင် မကြားရတာ .. သူတို့က အဲဒီဘက်ထိပ်ကို စီးကရက် ဖင်စီခံနဲ့ သိပ်ထည့်ထားတော့ နည်းနည်းချင်းပဲ စိမ့်ထွက်နေတာ"

"ဟင် .. ဒါဆို …"

"ကျွတ် .. ကျွတ် .. မင်းပဲ ဆက်ရှင်းပြလိုက်တော့ မြင့်သူ ..



www.burmeseclassic.com

www.burmeseclassic.com



ငါလဲ ချက်ချင်းလိုက်မလာတာ ဗိုက်က မခံနိုင်လို့ အိမ်တန်းပြန်တာ.. ငါ့လက်ထဲမှာ ကျွတ် .. သက်သေရှိနေပြီလေ ဆိုတော့ .. ကျွတ် ..”

“ငါပဲ ပြောလိုက်ပါ့မယ် ကျွတ် .. ကျွတ် ရယ် .. အဲလေ .. အေးမင်းဇော် ရယ် .. နင်ထွက်သွားတော့မှ ငါတို့ဝိုင်းကို ဆိုင်ရှင်နဲ့ စားပွဲထိုးလေး ရောက်လာတယ်၊ စားပွဲထိုးလေးက ကျွန်တော် နောက်ကနေ မြင်တယ်တဲ့၊ ဟိုအစ်ကိုကြီးက ခုံကို အဲဒီလူထိုင်လိုက်ရင် ချော်သွားအောင် လှမ်းဆွဲလိုက်တာ မဟုတ်ဘူး .. သူ့ဘာသာ တမင် ချော်ပြီးထိုင်တာ တဲ့ ..”

မိုးထက် အဖြစ်မှန်ကို ရိပ်စားမိလိုက်ကာ မျက်ရည်က ဝဲချင်ချင်.. မြင့်သူ က ဆက်ရှင်းပြပါသည်။

“ငါ့အထင်တော့ ဟိုကောင် ငနေ လွှင့်ပစ်လိုက်တဲ့ စီးကရက် အတိုက ကံဆိုးသွားတာပေါ့ဟာ .. ငနေ စီးကရက်မသောက်ရင် ဒီကောင် သောက်မှာပဲလေ .. ဟုတ်တယ်နော် ..၊ အဲဒီတော့ ကျွန်တော်နှင့်ဘာသာနှင့် ဆက်တွေးကြည့်တော့ .. ကဲ ..”

ပြီးပြီ ..၊ အားလုံး ပြီးသွားပြီလေ ..၊ သတိလက်လွတ်နဲ့ အောင်နိုင်ဆင်တဲ့ ထောင်ချောက်ထဲ သူမ တည့်တည့်ကြီးကို တိုးဝင်မိပါပြီ..။





မျက်ရည်တွေ တလိမ့်လိမ့်နဲ့ စီးကျလာပါပြီ ..၊

“ငနေ .. ငါ့ကို မုန်းသွားပြီလား ၊မသိပါဘူးဟယ် .. ငါဟာ..”

မိုးထက် ဝမ်းနည်းမိကာ ချုံးပွဲချငိုတော့ မိသက် နဲ့ ခိုင်ခိုင် က ဖက်ပြီး နှစ်သိမ့်ပါသည်။

“အဖြစ်မှန်တွေကို သူသိရင် နင့်ကို စိတ်ဆိုးမှာ မဟုတ်ပါဘူး ဟာ.. နော် .. တိတ်တော့ ..”

“ငါ .. သူနဲ့ တွေ့ချင်တယ်ဟာ ..”

“အေး .. ငါတို့လဲ ဒီကောင် ဘယ်မှာရှိမှန်းကို မသိတာ ..”

စိုးဇော် က ဝင်ပြောတော့ မြင့်သူ က ...

“ဖြစ်တော့ ဖြစ်နိုင်ချေရှိမယ် ထင်တယ် ..”

“ဘာကိုလဲ ..”

“ဟိုတစ်ခါ အသည်းကွဲပြီး အရက်သောက်တဲ့ဆိုင်လေ ..”

စိုးဇော် လက်ဖျောက်တစ်ချက်တီးပြီး ...

“ဟုတ်မယ် ..”

“လာ .. လိုက်ကြစို့ ..”

သူတို့ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ထွက်လာခဲ့ကြပါသည်။ ခိုင်ခိုင် နဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသက် က မိုးထက် ကားနဲ့ .. သူတို့ကတော့ အေးမင်းဇော် ကားနဲ့ပေါ့။

"ဟဲ့ .. ဟိုရှေ့မှာ ..."

နိုင်နိုင် လှမ်းသတိပေးတော့မှ အေးမင်းဇော် ရပ်ထားတဲ့ ကား နောက်မှာ မိုးထက် သူ့ကားကို ရပ်လိုက်ရပါသည်။ သူမတို့ ဆိုင်ကို ကြည့်တော့ ဆိုင်က သားသားနားနား မဟုတ် ..၊ ကားအကောင်းစားနဲ့ လာပြီး လှလှပပ မိန်းကလေးသုံးယောက် ဆိုင်ထဲဝင်သွားတာကြောင့် ဆိုင်ထဲရှိလူတွေက အံ့သြနေပါသည်။

ဆိုင်ထဲဝင်တော့ ရုတ်ရုတ်သဲသဲ ဖြစ်နေပါသည်။

"ဟဲ့ .. ဘာဖြစ်တာလဲ .."

"ဟာ .. မိုးထက် .."

ငနေ့ ကို ဟိုကောင်တွေက ဆွဲထားပါတယ်။ အရက်သမား တစ်ယောက်နှစ်ယောက်ကလည်း သူတို့လူလို့ထင်နေရတဲ့ မူးနေတဲ့လူ ကို ဆွဲထားပါသည်။ ကြားထဲမှာ ခေါင်းတကုတ်ကုတ်နဲ့ ဆိုင်ပိုင်ရှင် က သူမကို ရှင်းပြပါသည်။

"ဒီကောင်လေးက ဆိုင်ထဲဝင်လာပြီး အရက်တစ်စိတ် မှာတယ်၊ အမြည်းတွေလဲ မှာတယ် .. ပြီးတော့ ဆိုင်ကကောင်လေးကို လက်ဖက်





ရည်တစ်ခွက် မှာခိုင်းပြီး အရက်ကို လုံးဝမထိဘဲ အမြည်းနဲ့လက်ဖက် ရည်ပဲသောက်နေတော့ ဘေးဝိုင်းက ဒီလူက အရက်ဆိုင်မှာ လက်ဖက် ရည်လာသောက်တာ အရက်သမားတွေကို စော်ကားတာပဲဆိုပြီး ပြဿနာတက်ကြတာ သမီးရေ .."

"ဝုတ်တယ် .. ဒါ ရော်ကားတယ် .."

ဟိုလူက စကားတောင် မပီရှာတော့ပါ။ အဲဒီအချိန်မှာ ငနေ ကလည်း ပြန်ပြောပါတယ်။

"ကျွန်တော်ပြောသားပဲ .. ကျွန်တော် မူးချင်တယ် .. ဒါပေမယ့် ကျွန်တော့်ရည်းစားက အသည်းကွဲရင် အရက်မသောက်ရဘူးဆိုလို့ အရက်နံ့ရှူပြီး လက်ဖက်ရည်သောက်ပြီး လာမူးတာ ဘာဖြစ်လဲ .."

ငနေ့ စကားကြောင့် ဟိုကောင်တွေ တခွီးခွီး ..၊ မိုးထက် တောင် ရယ်ချင်သွားပါသည်။ ဒီကောင်က ပေါက်ပေါက်ရှာရှာကောင် ..၊

"ဟုတ်တယ် .. ကျွန်မ ပြောထားလို့ပါ ..၊ ကဲ .. ဘယ်လောက်ကျ သဲ .. ဟိုအစ်ကိုကြီးတွေလဲ တောင်းပန်ပါတယ် ..၊ အစ်ကိုကြီးတို့ ဝိုင်းအတွက်ပါ ထည့်ပေါင်းလိုက် .."

မိုးထက် စကားကြောင့် ဟိုဘက်ဝိုင်းကလူတွေက အတွေ့နပ်ကြီး



www.burmeseclassic.com

ကျေနပ်သွားကြပါသည်။ ပိုက်ဆံရှင်းပေးပြီး ထွက်လာတော့ သူမက စပြီး ငနေ့ လက်ကို ဆုပ်ကိုင်တော့ ...

"နင် အားလုံး သိသွားပြီပေါ့ .."

"အင်း .. နင် ငါ့ကို စိတ်ဆိုးသေးလား .."

"စိတ်မဆိုးဘူး .. ထိပ်ထိုးချင်တာ .. ဟောဒီလို .."

ခပ်ဖွဖွလေး ထုတော့ သူမက ရယ်သည်။

"ကဲ .. အရာရာ အဆင်ပြေသွားပြီ .. ငါတို့ကို ပြုစုဖို့လုပ်တော့ကဲ .. နင်တို့နှစ်ယောက် နောက်က လိုက်ခဲ့ .. ငါတို့ သွားပြီ .."

မြင့်သူ တို့တစ်အုပ်စုကြီး အေးမင်းဇော် ကားပေါ် အလုအယက် ဝိုင်းတက်ကြပါသည်။ မိုးထက် ကားပေါ် သူ တက်တော့ မိုးထက်က စက်နှိုးတော့ ...

"မိုးထက် မမောင်းနဲ့ဦး .."

"ဘာဖြစ်လို့လဲ .."

"ငါ့ကို ပြောဦးလေ .."

"ဘာပြောရမှာလဲ .."

"ချစ်တယ် လို့ .."





"မပြောနိုင်ပေါင် .."

သူမက ညစ်ကျယ်ကျယ်မပြုံးနဲ့ လျှာတစ်လစ်ထုတ်ပြတော့ ကျွန်တော် အမြင်ကတ်ကတ်နဲ့ ဖက်နမ်းလိုက်တော့ ...

"ဟဲ့ .. ဟိုမှာ .."

"ဟိုက် .. မော်တော်ပီကယ် .."

မော်တော်ပီကယ်က ကားရှေ့ခေါင်းခန်းကနေ ပြူးတူးပြဲတဲကြီး ကြည့်နေပြီး သူတို့ဆီ လျှောက်လာကာ ...

"ပေး လိုင်စင် .."

"ဗျာ .. ဘာဖြစ်လို့လဲ .."

"လမ်းပေါ်မှာ လမ်းစည်းကမ်းကို ဖောက်ဖျက်လို့ .."

"ကျွန်တော်တို့ ကားမထွက်ရသေးဘူးလေ .."

"မရဘူး .. ကားပေါ်မှာ အမြင်မတော် ပွင့်ပွင့်လင်းလင်းကြီး နမ်းနေတယ် .. ပေး လိုင်စင် .."

မိုးထက် က ရှက်ကိုးရှက်ကန်းနဲ့ လိုင်စင် ထုတ်ပေးပါသည်။

"မောင်းတော့ မိုးထက် .."

"ဟဲ့ .. ဘယ်လဲ .."

www.burmeseclassic.com



"ချစ်စည်းကမ်းရှိတယ် .. ပန်းခြံထဲမှာ ..."

သူမက ရှက်ကိုးရှက်ကန်းနဲ့ရယ်ရင်း ကျွန်တော့်ရင်အုံကို လက်သီးဆုပ်နုနုနဲ့ ထုတော့ ကျွန်တော် လက်ဖဝါးတွေကိုဆွဲစုပြီး ရင်ခွင်ထဲ သိမ်းဖက်လိုက်တော့ ..၊

"ဟိုကောင်လေး .."

"ဟိုက် .. မော်တော်ပီကယ် .."

မြင်ကွင်းထဲမှာ မော်တော်ပီကယ်ရဲ့သားကြီးရဲ့ မျက်နှာက အပြည့်...။

ခိတ်ကျေနပ်နိုင်ကြပါစေ ...

ဒီနိုင်းခ



www.burmeseclassic.com